www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း - ၂၀၁၅ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀

တန်ဖိုး - (၁၀၀)ကျပ်

ထုတ်ဝေသူ - ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)၊
အမှတ်(၃၈)၊ မလွှကုန်းလမ်း
ကျောက်မြောင်း၊ တာမွေ။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ - ဦးသက်လွင်(၀၀၆၅၁)
သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ်(၁၀၆)၊
တာမွေလမ်း၊ တာမွေကြီး(တ+ဝ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - Lလင်း

ကွန်ပျူတာ - ပန်းအိမ်

ဖြန့်ချိရေး - ထူးထူး(သစ္စာမွန်)

အတွင်းသလင် - ကိုအောင်ကျော်

စာအုပ်ချုပ် - သစ္စာမွန်

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃

ရွှေဘဝင်

မာယာမင်းသမီးအချစ်/ရွှေဘဝင်၊-ရန်ကုန်,
သစ္စာမွန်စာပေ၊ ၂၀၁၅။

၂၀၀-စာ၊ ၁၂×၁၈ စင်တီ၊
(၁) မာယာမင်းသမီးအချစ်


www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

ညအမ်းတံခါးပေါက်တွေကို ဖွင့်ခဲ့ရသော သူမအိမ်လက်ရှောင်း တွေကိုကြည့်ရင်း ဘဝခါးခါးကြီးကို သူမ စိတ်ပျက်နေလေပြီ။

ဘဝင်... ညရင်ခွင်ထဲမှာ မာယာတွေနှင့် ဖျော့ကစားသော ဘဝကိုပြီးဆွေးနေသည်မှာအမှန်ပင်ဖြစ်သော်လည်း အနိတီစင်မာသွယ် ၏မပြီးပြတ်သော ညအတင်လမ်းတွေကို သူဆက်ပြီး ကစပေးနေရသော ကြောင့်မလုပ်ချင်လည်း လုပ်ကိုင်ပေးနေရသည်။

---

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘဝင် ဘအာစတွေ တွေးနေတာလဲ၊ လာလေ လက်ဖက်သုပ် တားရအောင်၊ ဒီနေ့ အမြင်ထွက်ရမယ့် ကိစ္စ မရှိဘူးမဟုတ်လား"

"မရှိပါဘူး အန်တီသွယ်၊ ရှိလည်း မထွက်ချင်တော့ဘူး"

"သမီး...ဘဝင်"

"ပြောပါ အန်တီသွယ်"

အန်တီသွယ် သူမမျက်နှာကိုသေချာစွာစိုက်ကြည့်ပြီးနောက်

"သမီးစိတ်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ အန်တီသွယ် သိပါတယ်၊ သမီးညာဏသာဘကြီးကို စိတ်ပျက်နေပြီမဟုတ်လား"

BURMESE CLASSIC

"သမီးမညာချင်ဘူး အန်တီသွယ်...၊ ရှုတ်နှံ့ထဲကလူတွေနဲ့ ကစား ရတဲ့ဇာတ်လမ်းတွေကို ဆက်ပြီးမကချင်တော့ဘူး...၊ သမီး တို့မှာစုမိတောင်းမိတဲ့ငွေလေးနဲ့ တစ်ခုခု လုပ်ကိုင်စားသောက် ချင်ပြီ"

"သမီးသိပ်ပြီးဖြစ်ချင်တဲ့ ထွေးတွေပြည့်စေချင်ပါ၊ အန်တီသွယ် လည်း စဉ်းစားထားပြီးသားပါ"

"ဟင်....တကယ်ပြောတာလားအန်တီသွယ်"

"တကယ်ပေါ့ စတော့မဟုတ်သေးဘူးသမီး၊ စုတာင်းပြီးရင် အန်တီသွယ့်ရောသမီးပါကောင်းမွန်တဲ့ဘဝလေးတောင်းဖို့ နေကြတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ဒါနောက်ဆုံးပွဲလို့ သမီးသတ်မှတ်လိုက်ပါ..."

အန့်တီသွယ်တစ်ယောက်ဘယ်လိုသားကောင်တွေကိုထပ်ပြီးတွေ့ခဲ့ပြန်ပြီလဲဆိုသည်ကို မသိ....။

"သမီး ဒီဓါတ်ပုံကိုကြည့်"

"ဟယ်"

သူမဘဝတွင် တကယ့်ရင်ဖိုစရာကောင်းသော အမျိုးသားတစ်ဦးဟု ဆိုရမလား။ မျက်လုံး၊ နှာတံ၊ ပါးစပ်နှင့် ထူးကဲလှသော မျက်နှာကြီးတွေကြောင့် ယောကျာ်းအားမာန်အပြည့်ရှိနေသူ တစ်ဦးပင်။

"သူ့အမည်က မဂျိုင်မြင့်မြတ်"

အမည်နှင့်လူက လွန်စွာလိုက်ဖက်လှသည်။

မြန်မာပြည်မှာ ထိပ်တန်းကြွယ်ဝသူတစ်ဦးပဲ"

ဘဝင်...ထိုလူကို လူတွေလို မာယာတွေနှင့်လှည့်စားရမည်ကို စိတ်ထဲမှာ အားနာနေမိသလို... ခံစားမိ၏။

"သမီးက ထုံးစံအတိုင်း သရုပ်ဆောင်ရမှာ မဟုတ်လား"

"သမီး ...ဒီသမီးလုပ်ရမယ့်ကိစ္စဟာ အရင်လူတွေလိုမဟုတ်ဘူး ပြီးတော့မဂျိုင်မြင့်မြတ်ဆိုတဲ့လူဟာ ရှုတ်ခဲ့ကျေးကျွန် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ရှင်"

ဘင်ဝဓဆော့ကစားခဲ့တဲ့သူတွေက ရှေ့က်ဖ်သားကောင်တွေ၊ စုမတ္တိုင်မြင့်မြတ်ကျဓတော့ ဒီလိုမဟုတ်ဘူးဆိုတော့...။

"အရမ်းပိပိရိရိနဲ့ သူ့ဘဝထဲကိုဝင်ရမှာ..."

"အန်တီသွယ်...ခြစ်ပုံမလား..."

"ခြစ်အောင်စီစဉ်ရမှာပဲ သမီး၊ သူ့ရဲ့လိုအပ်နေတဲ့ နေရာကနေ ဝင်ရမှာဆိုတော့...သမီးဘက်ကပြင်ဆင်စရာတွေကိုကြိုပြီးပြင်ဆင်ရမယ်"

"သူ့ရဲ့လိုအပ်ချက်ဆိုတာ ဘာလဲ"

"သူ့မိခင်ကြီးအတွက်စိတ်ချရတဲ့သူနာပြုဆရာမတစ်ယောက် လိုအပ်နေတယ်"

"သမီးသူနာပြုအတတ်မှ မတတ်တာ ဘယ်လိုလုပ်မလဲ"

"သမီးဘဝင်ရယ် သင်ယူရမှာပေါ့...၊ ဒါတွေအန်တီသွယ်စီစဉ်ပေးပါ့မယ်"

"အန်တီသွယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးဘာမေးချင်လဲမေးလေ"

"သမီးလုပ်ကိုင်ရမယ့်၊ နောက်ဆုံးပစ်မှတ်က ဘာလဲ"

"မဂ္ဂိုဟ်မြင့်မြတ်နဲ့ဇနီးသည်ဘဝထိရောက်အောင်သွားရမယ်"

"ရှင်"

"တရားဝင်ဇနီးအဆင့်ထိမရောက်ခဲ့ရင်တောင်မဂ္ဂိုဟ်မြင့်မြတ် တစ်ယောက် ပြင်းလို့မရတဲ့ ဇနီးအဖြစ်ကိုရောက်မှ ငွေကြေးနဲ့အပေး အယူလုပ်ရမယ်၊ သမီးဘဝင်... အန်တီသွယ်ပြောတာကို သဘော ပေါက်မှာပါ"

"ဟုတ်ကဲ့... ပေါက်ပါတယ်"

ဘဝင်ရင်တစ်ရလုံး လေးလံသွားသလိုပင်၊ ဘာကြောင့်များ အန်တီသွယ်... မဂ္ဂိုဟ်မြင့်မြတ်ကို သားကောင်အဖြစ်ရွေးချယ်ခဲ့ရတာ လဲမသိ...။

"အန်တီသွယ် သူ့နားကိုသမီး ဒီဘဝနဲ့ဝင်ဖို့အတွက် လမ်း ကြောင်းက ကောင်းပါ့မလား"

"ဘာမှမပူနဲ့ သမီးဘဝင်၊ သမီးဘက်ကသာ အန်တီသွယ်ပြင် ဆင်ခိုင်းသလိုသာလုပ်...။ ကျန်တာတွေအားလုံး အန်တီသွယ်တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထား..."

အန်တီဘွယ်ရှိ၏ စိမ်းမှုတွေပေါ်မှာတော့ ဘဝင်သုံကြည်ပြီးသား။ အန်တီဘွယ်က စိတ်ညှိပြီဆိုရင် မပြီးပြင်တာမရှိပေ...။

"ပထမဦးဆုံး သမီးဘဝင်သင်တန်းပြီးတာနဲ့ ဆေးရုံတစ်ခုမှာ အလုပ်ဝင်ပြီး လုပ်ရမယ်၊ ဒီဆေးရုံက ဆရာဝန်ဟာ မလွှိုင်မိစင်ကြီး ရဲ့မိသားစု ဆရာဝန်တစ်ဦး။ ရှသွဲ့ဆေးခန်းက သူ့နာပြုတစ်ယောက်ကို ဖိတ်ထားတော့ သိပ်ပြီးအဆင်မပြေဘူး...၊ အဆင်မပြေရခြင်းအကြောင်းက မလွှိုင်မြင့်မြတ်မိစင်ကြီးက လူသိပ်ပြီးဖျေးတာလေ၊ သူ့ဆီမှာ တစ်လထက်ပိုပြီးမြဲတဲ့သူ မရှိဘူး"

"သမီးနဲ့ရော အဆင်ပြေပါ့မလား"

"ဒီအပိုင်းက သမီးဘဝင်ရဲ့ အားစိုက်မှုပေါ်မှာ မူတည်တယ်"

"ဟုတ်..."

ဘဝင်အတွက်ရင်ဖိုစွယ်ကောင်းသော ပွဲတစ်ပွဲဖြစ်နေလေပြီ။

"အန်တီဘွယ်ယုံကြည်ပါတယ်၊ သမီးဘဝင်မှာ ပစ္စလာက် မာယာတွေဟာ သူများတွေထက် ထူးချွန်တဲ့ပါရမီပါတယ်လေ..."

အန်တီဘွယ်ကို ဘဝင်မငြင်းရှင်ပါ။ တခြားသူတွေရှည်းကာမ်

www.burmeseclassic.com



နှိမ့်ရသောရှုပ်မှုလိုကြိုးတွေကိုဘဝင်ကသားကောင်းအသွင်လှုပ်ခဲ့သည်မှာ မနည်းတော့ပေ၊ ဒါပေမယ့် ရုပ်မှာတော့ ဘဝင်ကိုယ်တိုင်ထိတ်လန့်တုန်လှုပ်မိနေသည်မှာ အမှန်ဆိုရမည်၊

"ကြိုးစားလိုက်ပါ သမီးဘဝင်"

အန်တီသွယ် ဘဝင်ပခုံးလေးကိုပုတ်ပြီး အားပေးစကားပြောသည်ကို အပြုံးလေးနှင့်ခေါင်းညိတ်လိုက်ပေမယ့် အပြုံးလေးတို့သည် ဝတ်ရည်စမ်းခြောက်သည့်ပန်းကလေးလိုပင်...ဖြစ်နေမလားမသိ...၊

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ဘဝင်နှင့်သာတစ်ယောက်သူ့မလုံးဝဓါသနာမပါသော သူ့နာမြို ပညာ့အတွက် သင်တန်းတက်နေရခြင်းကြောင့် စိတ်ပျက်ခြင်းများစွာ ကို ခံစားနေရသည်။

ဒါပေမယ့် ယခုပွဲသည်ဘဝင်အတွက် ဘဝတစ်ခုကိုပြောင်း လဲနိုင်ရေး အတွက် နောက်ဆုံးဖြစ်သဖြင့် ကြိတ်မှိတ်ပြီးကြိုးစားနေရ သည်။ ဘဝင်မာယာဖြင့်စားသောက်နေရသည့် ဘဝကိုငြီးငွေ့နေပြီဖြစ် မယ်သူ့မဘဝအတွက် တတ်ကျွမ်းသည်မှာ ဒါပဲရှိသည်။ ဘဝင်အတွက် မိဘနှစ်ပါးမှာ သူမငယ်စဉ်ကတည်းက ကျောနိုင်းတွက်ရှာသွားပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အနိတ်သွယ်ဆိုသည့်မှာဘဝင်နှင့်ဘာမှ ဆွေမျိုးတော်စပ်သူ မဟုတ်၊ ဘဝင်အမေ၏ ညီမအိမ်မှာနေပြီး အနှိမ်စံ အပါယ်စံဘဝကို ခါးခါးသီးသီးရင်ဆိုင်ရင်း အနိတ်သွယ်နှင့်တွေ့ဆုံခဲ့ကြတာဖြစ်သည်။

အမေ့ညီမ၏စာနာမှုကင်းမဲ့သည့်အောက်မှာဘဝသည်နာကျင်ခြင်းနှင့် ပြည့်နက်ခဲ့သဖြင့် ဘဝင်စိတ်နာခဲ့သည်။ ဒါကြောင့် အနိတ်သွယ်ဘဝ ထဲကို ခုန်ကူးပြီးမာယာဘဝနှင့် ဖြတ်သန်းခဲ့ရခြင်းပင်။

ထိုပညာရပ်တွေကိုဘဝင်အနိတ်သွယ်ထံမှ သင်ယူခဲ့သူဖြစ် ရား အနိတ်သွယ်က အသက်(၂၅)နှစ်တွင်အိမ်ထောင်ပျက်ပြီးတစ်ကိုယ် တည်းကျင်လည်နေသူ ဘဝင်နှင့်ဆုံမှ နှစ်ယောက်ဘဝတစ်ရပ်ဖြစ်ခဲ့သူ ဘဝင်အနိတ်သွယ်ထံကိုရောက်စကအသက်(၁၆)နှစ်အပျိုဘော်ဝင်စ အရွယ်ပင်ရှိသေးသည်။ အနိတ်သွယ်က အသက်(၃၀)ဝန်ကျင်နား သို့ရောက်ပေမယ့်အနိတ်သွယ်အလှက ရှိနေတုန်းပင်။

ဘဝင်ကို တက္ကသိုလ်မှဘွဲ့ရသည်အထိ အနိတ်သွယ်ဘာမှ ငြိုင်းစေခြင်းမရှိဘဲ၊ ဘွဲ့ရပြီးချိန်တွင် အနိတ်သွယ်ဘဝကျရှိန်ရောက်၍ အနိတ်သွယ့်အမွေကိုဆက်ခံပြီးမာယာလောကထဲကို ရောက်ရှိရသူ၊



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်လှုပကြောရှင်းသည့် ကိုယ်ရှော့စလေးဖြစ်အောင် အန်တီဘွယ်၏ လေ့ကျင့်ပျိုးထောင်ပေးမှု ဆိုရင်မှားပေးယောကျ်ားတစ်ယောက်ကို ညွှတ်ကွင်းထဲသို့ ရောက်ရှိနိုင်သည့် အလှတရားတို့ကို ဘဝင်မိုင်ဆိုင် ထားသဖြင့် အန်တီဘွယ် လေ့ကျင့်ပေးသော အကွက်ထဲမှာ လှလှပပ လေးကစုန်ပြီး ဘဝင်တို့နှစ်ယောက်မှာ စုလို လူတစ်လုံး သူတစ်လုံး နေနိုင်ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟယ်တော့သွားပြီ"

"ဂျဲ"

"ဝုန်း"

"ရှမ်း"

ဘဝင်စတိုးဆိုင်တစ်ခုရှေ့တွင်ဝယ်ယူစရာလေးရှိ၍ကားကို ရပ် လိုက်စဥ် ရှေ့တွင် ရပ်ထားသော သိန်းတထောင်ရှိပြီးတန်သည့် (   ) ကားကိုနောက်မှဝင်ပြီးတိုက်လေတော့သည်။ဒီကားလေးသို့ အနံ့တီသွယ်နှင့်သူခြစ်ကုတ်ငွေစုပြီးဝယ်ထားခြင်းဖြစ်သည်။

---

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားမရေ..."

ဘဝင်ကားအောက်ကိုဆင်းပြီးကားနောက်တွင်ကပ်ကြွနေသော မီးလုံးတွေကိုကြည့်ကာ ဘုရားပင်တ,မိတော့သည်။ ဒီလိုကားမျိုးဆီက ပစ္စည်းတွေကို ပြန်ပြီးလျော်ကြေးပေးရရင် ငွေကသိန်းနဲ့ချီပေးရမှာ စလောလော ဆယ်ဘဝင်နှင့်အန်တီသွယ်ဆီမှာ ငွေကသိပ်ပြီးမရှိကြတော့ပေ...။ အန်တီသွယ်လုပ်ငန်းရှုံးသည်ကြောင့် ငွေကြေးအခက်အခဲနှင့် ကြုံနေရသည့်အချိန် ကားပိုင်ရှင်နှင့် လျော်ကြေးကိစ္စပြောရင် ဘဝင်ဘယ်လိုဖြေရှင်းရမှန်းမသိပေ။

"မင်းဒါဘာလုပ်တာလဲ"

"ဟင်"

အသက်ကြီးကြီးနှင့်အသားညိုညိုလူတစ်ယောက် ဘဝင့်ကိုမျက်မှောင်နီကြီးကြုံ့ကြည့်ကာ မေးလေသည်။

"ဟို...ဟို... ကျွန်မကားက ဘရိတ်သိပ်ပြီးမကောင်းလို့"

"မင်းကား ဘရိတ်မကောင်းတာကို ငါက လိုက်ပြီးပြင်ပေးရဦးမှာလား"

"မ...မဟုတ်ပါဘူး။ ဒါကြောင့် ဒီလိုဖြစ်သွားတာပါ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီမီးလုံးတန်ဖိုး ဘယ်လောက်ရှိတယ် သိလား"

"မသိပါဘူး"

ဘဝင့်ဘက်က မှားနေသောကြောင့် ထိုလူကြီးစကားကို တော်တော်လေးသည်းခံပြီး ချက်နှာဝယ်လေးဖြင့် ပြောနေရပေမယ့် စိတ်ထဲမှာ အမှန်တောင်ခြရှင်နေမိသည်။

"မင်း လျော်ပေးရိုးပြင်ထား"

"ရှင်…ဘယ်လောက် လျော်ပေးရမှာလဲ ဦးလေး"

"အနည်းဆုံး (၁၀) သိန်းဝန်းကျင်ပဲ"

"ရှင်…ဆယ်သိန်း"

"ဟုတ်တယ်"

ဘဝင် လျော်ပေးနိုင်ဖို့ဆိုသည်မှာမလွယ်။ ခုစီးနေသည့် ကားကို ရောင်းရင်ရောင်း၊ မရောင်းရင် ပေါင်ပြီး လျော်ဖို့ပဲရှိသည်။

"မများဘူးလား ဦးလေးရယ်"

"မင်း ဈေးမဆစ်နဲ့၊ မလျော်နိုင်ရင် ဆိုင်ရာကရှင်း"

"ကျွန်မ ခုလျော်ဖို့ မပါပါဘူး"

"မင်းကားကို ထားခဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ကြီးတော့ မလိုအပ်တာပဲ၊ ကားလိုင်စင်နဲ့ လိုင်စင်တာ ကိုယူထားပါ၊ ကျွန်မ လာပြီးလျှော်ပေးမယ်"

"မင်း လိုင်စင်နဲ့လိုင်စင်တာလောက်က စုဆောင်းမှာ ယုံကြည်ရတဲ့ အဆင့်မရှိဘူး"

"ဦးလေးဘက်က သိပ်ပြီး အလွန်မဆန်ပါနဲ့"

ဘဝင်သည်းခံပြီးပြောနေခြင်းပေါ်မှာ စိတ်မရှည်တော့ပေ၊

ဘဝင်ဘက်မှ ဒေါသသံလေးပေါ်လာသည့် အခြေအနေကို ရောက်နေလေပြီ။

"မင်းအသံက မာလှချည်လား၊ မင်းမှားတဲ့ဟာနော်"

"ကျွန်မဘက်က မှားလို့ ဒီလောက်ထိ သည်းခံပြီးပြောနေ တာပေါ့.."

"မင်းကို သက်ဆိုင်ရာကပဲ စကားပြောမယ်"

"ဦးလေးကြိုက်သလိုလုပ်၊ သွားမယ်"

"မင်း..မသွားနဲ့"

"ဦးလေး..လက်ကိုလွှတ်ပါ၊ နောက်မှကျွန်မ အဆိုးဆိုနဲ့ နော်"



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်လက်မောင်းခွဲကိုင်ထားသဖြင့် ပုတ်ရုရင်းပြောလိုက်သည်။

"မင်းခေါင်…ဘာဖြစ်နေတာလဲ"

"ဟာ…ဆရာ"

"ဟင်…"

ဘဝင် နောက်မှထွက်ပေါ်လာသောအသံကြောင့် ကြည့်မိတော့ ဘဝင် မဟာန့်နိုင်အောင်ဖြစ်သွားသည်။

အသံရှင်မှာ မင်္ဂလာမြို့ကြောင့်ပင်

ဘဝင်ခေတ်ပုံထဲတွင် တွေ့ဘူးခဲ့ပေမယ့် အပြင်တွင်ခုလိုတွေ့လိုက်တော့တကယ့်ချောမောလှသောယောက်ျားတစ်ယောက်ရဲ့မျက်နှာပိုင်ရှင်ဖြစ်နေလေသည်။

"ဆရာ့ကားကို မိန်းကလေး ဝင်တိုက်လို့"

"ဟုတ်လား…ဘာဖြစ်သွားလို့လဲ"

"နောက်မီးလုံးတွေကွဲသွားတယ်"

"မိန်းကလေးမင်းတမင် ဝင်တိုက်တာလား"

"တမင်ဝင်တိုက်ရအောင် ကျွန်မနဲ့ဘာရန်ငြိုးမှ မရှိဘာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလျှော်ကြေးပေးနိုင်လား"

"ကျွန်မ အရိုးဆုံးပြောရရင် ဦးလေးကြီးပြောတဲ့ငွေလောက်ထိ မလျှော်နိုင်ပါဘူး။ ခုစီးလာတဲ့တားက သူငယ်ချင်းတစ်ယောက်ဆီက ကောယူပြီးစီးလာတာပါ။ မဖြစ်မနေ လျှော်ရမယ်ဆိုရင်တော့ အဖမ်းခံဖို့ပဲရှိပါတယ်"

"မင်းတမင်ဝင်တိုက်တာမဟုတ်ရင် လျှော်မနေနဲ့"

"ရှင်..."

"သေရော..."

"မင်းခေါင်...မင်းပါးစပ်ပိတ်ပြီး တားကိုမီးလုံးဝယ်တပ်လိုက်၊ မိန်းကလေး မင်းသွားနိုင်ပါပြီ"

"ဟုတ်ကဲ့"

မဣုကိုင်မြင့်မြတ်၏ ရှမ်းသောမှုကို ဘဝင် လက်တွေ့တွေ့မြင်လိုက်ရပြီဖြစ်သည်။

အလွန်ကိုတိုက်ဆိုင်သည့် ဆုံစည်းမှုလေးတစ်ခုပင်ဖြစ်ရမည်။ အနိတိသွယ်ကိုသာ ပြောပြရင် ယုံမည်မဟုတ်။ မဣုကိုင်မြင့်မြတ်ဆိုသူကို ဘဝင် မာယာပန်းရုံလေးတစ်ခုကိုတောင် ထိုးလိုက်လေပြီ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

ဘဝင်စတိုးဆိုင်ထဲကို မဝင်တော့ဘဲကားပေါ်သို့ပြန်တက်ပြီး မောင်းထွက်ခဲ့ပေမယ့် ရင်တွေဘာကြောင့်တုန်ယင်နေတယ်ဆိုသည် ကို အဖြေရှာမရ။

ဖြိုး ငြိမ်း ဖြိုး



www.burmeseclassic.com

www.burmeseclassic.com

ဘဝင်....ဆေးရုံကြီး၏...အစေ့ခွေစွေကုလှေနာဆောင်ဘက်သို့ ဝင်လာရင်း သူငယ်ချင်းဖြစ်သူ နုနုကိုရှာဖွေလေသည်။

"ဟော့...ဘဝင်"

"နုနု"

စုတင်ဘေးတွင် ထိုင်နေသော နုနုလှမ်းပြီးခေါ်လိုက်သော ကြောင့် ဘဝင်အနားတွင်ဝင်ထိုင်လိုက်ပြီး စုတင်မပါ်မှ နုနုမိခင်ကို ကြည့်မိလိုက်သည်။

"ဘာရောဂါလည်းနုနု"

"အစာအိမ်ဖြစ်တာပါ...၊ ခွဲရမယ်လို့တော့ ဆရာဝန်ကြီးက ပြောတယ် ဘဝင်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

နနုမျက်နှာလေးမှာ ညှိုးရော်သန်ပြီး နွမ်းနေသော မျက်နှာ

အသွင်အပြင် လေးကြောင့် ဘဝင်ရင်ထဲမှာမကောင်းနဲ့ပေ၊

ဘဝင်နှင့်နနုကအထက်တန်းကျောင်းသူတွေဘဝမှတက္ကသိုလ်

ဆီသာသာတူတက်ခဲ့ကြသောသူငယ်ချင်းတွေဖြစ်ကြသည်၊

တစ်ယောက်ပေါ်တစ်ယောက် သံယောဇဉ်ကြီးကြသည်၊

ကျောင်းပြီး၍အပြင်ကိုရောက်ခဲ့တာတောင် အတွဲကမပျက်

ပေ၊ နနုကတော့ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ပေမယ့် တစ်ပတ်

ပါတော့ နှစ်ယောက်သားတွေ့ဖြစ်ခဲ့သည်၊ ဒါပေမဲ့နနုမသိသော ကိစ္စ

တော့ ဘဝင်၏နောက်ကွယ်ပုံရိပ်တွေပင်ဖြစ်သည်၊

"နနု"

"ဘာလဲဘဝင်"

"နင့်ကိုကြည့်ရတာ တစ်ခုခုခံစားနေရသလိုပဲ"

"အမေခွဲစိတ်ရမယ်ဆိုတော့ စိတ်ထဲမှာ မကောင်းဖြစ်နေ

တာပါ၊ ဘဝင်ရာ"

"နင့်မျက်နှာမှာက ဒီလိုခံစားချက်မျိုးမဟုတ်ဘူး၊ တခြား ခံ


www.burmeseclassic.com

www.burmeseclassic.com



စားရောက်တစ်ခုငါတွေ့နေရတယ်"

တစ်ယောက်နှင့်တစ်ယောက် တွဲခဲ့ကြသော နှစ်တွေက မနည်းတော့တစ်ယောက်ခံစားချက်ကိုတစ်ယောက်က သိနေခဲ့သည် မှာ မဆန်းပေ။

"မမ.."

"ဪ..အငယ်ကောင်လာ.."

ထမင်းချိုင့်လေးဆွဲပြီးဝင်လာသော နုနုမောင်လေးရောက် လာပြီဖြစ်သဖြင့်

"နုနု...နှင်းနဲ့ငါအောက်မှာ စကားသွားပြီးပြောကြရအောင်"

"အင်း... အငယ်ကောင် မမတို့အောက်ကလာထင်းမယ်အရေး ကြီးရင်လာပြီးခေါ်ကြားလား"

"ဟုတ်ကဲ့မမ"

ဘဝင်နဲ့နုနုစဆေးရုံအောက်ထပ်သို့ ဆင်းခဲ့ကြလေသည်။ အောက်ထပ် ထိုင်ခုလေးတွင် ထိုင်ကြရင်း

"နုနုနှင်းနဲ့ငါ့ကြားမှာ ဖုံးကွယ်စရာဘာမှမရှိဘူးနော်"

"ဟုတ်ပါတယ် ဘဝင်ရာ ငါ့အမေရောဂါအတွက် စွဲစိတ်ဖို့ငွေ



www.burmeseclassic.com

www.burmeseclassic.com



အစက်အစဲ ဖြစ်နေတာယ်ဟာ"

"နင့်ကုမ္ပဏီက အကူအညီမရဘူးလား"

"ငါ့ကုမ္ပဏီက အထုတ်ခံလိုက်ရပြီဘဝင်"

"ဟယ်...ဘာဖြစ်လို့လဲ"

"အဖြစ်က သိပ်ပြီးကြီးကျယ်တဲ့အဖြစ်မဟုတ်ပါဘူး။ ကုမ္ပဏီ တက်ရှိန်လေး နာရီဝက်လောက်နောက်ကျသွားတာကို ရှုံမယ်ဖွဲ့ပြီး ထုတ်ပစ်လိုက်တာပဲ"

"ဒါတော့ သိပ်ကို လွန်လွန်းပါတယ်"

"လွန်ပေမယ့် သူက မန်နေဂျာဆိုတော့ ငါ့ဘက်က ဘာတတ်နိုင်မှာလဲ ဘဝင်ရယ်၊ နောက်ကျရတဲ့နေ့က အမေ ဗိုက်အောင့်နေတာကို ဆေးခန်းလိုက်ပို့လို့နောက်ကျခဲ့တာ"

"ဒါကို နင်မပြောပြဘူးလား"

"ပြောပြပါတယ်၊ မရပါဘူး။ စည်းကမ်းဖိုင်းကို ဘယ်လို အကြောင်းပြချက်နဲ့မှ အလျှော့မပေးဘူးဆိုတဲ့ လေသံနဲ့ ငါ့ကို အလုပ် ထုတ်ပစ်ခဲ့တာပဲ ဘဝင်"

"လူလူချင်း စာနာစိတ်ကင်းမဲ့လိုက်တာ၊ မန်နေဂျာက



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီပိုင်ရှင်လား"

"မဟုတ်ဘူး၊ ဆိုစပါမယ့်နောက်တစ်ချိန်တော့ ဟုတ်ချင်ဟုတ်နိုင်တယ်"

"နင့်စကားက ဘယ်လိုအဓိပ္ပာယ်လဲ"

"ကုမ္ပဏီပိုင်ရှင်သူဌေးနဲ့ ချစ်သူတွေလေ"

"ဪ..."

"ဒါကြောင့် ကုမ္ပဏီမှာ သူက ထင်တိုင်းခြယ်လှယ်နေတာပဲ၊ သူဌေးက ကုမ္ပဏီကို တစ်နှစ်နေလို့ တစ်ခါတောင်မလာဘူး။ အလုပ်သမားတွေ ဘယ်လိုစံစားနေရတယ်၊ ကြုံနေရတယ်ဆိုတာ သူဌေးမသိနိုင်တော့ သူက ထင်တိုင်းကြဲနေတာပဲ၊ ရုပ်ကလေး ချောသလောက် စိတ်ဓာတ်ကညံ့တယ်၊ သူ့ကိုယ်သူ ပကာသန မင်းသမီးလို့ သတ်မှတ်ထားတာ၊ ငါတို့အလုပ်သမားတွေကို မတူမတန်သလိုပဲ ဆက်ဆံတာ"

"အင်း...လောကကြီးမှာ စာနာမှုကင်းမဲ့တဲ့ လူတွေရှိမ်းဘာ နေသရွေ့နှိမ်းပါးတဲ့လူတန်းစားတွေရဲ့ဘဝကတော့ အနိုင်ကျင့်ခံနေရမှာပဲဟာ၊ ဒါတွေထက်ပြီး ပြောမနေနဲ့၊ နန... နားထဲကြားရတာ အော်



www.burmeseclassic.com

www.burmeseclassic.com



တလီ ဆန်တယ်၊ ရော့....ငွေ (၂) သိန်း"

"ဟင်...ဘဝင်"

"နင်ဘာစကားမှမပြောမနေနဲ့တော့၊ ပါတတ်နိုင်တာကိုကူညီတာ"

"ဘဝင့်ရယ်၊ နင်က ငါ့အပေါ်မှာ ကျောင်းတက်ကတည်းက ကောင်းခဲ့တဲ့ သူငယ်ချင်းကောင်းပါဟာ"

"နင့်ရင်ထဲမှာ သူငယ်ချင်း၊ သံယောဇဉ်လေး ရှိမှာနေရင်ပဲ ဒါတော့နင်ပါပြီ"

"နင့်လို သူငယ်ချင်းမျိုးကို တန်ဖိုးမထားရင် ငါ့လောက် မိုက်တဲ့သူ ရှိပါဦးမလား၊ ဒါနဲ့ နင့် သူနာပြုသင်တန်းကရော"

"ရှေ့အပတ်ဆိုရင် ပြီးပါပြီ"

"နင်ရှိ ဘာစိတ်ကူးပေါက်ပြီးတက်ရတာလဲဟာ"

"အန်တီဘွယ်က တံခြားအလုပ်တွေလုပ်မယ့်အတူတူ သူနာပြုလုပ်ရမယ်တဲ့လေ"

"အန်တီဘွယ်ရော...ကျန်းမာရေးကောင်းရဲ့လား"

"ကောင်းတာမှ ခေါင်ခေါင်ကိုပြည်နေတာပဲ၊ နင့်ဆီကိုလာ လိုက်မယ်၊ ငါနဲ့အတူတူတူလာဖို့အပြင်ကိုခွလေးပေါ်လာပြီးထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်"

နုနုအိမ်ကိုဘဝင်၊ဝမ်ထွက်စားသောက်သလို ဘဝင့်အိမ်ကိုလည်း နုနု ဝင်ထွက်စားသောက်ရုံကြသဖြင့် အန်တီသွယ်နှင့်စင်မင်နေသည်။

"ဒါနောက်မှတစ်ခေါက်လာခဲ့မယ်နုနု"

"အေးပါဟာ"

"ကိစ္စပေါ်ရင်လည်း ဖုန်းဆက်လိုက်နော်"

နုနုနှင့်အတူ ဧည့်ခံထဲမှထွက်လာကာ ရပ်ထားသည့်ကားဆီသို့ သွားမည်အပြု။

"နုနု... ခဏဦး"

"ဘာလဲဘဝင်..."

"မင်းမနက်ခနရှာနေမည်က ဘယ်သူလဲဟ"

"မဟာနွယ်ကောရီ"

"ဘာ..."

လောကကြီးသည်တိုက်ဆိုင်မှုတွေနှင့်ဖွဲ့စည်းထားသည်လို တောင်ထင်မှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မဣကိုင်မြင့်မြတ်၏ ချစ်သူဟာမဟာနွယ်စကာရိ ဖြစ်နေခြင်းကြောင့် ဘဝင်နင့်အားမြိုက်ရမည့်ယှဉ်ဘက်တစ်ဦးပင်။

"ဘာဖြစ်တာလဲဘဝင်"

"ဘာမှမဟုတ်ပါဘူး၊ နာမည်လေးကစိတ်ဝင်စားဖို့ကောင်းနေလို့ပါ၊ သွားပြီ"

ကားကိုခေးရုံထဲက မောင်းထွက်လာသည်အထိ ဘဝင်ရင်ထဲတွင် မဟာနွယ်စကာရိသည် အကြီးမားဆုံးရန်သူတစ်ဦးဟု သတ်မှတ်မိခဲ့သည်။

မဟာနွယ်စကာရိလက်ထဲမှ မဣကိုင်မြင့်မြတ်ကို လုယူရမည့်ကိစ္စဟာဘဝင်အတွက် အချိုမြိန်ဆုံးသစ်သီးတစ်လုံးကိုစားသောက်ရသလိုပင် ထင်မိလိုက်သည်။

သူငယ်ချင်းဖြစ်သူနန္ဒာ၏ စံစားမှုဇာက်ရာခွေက ဘဝင်ရင်ထဲတိုရောက်ရှိလာသလိုပင်…။



www.burmeseclassic.com

www.burmeseclassic.com

"သမီးတော မဂ္ဂိုင်မြှင့်မြတ်တို့ ရေးခဲ့ပြီပေါ့"

"ဟုတ်တယ် အန်တီဘွယ်၊ မဂ္ဂိုင်မြှင့်မြတ်တင်မဟုတ်ဘူး သူ့ရဲ့ချစ်သူရောလေး မဟာနွယ်တောရဲ့ သတင်းတို့တောင်ကြားခဲ့ရတယ်"

"သမီးဘဝင် ဘာတွေသိခဲ့လို့လဲ"

"မဟာနွယ်ဆိုတဲ့မိန်းမ နေ့ရက်မောက်ပြီး အခြေကြီးတဲ့ လူလူချင်းတနာမှုမရှိဘူးဆိုတဲ့ သတင်းပေါ့"

"ဖျောက်"



www.burmeseclassic.com

www.burmeseclassic.com



အန်တီသွယ်စီးကရက်ကိုဆေးလိပ်ခွက်ထဲမှာ ထိုးချေလိုက်ပြီးကျေနပ်ပုံနှင့် လက်ချောက်တီးလိုက်သည်။

"သမီးဒါဟာ သမီးအတွက် အကြီးမားဆုံးအခွင့်အရေးတစ်ခုပဲ"

"အန်တီသွယ်ပြောတာကို သမီးသဘောသာမပေါက်ဘူး"

"မဟာနွယ်ဟာ ရုပ်ရည်ပိုင်းသာ သမီးထက်သာပေမယ့် စိတ်ဓါတ်ပိုင်းမှာ သူ့ခဲ့ဦးခေကြောင့်နောက်ကောက်ကျမှာသေချာတယ်၊ ဘာကြောင့်လဲဆိုတော့ မဂ္ဂျှိုင်ဟာ စိတ်ရင်းစေတနာဖြူစင်တဲ့ ယောက်ျားတစ်ယောက်၊ သူ့ဘဝကို မြင့်မြတ်အောင်နေထိုင်တတ်တယ်"

"ဒီလိုကွာဟတဲ့လူနှစ်ယောက်က ဘာလို့ချစ်သူတွေဖြစ်ရတာလဲ အန်တီသွယ်"

"သူတို့နှစ်ယောက်ချစ်သူတွေဖြစ်ရတဲ့အဓိကအကြောင်းရင်းက နှစ်ဖက်မိဘတွေရဲ့ ရင်းနှီးမှုကြောင့်ပဲဆိုရမှာပေါ့...၊ ပြီးတော့ မဟာနွယ်ဟာ မဂ္ဂျှိုင်မြင့်မြတ်ရှေ့မှာ သိပ်နူးညံ့တဲ့သိုးမလေးအသွင်ဆောင်ပြီး နေပြတတ်တာ၊ အန်တီနဲ့ဘဝင်တို့က အလုပ်နှစ်ခုကိုတစ်ပြိုင်တည်းလုပ်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အလုပ်တွေလဲ"

"ပထမအလုပ်က မဂ္ဂိုင်မြို့ဖြတ်ဆီက တွယ်တာမှုကို သမီး ဘဝင်ကရစေအောင် ယူရင်း၊ ဒုတိယအလုပ်ကတော့ မဟာနွယ်ရဲ့အတိ ရုပ်ကို ဖော်ရမှာ"

"ဘဝင်မဂ္ဂိုင်နားကို ရောက်ဖို့ ကိုရေ အန်တီသွယ် စီစဉ်ပြီး ပြီလား"

"ဒီအတွက် ဘာမှမပူနဲ့ သမီး ဘက်တက်စွလေးတွေဖြတ် တာနဲ့ အဝင်တံခါးတွေကို အန်တီ ဖွင့်ထားပြီးသားပဲ"

"သမီး အပြင်ကို ခဏသွားဦးမယ်၊ အန်တီ မှာစရာရှိသေး လား"

"မရှိဘူး... ဒီနေ့တော့ အဖမ်းအဆီးရှိလို့ ပွဲစဉ်တွေ ခဏ ရပ် ဆိုင်းထားတယ်"

"သမီး ကားယူသွားမယ်နော်"

အန်တီ့ကို နှုတ်ဆက်ပြီး ဘဝင်အပြင်သို့ ထွက်လာသည်။

နန်းအဓမကြီးအတွက် အစားအသောက်တွေကို သွားပြီး ရှင်သောကြောင့် ထွက်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်အကြိုက်ဆုံးကော်ဖီဆိုင်တွင် ကော်ဖီဝင်သောက်ပြီး သွားမှာမို့ ကော်ဖီဆိုင်သို့အ ရင်လာခဲ့သည်။

ကော်ဖီဆိုင်ကဈေးကြီးပေမယ့် ဒီဆိုင်ကကော်ဖီလေးကို ခရမ်းကြိုက်သဖြင့် တစ်ပတ်တစ်ရက်လောက်တော့ သွားသောက် လေ့ရှိသည်။ တက္ကသိုလ်တက်စဉ်ကနှင့်မကြာခဏလာပြီးသောက် သော ဆိုင်ကလေးပင်ဖြစ်သည်။

ဆိုင်ရှေ့ကားပါကင်နေရာတွင် ကားတွေကပြည့်နေသော ကြောင့် ရပ်၍ရသည့်နေရာတွင် ကားကိုရပ်ပြီး ဆိုင်ထဲသို့ဝင်လာခဲ့ လိုက်၏။ ကော်ဖီသောက်ပြီး၍ နုနုမိခင်အတွက် စားစရာကိုပါဆယ် ထုပ်ယူပြီး အပြင်သို့ပြန်အထွက်၊

"တီ...တီ..."

"ဟင်"

ဘဝင့်ကားကို အမျိုးသမီးတစ်ဦးဟွန်းတီးနေသည်ကို တွေ့ လိုက်ရသည်။

"ရှင့်ဒါဘာလုပ်တာလဲ"

"ဒါမင်းကားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"မင်းနားမလည်ဘူးလား"

"ကျွန်မက ဘာကိုနားလည်ရမှာလဲ"

"စည်းမဲ့ကမ်းမဲ့ ရယ်ထားတာကိုပြောတာ"

"ဘာ့ ... ဒါကားရယ်တဲ့နေရာပဲ"

"မင်းကားရယ်တဲ့နေရာက ငါ့ကားရှေ့မှာ"

ဘဝင်ထိုအမျိုးသမီးမျက်နှာကို သေသေချာချာကြည့်မိသည်။ ရုပ်ရည်ပိုင်းမှာ အထက်တန်းလွှာက ဆိုသည်ကိုသူမကိုယ်တွင် ဝတ်စားထားသည်ကို မြင်တာနဲ့သိနိုင်ပေသည်။ ထို့အပြင် ဂုဏ်မောက်မာမည့်အနေအထား။

ဘဝင်တို့အတွက် ရလိုမျက်နှာပေါက်မျိုးဆိုရင် မြေစာပင်ဖြစ်နေပါစေနည်း နည်းလေးမှအလျှော့ပေးမှာ မဟုတ်။

"တမင်ရယ်တာမဟုတ်ဘူး ရယ်စရာနေရာမရှိလို့ရယ်ထားတာ ကောင်းကောင်းမွန်မွန်ပြောရင် ရပါတယ်"

"ဘာလဲမင်းကိုငါကစပြီးဆက်ဆံရမှာလား"

"ရှင့်ကားရှေ့မှာ ကားရယ်မိတာနဲ့ ရှင့်ကို ... ထောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ရမှာလား"

"မင်းစကားသံက မာလှချည်လား"

"ဒါကစတော့ တူညီတဲ့ပွဲတင်သံပဲ"

"တောက်.. ကားရုတ်စီးရလို့ပဲ"

"ရှင့်ကား ဘယ်လောက်တန်ဖိုးရှိရှိ ဘီးလေးဘီးထက် ပိုပြီး

ဓာင်းလို့မရပါဘူး ဘာကို အထင်ကြီးရမှာလဲ"

သူမဘက်က စိမ်ကြေညာမှုတော့ ဘဝင့်ဘက်က စိမ်ပြင်တာ

ဆာနီး

"နင်နဲ့ဇက်ပြီး စကားမပြောချင်ဘူး"

"ကျွန်မကလည်း ရှင့်လို ဘဝင်ရူးတွေနဲ့ ပိုတောင်စကား

ပြောချင်ဘူးဆိုတာယ့်"

"တောက်..."

ဘဝင် စကားလုံးကအစ အကြောမပေးသဖြင့် ထိုမိန်းမ

ညမ်ရှာတွင် ဒေါသမုန်တိုင်းက အပြင်းဆုံးသို့ ရောက်ရှိနေလေပြီ။

"နင့်ကားကို ရဖယ်ပေး"

"ဖယ်ပေးရမှာ ကျွန်မ ဝတ္တရားပဲ၊ ရှင့် အမိန့်ကြောင့် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဂျိုင်း.."

ဘဝင် ကားတံခါးကိုဖွင့်ပြီး တံခါးကို ခပ်ပြင်းပြင်းလေးပိတ်လိုက်သည်။

"ခေါက်...ဝူး...ဝီး.."

အရေးထဲ စက်က နှိုး၍မရသဖြင့် ကားပေါ်မှ ပြန်ဆင်းပြီး

"ရှင် စောင့်ဦး"

"မစောင့်နိုင်ဘူး၊ ကားစုတ်စီးလာမှတော့ ဘာအသုံးဝင်မှာလဲ..ဟွန်း.."

"မစောင့်နိုင်ရင် ရှင် တွန်းပြီးရွှေ့လေ"

"မင်း ဘာစကားပြောတာလဲ"

"ရှင် ဘာလူမျိုးလဲ မြန်မာစကားပြောတာ"

"မင်းကွာ"

ထိုမိန်းမဘက်မှ စကားတင်မကဘဲ လက်ပါ ပါမယ့်အသွင်ဆောင်လာသဖြင့် ဘခင်တို့ပြန်ရန် ပြင်တော့...

"ရှင် ဘယ်လောက်သွေးရှိသလဲဆိုတာ သိရတာပေါ့၊ မော



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်လေ"

ဘဝင် အေးစက်သောအပြုံးကိုပြုံးပြီးအနားတိုးကာ ရပ်ပေးလိုက်သည်။

ဒီလိုပွဲမျိုးကိုတော့ ဘဝင်အတွက် သိပ်ပြီး စာဖွဲ့လောက်သော ကိစ္စတော့မဟုတ်။

"ကော့ရီ..."

"ဟယ်...မောင်"

"ဟင်..."

ဘဝင်တို့ နှစ်ယောက်နားသို့ အပြေးကလေးရောက်လာသော မကျော့နိုင်မြင့်မြတ်ကိုတွေ့လိုက်ရ၏။

"ကော့ရီရယ်...ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ ဒီမိန်းမ လူပါးဝနေတာလေ"

"ကျွန်မက လူပါးဝတာမဟုတ်ဘူး။ ရှင်က လူလူချင်း လူဆန်တဲ့စကားမပြောလို့"

"ဘာပြောတယ်"

"ကောရီ"



www.burmeseclassic.com

www.burmeseclassic.com



မကျိုးင်မြင့်မြတ်ရောက်လာမှ မဟာနွယ်အစွယ်က ပိုပြီး ထုတ်ပြလာသည်။

ဘဝင်ကတော့တည်တည်ငြိမ်ငြိမ်ပဲနေပြရင်း မဟာနွယ်ကို ရင်ဆိုင်လိုက်သည်။

ဒါကလဲမာယာတစ်မျိုးပင်မဟုတ်လား။

"မိန်းကလေးကိုယ်တောင်းပန်ပါတယ်ကွာ"

"မောင်ဘာလို့တောင်းပန်ရတာလဲ၊ သူကမှားတာလေ"

"ကျွန်မမှားတယ်ဆိုတာ အသားလွှင်ကြီးမှားခဲ့တာ တစ်ခုမှ မရှိဘူး။ ဆိုင်ထဲမှာ ကော်ဖီဝင်သောက်ရှိန်လေးကားကို ကောရပ်ထား တာ၊ ဒါကို ကောင်းကောင်းမွန်မွန်ပြောရင် ဘာမှဖြစ်လောက်ထဲ ပြဿနာမဟုတ်ဘူး။ စကားရိုင်းရိုင်းပြောတာကို နားဝင်ချိုစွာနဲ့ဘယ် သူမှ မသိမ်းဆည်းတတ်ဘူးဆိုတာ ရှင်သဘောပေါက်ပါ၊ ကားဆွဲ ပေးဖို့ကားက ဘာဖြစ်နေလဲမသိလို့ ဆိုင်ကကောင်လေးတွေ သွားခေါ် တာကို မရဘူးဆိုတော့ ကျွန်မဘာက်က ဘယ်လိုလုပ်ပေးမှာလဲ"

"ကေရီကလည်းကွာ သူ လှုသွားခေါ်တာကို ကားပေါ်တ စောင့်ပြီး လွှတ်တာနဲ့မောင်းသွားပေါ့၊ ကဲကဲ… မိန်းကလေး… မင်းကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တက်ပြီးဂီယာဖြုတ်လိုက်၊ ကိုယ်တွန်းပေးမယ်"

"မောင်…"

"စကရိကားပေါ်မှာ သွားပြီးထိုင်နေပါ"

"ကျေးဇူးတင်ပါတယ် အစ်ကို…"

ဘဝင် ကားပေါ်တက်ပြီး မဏ္ဍိုင်မြင့်မြတ် တွန်းပေးသည့် ရှေ့တွင် ကားကိုတွေ့ပြီးရပ်ထားလိုက်သည်။

မဟာနွယ်စကရိမျက်နှာတွင် မီးလုံးတွေတောက်လောင်နေသလားတောင် မှတ်ရသည်။

ဘဝင်ရင်တွင် ဒါကိုကျေနပ်ဆုံးဖြစ်ခဲ့သည်မှာ အမှန်ပင်၊

မဟာနွယ်…မဟာနွယ်… နင်နဲ့ငါဟာ ရှေ့ဆက်ပြီး အလွန်ပြည့်စုံကောင်းတဲ့ပွဲတစ်ပွဲကိုနွှဲကြရမှာသေချာတယ်၊

မဟာနွယ်…ကားမောင်းထွက်သွားပြီး မဏ္ဍိုင် ကားလေးက နောက်မှ လိုက်ပြီးမောင်းသွားသည်ကို ဘဝင်ကြည့်ပြီး ကျန်ရစ်ခဲ့သည်။

မဏ္ဍိုင်မြင့်မြတ်ဆိုသည့် လူဟာ စွဲမက်ဖွယ်ကောင်းသော ယောက်ျားတစ်ဦးပင်၊

www.burmeseclassic.com



ဒီလို စိတ်ထားယုတ်ညံ့သည့် မိန်းမတစ်ယောက်၏ ချစ်

ဖြစ်ရသည်မှာ နှ‌ေမြာစရာပင်ဖြစ်သည်။

"ရှင့်အတွက် ကံဆိုးတာပဲ၊ အင်း..ရှင်ဘာမှ စိတ်မပျက်ပါ

ရှင့်အတွက် ကံကောင်းခြင်း လက်ဆောင်ကို ကျွန်မ ရှာဖွေပေးမှာ

မကျိုင်မြင့်မြတ်"

ကော်ဇီဆိုင်မှ အလုပ်သမားလေးတွေ ဝိုင်းပြီးကားကို တွ

ပေးခြင်းကြောင့် ကားစက်လေးပြန်ပြီးနိုးသွားသောကြောင့် မော

ထွက်ခဲ့လေသည်။

မဟာနွယ်နှင့် ဘဝင်တို့၏ တိုက်ပွဲက စတင်လေပြီ မဟု

လား။



www.burmeseclassic.com

www.burmeseclassic.com

အန်တီဘွယ်၏အစီအမံဖြင့် အထူးကုဆေးခန်းတစ် ခုတွင် ဘဝင်အလုပ်ဝင်ရလေသည်။

ထိုဆေးခန်းမှ ဒေါက်တာတစ်ဦး၏အနီးကပ်သူနာပြုတစ်ဦး အနေနှင့်ပင်၊ အန်တီဘွယ် ထိုဆေးခန်းတွင် ဘဝင်ကို လုပ်ကိုင်စေခြင်း အကြောင်းကာတော့ မဂ္ဂိုုင် မီစင်ကြီးကို ကုသပေးနေသော ဆေးခန်း ဖြစ်ခြင်းကြောင့်ဖြစ်သည်။

ဘဝင်နှင့် မဂ္ဂိုုင်မီစင်ကြီး ဒေါ်မြင့်မာလာရင်းနှီးမှုတစ်ခု ရစေ အောင်ပင် အကွက်ချပြီး စီစဉ်သောကိစ္စပင်ဖြစ်၏။

ဘဝင်အနီးကပ်လုပ်ကိုင်ပေးရသော ဒေါက်တာမောင်သက်

www.burmeseclassic.com



ဗိုင်မှာ ဘဝင်၏ပြောဆိုဆက်ဆံရေးနှင့် လုပ်ကိုင်မှုများပေါ်သဘောကျ နေအောင် ဘဝင်ကြိုးစားပြခဲ့ရသည်။

"ဘဝင်.."

"ရှင်..ဆရာ"

"မင်းနားရှိန်ရောက်ပြီလေ"

"ဟုတ်ကဲ့...ဟိုမိန်းနှော်တစ်ယောက်တည်း မနိုင်တဲ့ကိစ္စလေး ရှိလို့ လိုက်ပြီး ကူပေးနေတာပါ ဆရာ"

သူနာပြုဆရာမလေး မိနှော်သည် ဘဝင်နှင့်အတူ အတူးတူ ဆေးခန်းတွင် လုပ်ကိုင်နေသူဖြစ်၏။

ဘဝင် သူနာပြုအတတ်ပညာကို သင်ကြားခဲ့စဉ်က စိတ်ထဲမှာ သိပ်ပြီး မပါခဲ့ပေမယ့် ဆေးခန်းကိုရောက်ပြီး လူနာတွေကိုပြုစုရင်း သူနာပြုဆရာမဘဝလေးကို နှံမင်လာခဲ့သည်။

ရောဂါဝေဒနာခံစားရသူတွေအတွက် ကုသပေးနေရသော ဘဝလေးသည် စိတ်ကြည်နူးဖွယ်ကောင်းမိသည်။

ဘဝင်၏စေတနာကြောင့် ဆေးခန်းတွင် လပိုင်းအတွင်း ခင်မင်သူတွေ များလာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်သက်ပိုင်၏ဇနီး ဒေါက်တာတင်နွယ်စိုးရင်ဘဝင်ကိုညီမသဖွယ်ပင် သံယောဇဉ်ထားခဲ့သည်။

ဘဝင်လိုအပ်သည့်ကိစ္စတွေဆေးနှင့်ပတ်သက်ပြီး မသိတာတွေကိုသင်ကြားပေးသည်။ ဒါပေမယ့်မဏ္ဍိုင် မိခင်ကြီးဒေါ်မြင့်မာလာနှင့်တော့ မဆုံရသေးပေ။

"ဘဝင်.."

"ရှင်...မမနွယ်"

"ညနေ ဘဝင် ဂျူတီပြီးရင် မမနွယ်နဲ့လိုက်ခဲ့ဦး"

"ဟုတ်ကဲ့"

ဘဝင်က ဒေါက်တာတင်နွယ်ကို မမနွယ်လို့ပဲခေါ်သည်။ မနွယ်အပြင် ဆေးကုသွားရင် ဘဝင့်ကိုသာခေါ်တတ်သည်။ အပြင်အလှူအရှင်တွေပေးရင်တောင် မမနွယ်က သူ့ညီမဟုသာပြောတတ်သည်။

ဘဝင် ဂျူတီထွက်သည်နှင့် ကိုယ်လက်သန့်စင်ပြီး မမနွယ်အခန်းဘက်သို့ လာခဲ့သည်။

"ဘဝင် ပြီးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒါဆို သွားကြမယ်၊ ကိုကိုရေ..နွယ်တို့သွားပြီ"

"အေးအေး... ညီအစ်မနှစ်ယောက် လမ်းသွားရင်း အတင်

တွေပြောမသွားနဲ့ဦးနော်"

"အံမာ..လူကိုများ အတင်းပြောတတ်တဲ့သူတွေများ မှတ်

လား"

မမနွယ်က ဒေါက်တာအောင်သက်ပိုင်ကို ရန်ထောင်ပြီ

အပြင်သို့ထွက်ခဲ့သည်။

မမနွယ်က ဆရာဝန်ကြီးသာဖြစ်ပေမယ့် သူမ မျက်စိ

အမြင် မကြည်သည်ကိုတွေ့ရင် ဘဝင်နှင့်စကားလက်ဆုံကျပြီး

တတ်သည်ကို ဒေါက်တာအောင်သက်ပိုင် သိနေခြင်းကြောင့် လှ

ပြီးပြောခြင်းဖြစ်သည်။

"ဘဝင် ကားမောင်း"

"ဟုတ်....ဘယ်ကိုလဲ မမနွယ်"

"ဗဟန်း..ရွှေတောင်ကြားဘက်ကိုကွဲ"

မမနွယ်နှင့်ဘဝင် သွားခဲ့သည့်နေရာများတွင် စုသူ



www.burmeseclassic.com

www.burmeseclassic.com



နေရာကိုတစ်ခါမှ မသွားဘူးခဲ့ပေ။

"လူနာအသစ်လား"

"မဟုတ်ပါဘူး။ မမနွယ်တို့နဲ့ ကုနေတာတော့ ကြာပြီ၊ အရင်အခေါက်တွေတုန်းက မင်းဆေရာက သွားတာလေ၊ ခုမမနွယ်က ကိုကို့အစားသွားပေးရတာ"

"ဪ..."

"ရောဂါကတော့ သိပ်ပြီးတော့ အားမရပါဘူး၊ ဒါပေမယ့် ဆေးသက်နဲ့ရအောင်ကုနေရတာပဲ ဘဝင်ရေ ငွေကြေးချမ်းသာ သူတွေဆိုတော့ အသက်ကြောကို ဆက်နေကြတဲ့သဘောပေါ့"

"ရောဂါက လက်လျှော့ရတဲ့အခြေအနေကိုရောက်နေပြီလား"

"ယတိပြတ်တော့ပြောလို့မရသေးဘူး။ နှလုံးနဲ့သက်ဆိုင်တဲ့ရောဂါတစ်ခုဖြစ်နေတာ၊ ဆေးတိုးဆေးစား မှန်မှန်နဲ့ကုသနေတာပဲလေ၊ နောက်ပိုင်းအခြေအနေကတော့ လူနာရဲ့ကံလို့ဆိုရမှာပေါ့"

"ဒီလောက် ပိုက်ဆံရှိနေတာ နိုင်ငံခြားမှာသွားပြီး မကုဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုပြီးပြီလေ၊ နှလုံးတောင် အစားထိုးတုထားတော၊ အသက်အရွယ်နဲ့ ကျန်းမာရေးက တစ်ပြေးညီဖြစ်နေပြီဆိုတော့ သိပ်ပြီး အားမရပါဘူး ဘဝင်ရယ်၊ ဟိုရှေ့လမ်းက ဝင်လိုက် ဘဝင်"

မမနွယ်ပြောတဲ့လမ်းအတိုင်းမောင်းဝင်လာပြီး

"ဟိုခြံပဲ၊ ကားဟွန်းတီးလိုက်"

"ဟုတ်ကဲ့..."

ဘဝင် ခြံရှေ့တွင် ကားကိုရပ်ပြီး ဟွန်းတီးလိုက်သဖြင့် ခြံစောင့် တစ်ဦးထွက်လာပြီးခြံတံခါးကိုဖွင့်ပေးသည်၊

အိမ်ကြီးရှေ့သို့ရောက်တော့ သူနာပြုဆရာမလေးတစ်ဦး ထွက်ပြီးဆီးကြိုသည်၊

"ဆရာမ..."

"မေရီ..အန်တီ ဘာဖြစ်သေးလဲ"

"ဆရာမ..စရိုက်ပိုင်းအတွင်း အစားကောင်းကောင်းပြန်ပြီး မစားပြန်ဘူးဖြစ်နေတယ်"

"နင်က ဈေးမှာ မတွေ့ဘူးလား"

"ကျွန်မလည်း အတတ်နိုင်ဆုံးတော့ ဈေးမှာတွေ့တာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ၊ ဘယ်လိုမှ မရဘူး၊ အန်တီကြီးသားက ပြောမှ ထမင်းဟင်း နည်းနည်းလေးစားတာ"

"ကဲ...သွားကြရအောင်"

အပေါ်ထပ်ဆီသို့ ဘဝင်တို့တက်လာခဲ့ကြပြီး အခန်းတစ်ခု ထဲ သို့ရောက်တော့ ခုတင်ပေါ်တွင် စောင်းစောင်းလေးအိပ်နေသော အသက် (၆၀)ကျော်အမျိုးသမီးတစ်ယောက်ကိုတွေ့နေရသည်။

"အန်တီ"

"ဪ...ဆရာမ ရောက်လာပြီလား"

"ဟုတ်ကဲ့...အန်တီ ထမင်းမစားဘူးဆို"

"ဟုတ်တယ် ဆရာမ၊ စားချင်စိတ် သိပ်ပြီးမရှိဘူး ဖြစ်နေ တယ်၊ ပြီးတော့ ဒီရက်ပိုင်းအတွင်းမှာ နေထိုင်ရတာ မကောင်းဘူး၊ ဟင်...သူက ဘယ်သူလဲ"

ဘဝင့်ကို အမျိုးသမီးကြီး သေချာစွာကြည့်ပြီးမေးလေ၏။

အမျိုးသမီးကြီးမျက်လုံးထဲတွင် အံ့ဩခြင်းတစ်ခုကိုတွေ့နေ ရသလို...

"သူက ကျွန်မညီမလေးပါ၊ အဖော်လိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြော်.."

"မေရီ..အန်တီကို အားပေးသွင်းဖို့ပြင်"

"ဟုတ်ကဲ့"

ဘဝင်က လိုအပ်သည့်ကိစ္စများကို ဝင်ပြီးလုပ်ကိုင်ပေးချိန်တွင် မေရီအောက်ထပ်သို့ဆင်းသွားပြီးဆေးပစ္စည်းတွေကို သွားယူသည်။

"ဆရာမကို ပြောရမှာတော့ အားနာတော့နာတယ်"

"အန်တီ ဘာပြောချင်လို့လဲ ပြောပါ"

"ဆရာမ ငှားပေးထားတဲ့ သူနာပြုဆရာမလေးကို အန်တီ သဘောမကျဘူး"

"ဟင်...ဘာဖြစ်လို့လဲအန်တီ"

"အန်တို့ကို သူပြုစုပေးနေတာ အလုပ်သဘော သက်သက်လောက်ပဲဖြစ်နေတယ်၊ စေတနာပိုင်းက အရမ်းကိုအားနည်းတယ်၊ ပြီးတော့ အိမ်မှာ မလိုအပ်တဲ့ကိစ္စတွေကိုစပ်စုနေတယ်"

"အန်တို့ကို ကျွန်မ ဘာလုပ်ပေးရမလဲ၊ ပွင့်ပွင့်လင်းလင်း ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း...ပြောရမှာ စိတ်မကောင်းပါဘူး။ သူနဲ့အခြားတစ်ယောက်လဲပေးပါလား"

"ကောင်းပြီ အန်တီ၊ ကျွန်မ စီစဉ်ပေးပါမယ်"

"အန်တီ လက်ကလေးကြွနော်၊ သွေးပေါင်ချိန်ရအောင်"

ဘဝင်က သွေးပေါင်ချိန်ရန် အမျိုးသမီးကြီးလက်မောင်းလေးညှင်သာစွာ မ,ပေးလိုက်သည်။

"သမီး နာမည် ဘယ်လိုခေါ်လဲကွဲ့"

"ဘဝင်နှင်းသာပါ အန်တီ"

"ဟြော်...နာမည်လေးက ချစ်စရာပဲ၊ ဘာလုပ်လဲ"

"မမနွယ်နဲ့အတူ ဆေးခန်းမှာ သူနာပြုလုပ်ပါတယ်"

"ကောင်းတာပေါ့ကွယ်၊ သမီးမျက်နှာလေးနဲ့ဆို လူနာတွေရဲ့ရောဂါတစ်ဝက်လောက် သက်သာနိုင်တယ်"

"ဒါတော့ အမှန်ပဲ အန်တီရေ...ဆေးခန်းမှာဆို ကျွန်မတို့ လင်ဗားထက် သူ့ကိုပိုပြီး ခင်ကြတယ်"

"သမီး မိဘတွေရော ရှိကြသေးလား"

"မရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းစရာပဲကွယ်၊ မွေးချင်းတွေရော"

"မရှိပါဘူး"

"ဟင်.. တစ်ယောက်တည်းမွေးကြတဲ့သူတွေအတွက် ဒီလို အဖြစ်လေးတွေကြောင့် ရင်မောရတယ်၊ အန်တီလည်း သားလေး တစ်ယောက်တည်းမွေးထားပြီး တစ်ခါတစ်ခါအန်တီတို့မျက်ကွယ်ပြု သွားရင် တစ်ယောက်တည်း ကျန်ခဲ့မှာကိုတွေးပြီး စိတ် မကောင်းဖြ ဖိတယ်"

"အန်တီရယ်.. မောင်နှမ သားချင်းမရှိပေမယ့် မိတ်ဆွေ ကောင်း၊ သူငယ်ချင်းကောင်းတွေနဲ့ဘဝကို အဖော်ပြုလို့ရပါတယ် သမီး ဆိုရင်ဒီလိုပဲဖြတ်သန်းခဲ့ရတာပါ၊ ခုချိန်မှာ အန်တီ သားတော အန်တီ အကြာကြီးနေရစ်ဒေသးတယ် မဟုတ်လား"

"ဘယ်လိုပြောလိုက်တာလဲသမီးရယ်၊ နေရစ်တာပေါ့"

"ဒါဆိုရင် စိတ်သောကဖြစ်စေမယ့်အကြောင်းတွေကိုခေါ ထဲမှာ မထားနဲ့၊ ကိုယ့်ခန္ဓာကိုယ်ထဲက ရောဂါဝေဒနာတွေကို မော ထုတ် နိုင်အောင် ပထမဆုံး အရေးကြီးတာ အာဟာရရှာ၊ ပြီ ဆေးဝါးက လိုက်ပြီးကူရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖါ့သမီးက အပြောကောင်းလေးပဲ၊ သမီးပြောတာနဲ့ ဗိုက်တင်ဆာလာပြီ"

ဘဝင်ပြောဆိုမှုကို အမျိုးသမီးကြီးသဘောကျစွာ ရယ်မောရင်း မျက်နှာလေးညှိုးသွားပြန်သည်။

"အင်း..ဖါ့သမီးလေးပြောပုံဆိုပုံတွေကိုမြင်ရတာ အန်တီလှယောက်ကိုပြန်ပြီးမြင်မိသလိုပဲကွယ်."

ဒေါက်တာထင်နွယ် အမျိုးသမီးကြီးအတွက် ဆေးသွင်းထိုးလုပ်ပေးပြီး အနားယူခိုင်းကာ ပြန်ခဲ့ကြသည်။

"ဟင်.."

အိမ်ရှေ့တွင်ရပ်နေသော မဏ္ဍိုင်မြင့်မြတ်ကိုတွေ့လိုက်ရဖြင့် လွန်စွာအံ့သြသွားလေသည်။

"မိနွယ် ပြန်ပြီလား"

"အေး..ရောက်နေတာကြာပြီ မဏ္ဍိုင်"

မဏ္ဍိုင်မြင့်မြတ်က ဘဝင်ကိုတစ်ချက်ကြည့်ပြီး

"သူက.."

"ဖါ့ ညီမဝမ်းကွဲလည်းဖြစ်၊ တပည့်မလေးလည်းဖြစ်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟာ"

"ဪ..မိနွယ်..နင့်ကိုမေမေ ဘာပြောသေးလဲ"

သူနာပြုဆရာမလေး မေရီနှင့်ပတ်သက်ပြီး မဣိုင်မြင့်မြတ်

စကားဆိုလိုက်ခြင်းဖြစ်သည်ကို သဘောပေါက်လိုက်၏။

"တစ်ခုခု စိစဉ်ပေးပုံမယ်"

"နင်ပဲ ကောင်းသလို စီစဉ်ဟာ၊ ငါကတော့ မပြောချင်ဘူး"

"အေးပါ၊ နင့်အကြောင်း တို့ ငါသိပါတယ်"

"ဟိုကောင်ကြီးရော၊ နင့်ပေါ်မှာ ချစ်တုန်းလား"

"မချစ်လို့ရမလား၊ သိတယ်မဟုတ်လား၊ ငယ်စကြောက်ဆို

ယူထားတာလေ၊ သွားပြီပေါ့"

မဣိုင်မြင့်မြတ် အိမ်အပေါက်ဝအထိ လိုက်ပို့ပေးသည်။

ဘဝင်ကားလေးမောင်းထွက်လာရင်း သူမအတွက် ရင်

စရာ ကောင်းသောနေရာဆီသို့ ဘဝင် ခြေလှမ်းတွေ ဆက်ပြီး ရော

လာခဲ့ပြီမဟုတ်လား။

"မဣိုင်နဲ့ မမနွယ်က ငယ်ပေါင်းတွေလေ၊ သိပ်ခင်ကြတာ"

"ဟုတ်လား မမနွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဏ္ဍိုင်က ငွေကြေးချမ်းသာပေမယ့် မာနမရှိဘူး။ သိပ်ပြီး စိတ်ရင်းကောင်းတဲ့သူ၊ လူတစ်ယောက်ပေါ်မှာ အရမ်းအားနာတတ်တယ်လေ၊ အင်း..ဒီအားနာမှုကြောင့် မဏ္ဍိုင် အကျပ်အတည်းလေး တစ်ခုကြုံခဲ့ရတာပဲ"

"ဒေါက်တာတင်နွယ်ပြောသည့် မဏ္ဍိုင်မြင့်မြတ်၏ အကျပ်အတည်းကို ဘဝင် စိတ်ဝင်စားခဲ့သည်မှာ အမှန်ပင်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## ဓာတာ အဝင်ထေမ်း

မဏ္ဍိုင်မြင့်မြတ်၏အိမ်ရှေ့ဝအထိအနိတဲသွယ်ကားအော
နှင့်လိုက်ပို့ပေးပြီးကားရပ်လိုက်သည်နှင့်

"သမီး…သဝင်"

"ဟုတ်ကဲ့ပြောပါအနိတဲသွယ်"

"ဒီနေ့ဒီရက်စကာပြီး သမီးဟာ မဏ္ဍိုင်မြင့်မြတ်ရဲ့ချစ်သူအ
ထဲကိုရောက်လာတဲ့သူလို့ စိတ်ထဲမှာ တစ်ခါတည်းရိုက်သွင်းထား
မယ်နော်"

"ဟုတ်ကဲ့"

"ဒီအဆင့်ကိုအရင်ဆုံး သမီးဖြတ်သန်းသွားပြီးမှ နောက်
တစ်ဆင့်ဆီကိုတပ်ပြီးပြင်ဆင်ပါ"

"အနိတဲသွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သမီးဘဝင်"

"ဟို..ဟို..တက်ကသိုလ်များ မဏ္ဍိုင်ကို ဘဝင်က ချစ်မိသွားပြီ ထိုရှင်ရေ့ယောင်.."

"ဟား..ဟား..ဟား..."

အန်တီသွယ် အားပါးတရရယ်မောလိုက်ပြီး ဘဝင်ကိုကြည့်တော

"သမီးရယ်..လူဆိုတာ ချစ်ခြင်းတရားတွေနဲ့ ရှင်သန်နေခဲ့ကြတာပါ။ ငါ့သမီးလေး ချစ်မိတာ ဘာထူးဆန်းတာမှတ်လို့၊ ချစ်လိုက်ပေါ့ အွယ်၊ ကဲ..သွားပြီ၊ အန်တီသွယ်ကတော့ သမီး မာယာကဝေအဘော်ဘဲ နဲ့ပြုစားနိုင်ပါစေလို့ ဆုတောင်းပေးနေမှာပါ"

အန်တီသွယ် စကားလေးကို စပ်ဖေါ့ဖေါ့လေးပြောပြီး ကားအောင်းထွက်သွားသည့်နောက်တွင် ဘဝင် ရင်မှာ ပင်လယ်ပြင်တစ်ခု ထီးသို့ရောက်ခဲ့နေသလို ခံစားနေရ၏။

ခရီးဆောင်အိတ်ကလေးကို ဘယ်လက်နဲ့ဆွဲပြီး မြိတ်ခါး၀ လေးမှာရပ်ကာ လူခေါ်ဘဲ(လ်)လေးကို နှိပ်လိုက်သည်။

မြစောင့်ကြီးတစ်ဦးထွက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့တွေ့ချင်လို့လဲ ကလေးမ"

"ကျွန်မ.. ဒီအိမ်မှာ အလုပ်လာပြီးလုပ်တဲ့ သူနာပြုဆရာမ အသစ်ပါ"

"ကြော်..ဟုတ်တယ်၊ လူလေးက မှာထားတယ်၊ ဝင်ခဲ့ကွယ်"

ဘဝင် ခြေလှမ်းတွေ ခြံဝန်းကြီးထဲသို့ စတင်ပြီးလှမ်းစဉ်မှာ နှလုံးသားပန်းရနံ့သစ်တွေကို ရှူရှိုက်မိသလိုပင်။

"ကိုမင်းကိုင်မြင့်မြတ် မရှိဘူးလား"

"မရှိဘူးကွဲ့၊ မန္တလေးကို အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ သွား ..ယ်၊ သမီးလေးလာမယ်ဆိုတာကိုတော့ ပြောထားခဲ့ပါတယ်"

အိမ်ကြီးထဲသို့ဝင်တော့ ဧည့်ခန်းတွင် ခရင်းဘက်နှင့်အိမ် နေသော ဒေါ်မြတ်မာလာကိုတွေ့လိုက်ရသည်။

"မမကြီး"

"ဟော...ကိုလှိုင်ဘာလဲ"

]' DSr B D w G fa&m f mv 'b brijylk &r;: av cyj

]aM nix Mu G q W av m a' g fv mv EG 6yj

v mv M Dq W mv nj}



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေကြီး"

ဘဝင်နှုတ်ဖျားမှ အရင်နီးဆုံးစကားလေးဖြင့်ခေါ်လိုက်မိ၏။

"အင်း...မေမေကြီးရောဂါတွေကို ထုတ်ယူပေးမယ့် လူတစ်ယောက် ရောက်လာတယ်လို့ခံဘားရပါတယ်"

"စိတ်ချပါ မေမေကြီး ရောဂါကို ထုပ်ယူပေးမှာပါ"

"ကိုလှိုင်...သမီးလေးနေဖို့အခန်းကို ပြင်ဆင်ပြီးပြီလား"

"ပြီးပါပြီ မကြီး"

"ဒါဆို သမီးလေးကို နေရာအရင်လှုပ်ပေးလိုက်ပါ၊ ပြီးမှ စကားပြောကြတာပေါ့"

"ဟုတ်ကဲ့"

ဘဝင်...ဦးလှိုင်နှင့်နေရမည့်အခန်းဆီသို့လိုက်လာခဲ့သည်၊

ဘဝင် ဘဝတွင် မာယာတိုက်ပွဲများစွာကို ရင်ဆိုင်ခဲ့ဘူးသော်ပြစေမယ့် ဤ မာယာပွဲလေးကတော့ ရင်ကိုလှုပ်ရှားစေဆုံး တိုက်ပွဲလေးပင်...ဖြစ်၏။

⁂



www.burmeseclassic.com

www.burmeseclassic.com

ဘဝင် အိမ်ကြီးတွင် ရောက်ရှိနေသည်မှာ (၃)ရက်မြောက်

နေ့ကို ရောက်ရှိခဲ့လေပြီ။

မကျိုင်မြင့်မြတ် မန္တလေးမှ ပြန်ပြီးမရောက်သေးပေမယ့်

ဘဝင် ရောက်သည့်ညက မကျိုင်မြင့်မြတ်ထံက ဖုန်းဝင်လာပြီး အဝ

အကြောင်းကို မေမေကြီးပြောပြလိုက်၍ ဘဝင်ရောက်နေသည်

မကျိုင် သိနေလေပြီ။

"မေမေကြီး"

"ပြော...ကွယ်"

"ဆေးသောက်ရအောင်နော်..."



www.burmeseclassic.com

www.burmeseclassic.com



"မသောက်ရင်မရဘူးလား"

"မရဘူးလေ၊ မေမေကြီးရောဂါအမြန်ဆုံးပျောက်ကင်းဖို့က ဆေးကိုမှန်မှန်သောက်ရမယ်"

"ဆေးတွေသောက်ရ ဆေးတွေထိုးရနဲ့ ငြီးငွေ့လှပါပြီ"

"နောက်တော့ မသောက်ရတော့ပါဘူး။ မေမေကြီး ဒီနံ နက်ပိုင်း ထမင်းစားနည်းတယ်နော်"

"ဟုတ်တယ်သမီးရယ်၊ ခံတွင်းထဲမှာ ဟင်းတွေစားရတာ အစပ်အဟပ်မတည့်သလိုဖြစ်နေတယ်"

"ညနေကျရင် သမီးကိုယ်တိုင် ချက်ကျွေးမယ်၊ ဘာစားချင် ထဲမျော"

"သမီးစိတ်ကြိုက်ချက်လေ၊ စားကြည့်တာပေါ့"

မေမေကြီးကိုဆေးတိုက်ပြီး ဧည့်ခန်းဆိုဖာတွင်ထိုင်နိုင်းကာ လက်သည်း၊ ခြေသည်းတွေကို သဝင် ညှပ်ပေးရန် ပြင်လိုက်ချိန်တွင် ခြံဝန်းထဲသို့ ကားတစ်စီးမောင်းဝင်လာသောကြောင့် သဝင်စိတ်ထဲ တွင် ရှိုင်မြင့်ဖြတ်တစ်ယောက်ပြန်ရောက်လာပြီဟု ထင်မှတ်လိုက် မိသည်။ ဒါပေမယ့် ကားရပ်ပြီးဝင်လာသူက မဟာနွယ်ဇော့နေ။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမြတ်နေကောင်းရဲ့လား"

"ကောင်းပါတယ်"

ဒေါ်မြတ်မာလာရှေ့တွင် ဝင်ထိုင်ပြီး ဘဝင်ကို မျက်စောင်း ကြီးမြိုင်ကြည့်လေ၏။

"သူက ဘယ်သူလဲ အိမ်ဖော်လား"

"ဟင်..."

ဘဝင့် ဒေါသကို ဆွပေးနေပြန်သည်။

"ဟာ...ကေရီ ဘယ်လိုပြောလိုက်တာလဲ၊ အားနာစရာကွယ် သူက အန်တီမြတ်ကို ဆေးကုပေးဖို့ရောက်လာတဲ့ သူနာပြုဆရာ လေးပါ"

"မသိပါဘူး။ ကေရီက ခိုင်းဖို့ခေါ်ထားတယ်မှတ်လို့"

မဟားနှယ်စကားကို ဘဝင် ဘာတစ်ခုမှ မတုံ့ပြန်ဘဲ ဒေါ်မြတ် မာလာ၏လက်ချောင်းလေးတွေကို ဆုပ်ကိုင်ပေးနေ၏။

"မောင် ဘယ်နေ့ပြန်ရောက်မှာလဲ အန်တီမြတ်"

"သားက တိတိကျကျတော့ မပြောသွားဘူး"

"ဟင်...အဲဒါကြောင့် ကေရီပြောနေတာ မန္တလေးက ဘ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်တဲ့ ရက်ကန်းစက်ရုံကြီးကို မက်မက်မောမော ဆောက်ပြီး လုပ်ကိုင်နေတယ်၊ အမြတ်အစွန်းက ဘာမှ ရတာ မဟုတ်ဘူး။ ရောင်းပစ်လိုက်ပါ ဆိုတာကို မရောင်းဘူး”

“ကောရီ..သမီးစကားကို ပြင်ပါ၊ နောင် ဒီစကားမျိုး ဘယ်တော့မှ မပြောပါနဲ့ကွယ်၊ ဒီရက်ကန်းစက်ရုံလေးဟာ အန်တီမြတ်တို့ဘဝ အစလေးပါ။ အကျိုးစီးပွားဖြစ်ရေး၊ မဖြစ်ရေးထက် ဒီရက်ကန်းစက်ရုံလေးကို ပိုင်ဆိုင်ထားတာကို ရပိုင်ဆိုင်တဲ့ကုမ္ပဏီကြီးတွေ၊ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုတွေထက် ပိုပြီး ခင်တွယ်တယ် ဆိုတာ ကောရီယုံပါ”

မဟာနွယ်ကောရီ ဘာစကားမှ ဆက်ပြီး မပြောတော့ပေ။

“ဒါ အန်တီမြတ်စားဖို့နော်၊ မြန်မာပြည်က အစားအစာတွေ မဟုတ်ဘူး၊ ကိုရီးယားမိတ်ဆွေဆီက မှာယူတာ”

မဟာနွယ်ကောရီစကားသည် ဘဝင်ကို ခွဲခြားမှုတစ်ခုကို ပြောနေခြင်းဖြစ်၏။

“ကောရီ..နောက်ဒါမျိုးတွေ မမှာပါနဲ့”

“ဘာဖြစ်လို့လဲ အန်တီမြတ်”

“အန်တီမြတ်မကြိုက်ဘူးကွယ်၊ ပြီးတော့ ရောဂါနဲ့တည့်

www.burmeseclassic.com



မဟာညှိုဆိုတာ ရှိသေးတယ်၊ သမီးသဝင်.."

"ရှင်...မေမေကြီး"

"ဒီစားစရာတွေရော စားလို့ဖြစ်ရဲ့လား"

"အန်တီမြတ်ကလည်း ဒုက္ခ ဘာသိမှာမို့လို့လဲ"

"ဟုတ်ပါတယ်၊ ကျွန်မ ဘာမှမသိပါဘူး။ ဒါပေမယ့် မေမေကြီး ရောဂါအတွက် စုလို့ အဲဒီတက်ကိုအားပေးတဲ့အစားအသောက်တ တော့ လုံးဝ စားခွင့်မပြုနိုင်ပါဘူး"

"ဘာပြောတယ်၊ မင်းက သက်သက်ပညာပြတာပေါ့"

မဟာနွယ်ကေရီ သူ့စိတ်နှင့် နှိုင်းပြီးပြောသောစကား

"ကျွန်မ ဘာပညာမှ ပြစရာမရှိပါဘူး။ ကိုယ့်တာဝန် ယူထားရ တဲ့ လူနာအတွက် ဘေးဖြစ်စေမှာကိုတော့ တားရမှာပေါ့"

"ကေရီအန်တီမြတ်မစားလည်း သားလေးပြန်လာရင် စားလို့ ရပါတယ်ကွယ်"

"အန်တီမြတ်သိမ်းသွားမယ်"

"အေး..အေး.."

ကေရီ မကျေနပ်သော မျက်နှာနှင့်ထပြီး ပြန်နိမ့်မှာ ဖြတ်သွဲ့



www.burmeseclassic.com

www.burmeseclassic.com



လှိုင်မြင့်မြတ် ကားလေးဝင်လာသဖြင့်

"မောင်…"

"ဪ..ကောရီရောက်နေတာကိုး"

"ဟုတ်တယ် မောင်က မန္တလေးကိုသွားမယ်ဆိုတာ ဘာလို့ မသွားတာလဲ"

"မောင် သိပ်အရေးကြီးတာနဲ့ထွက်သွားတာပါ"

"ဖုန်းလေးတောင် ဆက်ချိန်မရဘူးလား"

"ဖုန်းဆက်ပါသေးတယ်၊ မောင့်ဟန်းဖုန်းက အလောတကြီး ထွက်သွားတာဆိုတော့ ဘက်ထရီအောက်နေတာကို သတိမပြုမိလိုက်ဘူး"

"မောင် ဆင်ခြေပေးနေတာလား"

"မဟုတ်ရပါဘူး၊ တကယ်ပါ"

"မောင် ကောရီနဲ့ကောလိုက်ခဲ့ဦး"

"ဟာ..မမမကိုတောင် ဝင်ပြီးမတွေ့ရသေးဘူး"

"ကောလေးပါ"

ကောရီ.. မလှိုင်မြင့်မြတ်လက်ကိုအတင်းဆွဲပြီး အိမ်အပြင်



www.burmeseclassic.com

www.burmeseclassic.com



သို့ခေါ်ထုတ်သွားလေသည်။

"ဘာလဲပြော..ကောရီ"

"ဟိုမိန်းမကိုဘယ်သူခေါ်တာလဲ"

"မေမေက ခေါ်ခိုင်းတာလေ၊ ဘာဖြစ်လို့လဲ"

"ပြန်ပြီး လွှတ်လိုက်"

"ဟာ..ဘယ်ဖြစ်မလဲကောရီး သူ့ဘက်က ဘာမှ အမှားမ

ပြန်ပြီးလွှတ်ရင် မိန့်ယ်နဲ့ မျက်နှာပျက်စရာဖြစ်မှာပေါ့"

"ကောရီ..နောက်တစ်ယောက် ရှာပေးမယ်"

"ကောရီ.. ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ကောရီဘာမှ ခေါင်းထဲ

မထည့်ပါနဲ့၊ သူ့အရာဝန်နဲ့သူ့သူနာပြုဆိုတာ မေမေ့အတွက် အရေး

ကြီးအဆင်ပြေတယ်၊ တခြားတစ်ယောက်ဆိုရင် မဖြစ်ဘူး"

"မောင်က ပြန်မလွှတ်ဘူးဆိုတဲ့သဘောပေါ့"

"မေမေခေါ်ထားတဲ့လူကို မောင်ပြန်ပြီးလွှတ်နိုင်လောက်တဲ့

လုပ်ပိုင်ခွင့်မရှိဘူး"

"ကောင်းပြီ..သွားမယ်"

"ရှိုင်း.."



www.burmeseclassic.com

www.burmeseclassic.com



မဟာနွယ်ကောရီကားတံခါးကို ဒေါသနှင့်ပိတ်ပြီးခြံဝန်းထဲမှ အပြောင်းထွက်သွားသည်ကိုမဂျာကိုင်လှမ်းပြီးမဟားတော့ဘဲ အိမ်ထဲ ဝင်ခဲ့သည်။

"ဟူး..."

မဂျာကိုင်မြင့်မြတ်..ကောရီနှင့်ပတ်သက်ပြီး သက်ပြင်းမှုတွေကို ပါင်း မနည်းတော့ပါ။ ကောရီသည် ရုပ်ကလေးက ကြွေရုပ် လေးလောက်ချောမောလှပသလောက် စိတ်ဓာတ်ပိုင်းမှာ အတော် ကို အားနည်းနေလေသည်။

မဂျာကိုင် ကုမ္ပဏီကြီးတွင် ကောရီနှင့်ပတ်သက်ပြီး မိတ်ဆွေ ဦးဆီက သတင်းတွေကိုမဂျာကိုင်ပြန်ပြီးကြားနေရသည်။ ဒီအတွက် ချုပ်တွေးခဲ့ရသည်မှာ အမှန်။

ရုလည်း သူ့နှာပြုဆရာမလေးကို သူမျက်စိနှင့်ဘာ ဝင်မကျ ည်နှင့် အကြောင်းမဲ့ ပြန်ပြီးလွှတ်ခိုင်းနေပြန်သည်။

မဂျာကိုင် တစ်ချိန်က မဟာနွယ်ကောရီရဲ့စိတ်ဆန္ဒတွေကိုခေါင်း ယ်လိုက်လျောခဲ့ပေမယ့် နောက်ပိုင်းတော့ မလိုက်လျောခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



"သားလေးပြန်ရောက်တာနဲ့ အမေ့မပြောဘူးနဲ့တူတယ်"

"မပြောရှုပ်တော့ဘူးမေမေရေ မေမေ ဘယ်လိုနေလဲ"

"အင်း.. သမီးလေးရောက်ပြီးမှ စိတ်ထဲမှာ လန်းလန်းဆ

ဆန်းပါပေ့"

"မင်းနှာမည်ကဘာဝင်နဲ့သားနော်"

"ဟုတ်ကဲ့"

"မေမေ့အတွက် အလုပ်တစ်ခုရယ်လို့ သဘောမထားဘဲ

မိသားစုလိုသဘောထားပြီး ကူညီပေးပါ"

"ကျွန်မလည်း အစ်ကိုပြောသလိုမေမေကြီးကို မိခင်အ

ယောက်လို သဘောထားပါတယ်"

"ကျေးဇူးတင်ပါတယ်ကွာ၊ နေထိုင်ရတာရော အဆင်ပြေ

လား"

"ဟုတ်ကဲ့....ပြေပါတယ်"

"လိုအပ်တာရှိရင်ပြောပါ"

"ကျွန်မအတွက် ဘာမှ မလိုအပ်ပါဘူး"

"မေမေ...သား နားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး...သွားပြီးနားကြွယ်၊ စရိုးပန်းလာတာကို၊"

"ခွင့်ပြုဦး ဘဝင်၊ ပြီးမှ အေးအေးလေးလေးစကားပြောကြ သလေ့"

"ကောင်းပါပြီအစ်ကို"

မဏ္ဍိုင်မြင့်မြတ် ထွက်သွားပြီးနောက် ဒေါ်မြတ်မာလာကို ဆင် ခြေသည်းလေးတွေကိုဆက်ပြီးညှပ်ပေးနေတော့သည်၊

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

ဘဝင် အိပ်ရာမှ အစောဆုံးထပြီး ဒေါ်မြတ်မာလာကို နှိုး

မြို့ကြီးထဲတွင် လမ်းလျှောက်သည့်အလုပ်ကို လုပ်ခဲ့သည်မှာ ကြာပြီ

သောကြောင့် စုဆို ဒေါ်မြတ်မာလာကို နှိုးစရာပင်မလိုတော့ပေ။

"သမီးရေ..သွားကြရအောင်"

"မေမေကြီး အပေါ်အင်္ကျီ ထူထူလေးဝတ်ခဲ့ဦး"

"မဝတ်ချင်ပါဘူးကွယ်"

"မရဘူး..မဝတ်ရင်နေ၊ ဘဝင်ယူခဲ့မယ်"

ဘဝင်...ဒေါ်မြတ်မာလာ အနွေးအင်္ကျီလေးကိုလည်ပင်းတ

သိုင်းရစ်ပြီး ခြံဝင်းထဲသို့ထွက်ခဲ့သည်။

"သမီး..."

"ပြောလေ မေမေကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ထဲမှာလျှောက်နေရတာ သိပ်ပြီးမပျော်ဘူး။ အပြင်ထွက်ပြီး စိတ်ပေးဝေးလျှောက်ကြရအောင်"

"မေမေကြီးသဘောပဲ"

ဒေါ်မြတ်မာလာတစ်ယောက် ခေါင်းခါးခြေလက်တွေကိုလှုပ်ရှားပြီး ပြုံးရွှင်ခန့်ညားလုပ်ပြီး ဘဝင်နှင့်အတူမြို့ပြင်သို့ထွက်သွားသည်ကို ကျွန်ုပ်မြင့်မြတ်ကြည့်ပြီး စေ့ကျူးပ်စွာပြုံးလေသည်။

ဘဝင်နဲ့သာဆိုသည့် သူနာပြုဆရာမလေးနှင့်ကျမှ မေမေ့ ရောဂါအခြေအနေတွေ မယုံကြည်နိုင်အောင် တိုးတက်လာသည်ကိုတွေ့ ရှိနေရသည်။

ဒါပေမယ့် ချစ်သူဖြစ်သည့်မဟာနွယ်နှင့်တွေ့တိုင်း ဘဝင်ကို မေ့လုပ်ဆက်ပြီး မနိုင်းနှိုင်း ပြောသောစကားတွေက နားတွင် မဆဲ့တော့ပေ။

ဒီအတွက်ကြောင့်မဟာနွယ်စကာရီ…မဏ္ဍိုင်ပေါ်မှာ စိတ်ဆိုး စိတ်ကောက်ခဲ့သည်မှာလည်း များလေပြီ။

မဏ္ဍိုင်မြင့်မြတ်တစ်ယောက် ချော့လိုသောဆန္ဒပင်မရှိတော့ ပေ။ ရလဲ စိတ်ကောက်ပြီး စကားမပြောကြသည်မှာ တစ်ပတ်ကျော်ရှိနေ

www.burmeseclassic.com



ပြီ၊ မဏ္ဍိုင် ခေါ်ချင်စိတ်တကယ်ပင် မရှိသောကြောင့် ဖြစ်ချင်ရာဖြစ်ရ
ပြီးနေလိုက်သည်။

ချစ်သူဘဝလေးကို သာယာလှပစေအောင် မဏ္ဍိုင်ကြိုးစား
တည်ဆောက်ခဲ့ပေမယ့် မရခဲ့ပေ။

မဟာနွယ်စကာရီသည် အဓ္ဓာတစ်စက်စွန်းကျပြီး သူမ
ပေါ်မှာသာ ဦးစားပေးတတ်ခြင်းကြောင့် မဏ္ဍိုင် ရေရှည်တွင် ခံနိုင်ရည်
အားနည်းပါးလာခဲ့ရသည်။

ထို့အပြင် မဟာနွယ်စကာရီ မိဘနှစ်ပါးဖြစ်သည့် ဦးဟာန်
ဇေါ်မိမိသူတို့က ပကာသနဂုဏ်ပိုပြီးမောက်သောကြောင့် မဏ္ဍိုင်
စကာရီကို ထိန်း၍မရနိုင်ခဲ့ပေ။

"ဟီ..."

"ဟာ...အောင်သက်"

အိမ်ရှေ့မှ ကားဟွန်းသံကြောင့် မဏ္ဍိုင်ကြည့်လိုက်
သူငယ်ချင်းဖြစ်သူ ဒေါက်တာအောင်သက်ပိုင်ကို တွေ့လိုက်ရသည်

"လာကွာ...ဘာစိတ်ကူးပေါက်ပြီး စောစောစီးစီး ရောက်လာ
တာလဲ အောင်သက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်မဟုတ်ပါဘူး။ အန်တီ့ အခြေအနေကိုလည်း လာ
ကြည့်ရင်း မင်းနဲ့မတွေ့ရတာကြာလို့ထွက်လာတာပါ"

"မသိပါဘူးကွာ၊ မိန္ဒယ်က အိမ်ကနေ မောင်းချလိုက်ပြီလား
ဟား..ဟား..ဟား.."

သူငယ်ချင်းနှစ်ယောက် ပခုံးချင်းဖက်ပြီး အိမ်ရှေ့စည့်ခန်း
ဝင်ထိုင်လိုက်ကြသည်။

"မေမေ့အခြေအနေက တော်တော်လေးဟုတ်နေပြီကွ၊
စွမ်းထက် လူကပို့ပြီးစွမ်းနေသလားပဲ အောင်သက်"

"မင်းစကားက ဘာလဲဟ"

"မင်းတို့ ပို့ပေးလိုက်တဲ့ ဘဝင်နဲ့သာနဲ့ မေမေက အတော်
ကိုပန်သင့်နေတာက မယုံနိုင်စရာဘဲ"

"မိန္ဒယ်က အန်တီ့အတွက် သီးသန့်ရွေးချယ်ပြီးလွှတ်လိုက်
ဘဝင်လေးက သူနာပြုဆရာမထဲမှာ တကယ်တော်တယ်ကွ၊
ပညာပိုင်းရော၊ လူမှုဆက်ဆံရေးပိုင်းပါ တော်တာဗျ"

"စိတ်ထားလေးလည်း ဖြူစင်ပုံပေါက်တယ်"

"ငါ့ကောင်ကြီးတောင်မိန်းကလေးနဲ့ပတ်သက်ပြီး အကဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ် တော်ခနေပြီပဲ၊ တိုးတက်နေပြီဆိုရမှာပေါ့၊ ဒါနဲ့ မင်းနဲ့ကောရီ စ
မပြောဘူးဆို၊ ဘယ်လိုဖြစ်ရတာလဲ မတ္တိုင်"

"သူ့အကြောင်းက မပြောချင်ပါဘူးကွာ၊ မင်းသိတဲ့အတိုင်း
အလကားနေရင်း စိတ်ကောက်ဖို့စဉ်းစားနေတာ၊ သူ့အတွက် ဒီကြိ
အလုပ်တစ်ခုလိုဖြစ်နေတာ၊ အရင်ကတော့ ငါ့ဘက်က အတတ်နိုင်ဆုံ
လိုက်လျှော့ပေးတာပဲ၊ ခုတော့ သည်းမခံနိုင်တော့ဘူးကွာ"

"ငါ့ကောင်အတွက် ကံကောင်းတဲ့အလုပ်ပိုင်ရှင်လေးကိုရ
ငါတို့က ဝမ်းသာနေကြတာ၊ ခုနောက်ပိုင်း ကြားရတဲ့ သတင်းတွေ
ကြာင့် မင်းအစား ငါတောင် မွန်းကျပ်တယ် မတ္တိုင်"

"ခုကျမှတော့ မထူးတော့ပါဘူး"

"မင်းတို့ မင်္ဂလာပွဲ နီးလာပြီနော်"

"အောင်သက်ရေ..မင်္ဂလာပွဲအကြောင်းကိုပြောရင် သမ
တားချင်စိတ်တောင်မရှိတော့ဘူး"

"ဟာ..ဘယ်ဖြစ်ရတာလဲ"

"ကောရီဒီပုံစံနဲ့သာ ရှေ့ဆက်ပြီးသွားနေရင် ငါမယူနိုင်ဘူး"

"ကြိုးစားပြီး ပြုပြင်ယူပေါ့ မတ္တိုင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီထက်ပိုပြီး ငါ မကြိုးစားနိုင်တော့ဘူး"

"ဟူး..."

အောင်သက်...မဏ္ဍိုင်မြင့်မြတ်ကိုယ်စား သက်ပြင်းချလိုက်လေတော့သည်။

"မင်းဘာက်ကမင်္ဂလာဆောင်ကိစ္စကိုသွေးအေးအေးနေတာ၊ မင်းယောက္ခမလောင်းကြီးတွေကတော့ မင်္ဂလာပွဲကြီးကို ဘယ်လိုဆောင်လိုက်မှာ ဘယ်လောက်ကုန်ကျမယ်ဆိုပြီး ပြောနေတာတွေကတော့ နားနဲ့တောင် မဆံ့လှဘူးဗျာ"

"အောင်သက်...ငါ့အတွက် ဒုတိယပြဿနာက စကရီမိသားစုနဲ့အသိုင်းအဝိုင်းတွေရဲ့ပကာသနဂုဏ်အထက်တန်းလွှာ ဆိုတဲ့စိတ်ဓာတ်တွေပဲကွာ၊ ငါနဲ့က လုံးလုံးကြီးကိုဆန့်ကျင်နေတာပဲ"

"မင်းမေမေကရော...စကရီပေါ်မှာ ဘယ်လိုမြင်လဲ"

"မေမေလည်း ငါ့လိုပဲထင်တယ်၊ စကရီပေါ်မှာဆက်ဆံရေးပြောင်းလဲနေတယ်၊ အရှင်းဆုံးပြောရရင် ဘဝင်နဲ့သာရောက်လာပြီး နောက်ပိုင်းအချစ်ထက်ပိုပြီး ဆက်ဆံရေးပြောင်းလဲသွားတာကို သတိပြုမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဂ္ဂိုဝ်..မင်းကိုငါတစ်ခုတော့ပြောပါရစေ"

"ပြောလေ"

"ဖုံတပည့်မလေးဘဝင်ကိုတော့မင်းတို့ပြဿနာကြားထဲမှာ မပါပါစေနဲ့ကွာ"

"မပါစေရပါဘူး၊ဆိုပေမယ့်ခုငါနဲ့ဇကာရီပဋိပက္ခဖြစ်နေရတာ ဘဝင်နဲ့သာအကြောင်းပဲကွ"

"ဟင်.."

"ဇကာရီက ဘဝင်ကို မုန်းတီးနေတယ်၊ မမေ့နားတာနေ နှင် ထုတ်နှိမ်းနေတယ်လေ"

"ဟာကွာ..မင်းဘယ်လိုဆုံးဖြတ်မလဲမဂ္ဂိုဝ်"

"ဘာဆုံးဖြတ်စရာလိုလို့လဲ အောင်သက်ရာ၊ မိဘထက် အရေးကြီးတာ ဘာရှိလို့လဲ၊ပြီးတော့ အခီပွာယ်မဲ့တဲ့ကိစ္စကိုငါလတ်ခံ ပြီး စဉ်းစားစရာမလိုဘူးလေ"

"မင်းနဲ့ သဝန့်တိုတာလား"

"ဒါတော့မဟုတ်ဘူး၊ ဘဝင်ကိုမုန်းတီးနေတာ၊ဝါ[illegible]တာလို မရဘူး၊ တစ်ခါက ဘဝင်နဲ့ဇကာရီ ကော်ဖီဆိုင်ရှေ့မှာ ကျေးပိတ်ရပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တိစ္ဆတစ်ရုနဲ့ စကားများဘူးတယ်၊ ဒီအပြုံးအတောကြောင့်ဖြစ်မယ်"

"ဘာမှမဟုတ်တဲ့ကိစ္စလေးကို ပုံကြီးချဲ့တာမျိုးကတော့ ကောင်းပါဘူး။ ကဲ ဒါတွေထား၊ မင်းဒီနေ့ဘာကိစ္စတွေရှိလဲ"

"မရှိဘူး"

"ဒါဆိုငါနဲ့ဂေါက်ကွင်းသွားမယ်၊ လိုက်မလား"

"ကောင်းသားပဲ၊ မေမေတို့ပြန်ရောက်ရင် သွားကြတာပေါ့၊ ဟော...ဟိုမှာ လာနေကြပြီ"

ဘဝင်နှင့်ဒေါ်မြတ်မာလာ အိမ်ကြီးထဲသို့ဝင်သည်နှင့်

"ဟင်...ဆရာရောက်နေတာကိုး"

"ဟုတ်တယ်ဘဝင် အန်တီ့ကိုလာကြည့်ရင်းဒီကောင်ကြီးနဲ့ ကွင်းသွားကြမလို့ လာပြီးခေါ်တာ၊ အန်တီ ဘယ်လိုလဲ လန်းဆန်းရဲ့ လား"

"လန်းဆန်းတာတော့ မပြောနဲ့တော့၊ ကိုယ့်စိတ်ထဲမှာ သက်တောင်ပြန့်ပြီး ငယ်သွားသလားမှတ်တယ်၊ သမီးလေးနဲ့တွေ့ နေနောက်ကျသွားတယ်"

ဒေါ်မြတ်မာလာမှ ဘဝင့်လက်ကလေးကို ဆုပ်ကိုင်ပြီးပြော



www.burmeseclassic.com

www.burmeseclassic.com



နေစဉ်

"မေမေ..သားတို့ အပြင်သွားဦးမယ်"

"သား..မသွားခင် သားကိုမေမေစကားပြောရဦးမယ်၊ စော

ထိုင်ပါဦး"

"မေမေကြီး သမီး ဈေးသွားပေးဦးမယ်"

"အေး..အေး.."

သားအမိနှစ်ယောက်စကားပြောပြီဆိုရင်ဘဝင်အလိုက်သိ

စွာဖြင့် ရှောင်ပေးခြင်းပင်၊

"မောင်သက်လဲထိုင်ဦး"

"ဟုတ်ကဲ့"

"ဘာများလဲမေမေ"

"မနေ့ညနေက မေမေ့ဆီကို မင်းယောက်ျားမလေးနှစ်

ယောက်ရောက်လာတယ်"

"ဟင်.."

"သူတို့ရောက်လာတာမေမေ့ကိုလူနာလာပြီး မေးတာတော့

မဟုတ်ဘူး၊သားနဲ့ကေရီကိစ္စကိုစကားလာပြီးပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြောကြလဲမေမေ၊ သားနဲ့စိတ်ကောက်တဲ့ကိစ္စကို ပြောတာလား"

"မဟုတ်ဘူးသား။ မေမေ သတ်မှတ်ထားတဲ့မင်္ဂလာရက် ထက်စောပြီးမင်္ဂလာပွဲကို ပြုလုပ်ချင်တယ်တဲ့"

"ဗျာ...မေမေ ဘယ်လိုအဖြေပေးလိုက်လဲ"

"သားစိတ်ထဲမှာ ဘယ်လိုမှ မဖြစ်နဲ့နော်၊ မေမေက သား ဖေဖေအတွက် ရည်စူးပြီးဆောက်နေတဲ့ကျောင်းဆောင်ကြီး မပြီး သေးမီမင်္ဂလာပွဲကို မပြုလုပ်ချင်ဘူးလေ၊ ဒါကြောင့် သတ်မှတ်ထားတဲ့ ရက်ကိုပဲ လုပ်ချင်တယ်လို့ပြောလိုက်တယ်"

"ဟူး...တော်သေးတာပေါ့၊ သားက မေမေ သူတို့တောင်းဆို တာကို လက်ခံလိုက်ပြီထင်နေတာ"

"သားရယ် လက်ခံချင်ရင်တောင် ငါ့သားဆီက အဖြေရမှ လက်ခံမှာပါ၊ သူတို့ သိပ်ပြီးကျေနပ်ပုံတော့ မပေါက်ဘူး။ အခင်း... ထက် ပြောရဦးမယ်၊ ဘဝင်လေးနဲ့ပတ်သက်ပြီးပြောသေးတယ်"

"ဟင်..."

"ဘာပြောကြတာလဲမေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဆီမှာ အရမ်းကိုတော်တဲ့ သူနာပြုဆရာမ တစ်ယောက်ကိုတွေ့ထားတယ်တဲ့၊ ဘဝင်လေးကို အလုပ်ထုတ်ပြီး သူတို့ပြောတဲ့သူနာပြုဆရာမလေးကို အလုပ်ခန့်ဖို့ပါ"

"ကောရီလက်ရှက်ပဲဖြစ်မယ်"

"မေမေကတော့ သူတို့နောက်ထပ် ဒီလိုစကားမျိုးမပြောနိုင်အောင် တစ်ခါတည်းပြောလိုက်တယ်၊ ဘဝင့်နေရာမှာ နတ်ဒေးဆေးရောလာပြီးအစားထိုးရင်တောင် လက်မခံဘူးလို့"

"အယ်.."

ဘဝင်ထိုစကားလေးကြောင့်ပီတိလေးတွေဖြစ်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ သမီးဘဝင်"

အန်တီသွယ်က စီးကရက်ပြာကို သပ်ချရင်းမေးလိုက်သည်။

"ဘာကိုလဲ"

"သမီးဘဝင်ရဲ့ မာယာခြေလှမ်း"

"တစ်လှမ်းမှတောင် မလှမ်းရသေးဘူး"

"ဟော..."

အန်တီသွယ် ရွှေအိုရောင်ပါဝါမျက်မှန်လေးကိုဖြုတ်ပြီး ဘဝင်ကိုသေချာစွာကြည့်လေသည်။

"မလှမ်းရသေးဘူးဆိုတာ လှမ်းလို့ မရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေနေတယ်လေ၊ ခုဆို မဏ္ဍိုင်မြင့်မြတ် မိစင်ကြီးက ဘဝင်တို့ သမီးအရင်းလို တော်ရှင်နေတယ်"

"သိပ်ကောင်းတဲ့ သတင်းပဲ၊ မဏ္ဍိုင့်အခြေအနေကရော"

"သူကတော့ ထုံးစံအတိုင်း ကေရီနဲ့ မပြေလည်တဲ့ကိစ္စတွေ ကြောင့် စိတ်ညစ်နေရတယ်"

"ဒါလည်း ကောင်းတဲ့သတင်းပဲ"

ဘဝင်..ကေရီကြောင့် မဏ္ဍိုင် စံစားနေရသည့်အပေါ်မှာ တော့ စိတ်ထဲ မကောင်းခဲ့ပေ။

"ကေရီဆိုတဲ့သူက ဘဝင်ကို ရန်သူပစ်မှတ်ကြီးလုပ်နေ တယ်"

"သဝန်တိုတဲ့သဘောပေါ့"

"ဒီလိုမသက်ရောက်ဘူး အန်တီသွယ်... ကေရီက သူ့ကိုယ် သူ အလုပ်ပြိုင်တက်ကင်းပြီး မဏ္ဍိုင်ဟာ သူ့အလုပ်အောက်မှာ ရှိ မထွက်နိုင်ဘူးလို့ ယုံကြည်နေတာ"

"ဒါဆိုရင်"

"မဏ္ဍိုင်ရဲ့မိခင်နဲ့ဘဝင်တို့ရဲ့သံယောဇဉ်တွေမှာ မျက်မုန်းကျ



www.burmeseclassic.com

www.burmeseclassic.com



ပူတာ..ခြောက်...အန်တီဘွယ်”

“ဘာလဲ သမီးဘဝင်”

“ကေရီတို့ဘက်က အပြီးသတ်ပွဲသိမ်းတစ်ခုကို လုပ်နေပြီ”

“ဟင်..ဘာလုပ်တာလဲ”

“မဂ္ဂိုင်နဲ့ မင်္ဂလာပွဲကို အမြန်ဆုံးဖြစ်အောင် ကြိုးစားနေကြတယ်”

“အင်း..ဒါဟာ မရိုးသားတဲ့ကိစ္စပဲ၊ ဒီကိစ္စကို ဒီအတိုင်းတော့ထားလို့မရဘူး၊ တစ်ခုခု အန်တီဘွယ်လုပ်ရမယ်”

“ဘာလုပ်မှာလဲဟင်”

“မင်္ဂလာပွဲ နှောင့်နှေးသွားအောင်ရမယ်၊ ဖြစ်နိုင်ရင် ပျက်စီးသွားတဲ့အထိကြံရမယ်၊ ကေရီမိခင် ဒေါ်ဖီဖီသူဟာ ခေတ်မီမိန်းမတစ်ဦးမှမဟုတ်ဘူးသမီးဘဝင်၊ သူလည်း အကြံကြီးတယ်”

“ဟင်..”

အန်တီဘွယ်စကားကြောင့် ဘဝင် အံ့အားသင့်သွားမိ၏

“ဘာလဲ သမီးက အန်တီ့စကားကို အံ့ဩနေတာလား”

“ဟုတ်တယ် အန်တီ၊ သူလည်း ရှမ်းသာကြွယ်ဝတဲ့ ဆွေရင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်တစ်ဦးပဲမဟုတ်လား"

"တစ်ချိန်ကတော့ ဟုတ်တယ်သမီး၊ ခုတော့ ဒီချမ်းသာ

တွေဟာ ဟန်ရေးပြရုံလောက်ပဲ ရှိတော့တယ်"

"အန်တီသွယ် ပြောတာကို သမီးသိပ်ပြီး နားမရှင်းဘူး"

"ဒီလို သမီးရဲ့ ဖေါ်ဖိုးသူဟာ လွန်ခဲ့တဲ့ (၂)နှစ်လောက်က

ရဲ့လုပ်ငန်းတစ်ခုဖြစ်တဲ့ နိုင်ငံခြားဆေးပစ္စည်းတင်သွင်းတဲ့ကုမ္ပဏီ

တခြားသူလက်ကို အပ်ရမယ့်အဆင့်ကိုရောက်လုလုဖြစ်ခဲ့ရတ

ဒါကို မဂျိုးနိုင်မြင့်မြတ်က ကြားဝင်ပြီး ကူညီပေးထားလို့ အခြေအ

မယိုင်သွားခဲ့တာပဲ၊ အရှင်းဆုံးပြောရရင် ဖေါ်ဖိုးသူပိုင်ဆိုင်တဲ့ ကုမ္ပ

ဟာ မဂျိုးနိုင်မြင့်မြတ် အပိုင်ဖြစ်နေပြီ၊ ပြီးတော့ ဖေါ်ဖိုးသူက သူ့ဘ

ဆုံးရှုံးသွားတဲ့ငွေတွေအတွက် တစ်ဖက်လမ်းကနေ ပြန်ရှာခဲ့တယ်

"တစ်ဖက်လမ်းကဆိုတာ"

"မှောင်ခိုနဲ့ ဥပဒေမကောင်းတဲ့ ရောင်းဝယ်မှုတွေပေါ့၊ မအေ

မြင်ခဲ့ပါဘူး၊ ရှုံးသထက်ရှုံးပြီး အခြေအနေဟာ လုံးလုံးကျဆင်းသွ

အထိပဲ၊ ခုဆိုရင် ဖေါ်ဖိုးသူမှာ အကြွေးတွေက သိန်းပေါင်းများ

ပြီ၊ ဒါတွေကို ဖြေရှင်းနိုင်ဖို့ဆိုတာ မဂျိုးနိုင်မြင့်မြတ်ကို သမက်အ



www.burmeseclassic.com

www.burmeseclassic.com



မြန်ဆုံးရအောင် လုပ်ပြီး ခြေရှင်းမှပဲ ရတော့မှာ”

“ခြော်…အန်တီသွယ် ပြောတာကိုသဝင်သဘောပေါက်ပြီ၊ သင်မရှင်းတာတစ်ခုရှိသေးတယ်”

“ဘာများလဲ သမီးဘဝင်”

“မဟာနွယ်ကောမိုက သူ့အမေကုမ္ပဏီမှာ မလုပ်ဘဲ ဘာလို့ ညှိုင်မြင့်မြတ်ကုမ္ပဏီမှာ ဝင်ပြီးလုပ်ရတာလဲဟင်”

“ဒါကတော့ အရှင်းကြီးပဲကွယ်၊ မဏ္ဍိုင် စီးပွားရေးတွေကို ခါတည်း အပိုင်စီးနိုင်အောင်လို့ပေါ့”

“ဒေါ်မိမိသူ့အကြံက မဟာအကြံအစည်ပဲနော် အန်တီ ယ်”

“သမီးဘဝင်ရေ…ရုပ္ပဲကသိပ်ကိုအရေးကြီးတဲ့ပွဲတစ်ခုဆိုတာ သိပြီပေါ့၊ ကိုယ့်လိုပဲ ခေါ်သားမှာ မာယာသခင်တစ်ယောက်က ရောက် ပြီ၊ အရှင်းဆုံးပြောရရင် ဒေါ်မိမိသူဟာ အန်တီသွယ်တို့ထက် သင် ခြေလှမ်းက ဦးနေတာ၊ ကိုယ့်ဘက်က သူတစ်လှမ်းလှမ်းရင် ယ်လှမ်းလောက်ကိုလှမ်းနိုင်မှ တော်ရုံကျမှာ”

“ဘဝင့်အပိုင်းကို စိတ်ချပြီးနေပါ၊ ဒေါ်မိမိသူရော မဟာနွယ်

www.burmeseclassic.com



ကောရီပါ ခွဲ့စေရမယ်"

ဘဝင် နှုတ်ဖျားမှထွက်ပေါ်လာသော ထိုစကားလေးသည်

အင်အားအပြည့်ဆုံးထွက်ပေါ်လာခြင်းဖြစ်၏။

ဘဇွင့်နလုံသားလေးထဲမဂ္ဂိုင်မြင့်မြတ်တစ်ယောက် နေ

ယူထားတာတော့ ဘဝင်အမြဲရှာမရသော ပုစ္ဆာတစ်ခုပဲ။

အနိတ်ဘီသွယ် ပြောဆိုစရာ စကားတွေကို ပြောဆိုပြီး ဘ

ပြန်ခဲ့လေသည်။ အပြန်တွင် အငှားလေးကားကို ငှားကာ ပြန်ခဲ့၏။

"ဖောင်း.."

"ဟင်.."

မဂ္ဂိုင်မြင့်မြတ်တို့ လမ်းအဝင်ဝတွင် အငှားကားဘီး

သွားသဖြင့် ဘဝင် ကားရှင်းပေးပြီး ခြေလျင် ဝင်လာခဲ့လေသည်။

ဒေါ်မြတ်မာလာ ဆေးတိုက်ရှိန်နောက်ကျမှာစိုးသဖြင့်

သွက်သွက်လျှောက်လာခဲ့သည်။

"ပွဲ..."

"အမေ့...အား.."

ဘဝင့်အရှေ့မှ မောင်းလာသော ကားမှာ ရှိန်ပြင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



တာခဲ့သောကြောင့် ခေါင်းသို့ရှောင်ပေးလိုက်ပေမယ့် ကားနှင့် ပွတ်ကာ သီတာ လေးမောင်းသွားသဖြင့် ဘင်္ဂ ခေါင်းဘက်သို့ ဟန်ချက်ပျက်ပြီး ထိုးကျသွားတော့သည်။

မောင်းထွက်သွားသည့်ကားက လှည့်ပင်မကြည့်။

"အား..ကျွတ်..ကျွတ်.."

ဘဝင်မှာခြေထောက်အဆစ်ပိုင်းသည် အရမ်းကို နာကျင်သဖြင့် အားပြုပြီးလျှောက်ပေမယ့်မရ ခေါင်းမှ ကုတ္တိုပင်ကြီးကို မှီပြီး နေလိုက်သည်။ ဒဏ်ရာအနည်းငယ်သက်သာမှ လျှောက်လိုက်သည်။

"အား.."

ဘဝင်ခြေထောက် မြေပြင်တွင်ထိ၍တောင်မရတော့ပေ။

"ကျွီ..."

"ဘဝင်နဲ့သာ"

"ဟင်..ကိုမဏ္ဍိုင်မြင့်မြတ်"

ဘဝင်ခေါင်းတွင်ကားလေးထိုးရပ်ပြီး မဏ္ဍိုင်မြင့်မြတ် ခေါင်းပြခင်းလာကာ တွဲလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ဘဝင်နဲ့သာ"

"ဟို ကားတစ်စီးအရှိန်နဲ့မောင်းလာပြီး ကပ်ပွတ်သွားတာ"

"ဘာ..."

ဘဝင့်စကားကြောင့် မဂ္ဂိုင်မြင့်မြတ်မျက်ဝန်းတွင် တစ်ခု

တစ်ရာကိုတွေ့မိလေသည်။

မဂ္ဂိုင်မြင့်မြတ် လမ်းထဲမှ ထွက်လာသည့်ကားဆီ

မဟာနွယ်ကောရီကားတစ်စီးသာရှိသည်။

မဂ္ဂိုင်မြင့်မြတ်ကို ကောရီတွေ့တော့ ဘားရပ်ပြီး စကားပြော

ခဲ့ပေမယ့် ဘဝင်နှင့်ပတ်သက်ပြီး တစ်ခွန်းမှမပြောခဲ့ပေ။

ဘဝင်ကတော့ သူမကို ဘယ်သူ့ကားက ရမ်းကားသွားတယ်

ဆိုသည်ကိုတော့ မသိပေ။

"ဆေးခန်းကိုသွားမလား"

"သွားချင်တယ်၊ ခြေထောက်က လုံးလုံးကို မထောက်နိုင်

ဟိုဟို မေမေကြီးကို ဆေးတိုက်ဖို့ရှိသေးတယ် အစ်ကိုနဲ့"

"ဒါဆို အိမ်ကိုသွားပြီး မေမေသောက်ရမယ့်ဆေး

ကိုယ့်ကိုပြလေ၊ မေမေ့ဆေးတိုက်ပြီးမှ သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မဏ္ဍိုင်မြင့်မြတ်အိမ်ထဲဝင်လာတော့သည်။

အိမ်ကိုရောက်တော့ ဒေါ်မြတ်မာလာကို အကြောင်းစုံပြော

လိုက်သည်နှင့်

"ဘာ... ဘယ်ကကားလဲ"

"မသိဘူး မေမေကြီး"

"နေဦး... သမီးကို ပွတ်ဆွဲသွားတာကြာပြီလား"

"အများဆုံးမိနစ် (၂၀)လောက်တော့ရှိပြီ"

"ကားအမျိုးအစားကရော"

"(× × × ×)အမျိုးအစား၊ အနက်ရောင်လေးပါ"

"ဟင်..."

ဒေါ်မြတ်မာလာ မျက်နှာညှိုးသွားပြီး မဏ္ဍိုင်မြင့်မြတ်ကို

ကြည့်လေသည်။ ဘာမှတော့မပြော။

"သား...သမီးလေးကိုဆေးခန်းကိုသွားပြီး ပို့ပေးလိုက်၊

သောက်ရမယ့်ဆေးကိုထားခဲ့...ရတယ်"

"အဝင်နဲ့သာ...သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကို"

မဣကိုင်မြင့်မြတ်… ဘဝင့်လက်မောင်းလေးကိုဖေကျွ၍ ပ

ရိုန်မှာတော့ အတိုင်းအဆမဲ့ကြည်နူးမှုလေးတွေကရင်မှာအပြည့်

၊ ၊ ၊



www.burmeseclassic.com

www.burmeseclassic.com

"သားရေ...ဧကာ"

ဒေါ်မြတ်မာလာ...အပြင်သွားရန် ပြင်ဆင်ပြီးအောက်သို့ ဆင်း လာသော မဣိုင်မြင့်မြတ်ကို ဧည့်ခန်းထဲမှ လှမ်းပြီးခေါ်လိုက်သည်။

"မေမေ...သားကိုပြောစရာရှိလို့လား"

"ရှိတယ်သား...အချိန်ရတယ်မဟုတ်လား"

"ရပါတယ်...ဧကာရီ အတင်းပူဆာနေလို့ သမ္မတရုံမှာ ရုပ်ရှင် သွားပြီးပြမလို့ပါ၊ စောပါသေးတယ်"

"ဒါဖြင့် ခဏထိုင်ဦး"

ဒေါ်မြတ်မာလာ...မဣိုင်ကို ကောအစခင်ဘဝင်ကိုးမှမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ ဘဝင်မကြိုက်ဘဲ တွင်ဘုရားပန်းအိုးလဲရန် ပန်းရှာနေလေသည်။

"မင်းနဲ့ ကောရီအခြေအနေ ဘယ်လိုလဲ"

"သားတို့အခြေအနေက အရင်တိုင်းပါပဲ၊ ဘာဖြစ်လို့လဲ မေမေ"

"မင်း မေမေ့ကို ဖုံးဖိထားလား"

"ဟာ...မဟုတ်ရပါဘူး မေမေ"

"အင်းလေ...ထားလိုက်ပါတော့၊ ငါ့သားရင်ထဲမှာ ကောရီနဲ့ ပတ်သက်ပြီး ဘဝင်မတွေ့စရာတွေများ ရှိနေမလားလို့ပါ"

မဂ္ဂိုင်မြင့်မြတ် အမေဖြစ်သူ၏ စကားကို ဝန့်စံရှင်ပေမယ့် သူ့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်မှာကို မလိုလားသောကြောင့် မပြောခဲ့ပေ။ ကောရီနှင့်ပတ်သက်ပြီး စိတ်ပျက်စရာတွေ ရှိနေသည်ကတော့ အမှန်ပင်။

"မရှိပါဘူးမေမေ"

"ဟိုတစ်နေ့က သမီးဘဝင်ကို ကားနဲ့ပွတ်ပြီးတိုက်သွားတော့ ကောရီဆိုတာတော့ သားသိမှာပေါ့"

"ဟုတ်ကဲ့ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ ကောရီရဲ့မကောင်းခဲ့သောစိတ်ဓာတ်တစ်ခုပဲသား။ င်းတို့နှစ်ယောက်ကြားမှာ မေမေသာမဝင်ပြီးမပြောချင်ဘူးဆိုပေ သို့မေမေ့ဘက်ကစကားတစ်ခွန်းတော့ရှင်းအောင်ပြောထားမယ်"

"ပြောပါမေမေ"

"သမီးဘဝင်နဲ့ပတ်သက်ပြီး ကောရီရဲ့အပြုအမူတွေကို မြင် ိုးပါ။ မမြင်ဘူးဆိုရင်တော့မေမေ တစ်ခုခုကိုဆုံးဖြတ်ရလိမ့်မယ်"

မဂျိုင်မြင့်မြတ်လည်းကောရီ၏ဘဝင့်အပေါ်ဆက်ဆံရေးကို ကြိမ်ကြိမ်ပြောဆိုခဲ့ပေမယ့်မရသောကြောင့်စိတ်ညစ်နေသည်။

ခုလို မေမေ့ဘက်က သဘောထားကို ပြတ်ပြတ်သားသား ပြောလာပြီဖြစ်သောကြောင့် ကောရီအတွက် မဂျိုင်မြင့်မြတ် နောက် ဆုံးသတိပေးစကားကိုပြောရတော့မည်ဖြစ်သည်။

"ဟူး..."

မေမေ ဒေါ်မြတ်မာလာနှင့် ပြောစရာစကားကုန်သွားပြီဖြစ် သောကြောင့်အိမ်အပြင်သို့ထွက်ခဲ့သည်။

"အစ်ကို.."

"ဘဝင်နဲ့သာ"



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်ခြေထောက်အင်္ဂါရာက အရှင်းကြီးပျောက်သေးတော့ မဟုတ်သောကြောင့်ခြေတစ်ဖက်ကို အားပြုပြီးလျှောက်နေရ၏။

"အစ်ကို ညစာ ပြန်စားမှာလား"

"ပြောမရဘူး ဘဝင်နဲ့သာ...ဘာဖြစ်လို့လဲ"

"အစ်ကိုကြိုက်တတ်တဲ့ ရှဉ့်ပေါင်ကြော်လေးလုပ်ထားလို့ပါ"

"ဪ...အေးအေး... ကိုယ်ပြန်စားမယ်၊ ခြေထောက်အင်္ဂါရာ အကောင်းမသေသေးဘဲ လမ်းသိပ်ပြီးမလျှောက်နဲ့နော်"

"ဟုတ်ကဲ့၊ ဘုရားပန်းအိုးကို ကိုယ့်စိတ်ကြိုက်ရှုပြီး တင်ချင်လို့ပါ"

မဟ္ဆိုင်မြင့်မြတ် ကားပေါ်သို့တက်ပြီးမောင်းထွက်လာခဲ့သည်။ မနေ့ညနေ ထမင်းစားချိန်က ရှဉ့်ပေါင်ကြော်လေးနှင့်ပတ်သက်ပြီး မဟ္ဆိုင်မြင့်မြတ် တောင်းဆိုခဲ့သဖြင့် ဘဝင် စီမံထားခြင်းဖြစ်၏။

ကောရီနှင့်ရှပ်ရှင်ကြည့်ပြီး မြို့ထဲတွင် တစ်ခုခုစားမှာကိုသာ ရာသေသောကြောင့်အိမ်မှာမစားဘူးဟု ဆုံးဖြတ်ထားပေမယ့်မှု့အတွက် ပြင်ဆင်ထားသည့် ဘဝင့်စေတနာလေးကို မသိကျိုးကျွန်ပြုသလိုဖြစ်

www.burmeseclassic.com



နှာတို့လည်းမလိုလားပေ။

အိမ်မှာ သူကြိုက်သည့် ရှဥ့်ပေါင်ကြော်လေးနှင့်ထမင်းကာ တော့ စားရမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင့်မေမေစကားက သိပ်ပြီးမဟုတ်ဘူး၊ ကိုယ်နဲ့ တ
သက်လုံး နေရမယ့် ချွေးမထက် ဘာမဟုတ်တဲ့ သူနာပြုဆရာမတို့
ကောင်းနေတာတော့ သိပ်ပြီးအဓိပ္ပာယ်မရှိဘူး၊ ဘာလဲ ဒီဟာမတို့
ချွေးမတော်ချင်နေလို့လား"

"တေနီ့.မင်းစကားတို့ပြစ်ကျွာ"

မဂျိုပ်မြင့်မြတ် ဒေါသသံလေးပါသွားသည်၊

နှစ်ယောက်အတူတူ ရုပ်ရှင်ကြည့်ဖို့ထွက်လာပေမယ့် တ
ပေါ်မှာတင် အခြေအနေကတင်းမာပြီး ရုပ်ရှင်ရုံဘက်သို့မရောက်ဘဲ
ကော်ဖီဆိုင်လေးတစ်ခုတွင် ဝင်ထိုင်ကာ ပဋိပက္ခကို ဖြေရှင်းရင်း ပို၍



www.burmeseclassic.com

www.burmeseclassic.com



ရှိမ်းတွေးလာသည်။

"ကေရီစကားက ဘာမှမလွန်ဘူး"

"ရွေးမဖြစ်တာနဲ့ မဟုတ်တာ လုပ်တာကို မျက်လုံးမှိတ်ပြီး ဘာမှမပြောရတော့ဘူးလား"

"ကေရီက ဘာမဟုတ်တာတွေလုပ်လို့လဲ"

"ဘဝင်ကို ကားနဲ့ပွတ်ပြီးဆွဲသွားတဲ့ကိစ္စလေ"

"ဒါက တမင်လုပ်တာမှမဟုတ်တာပဲ၊ သူက လွတ်လွတ် ကျွတ်ကျွတ်မှ မရှောင်တာ"

"ကေရီရယ်...ဘယ်သူမှ ကိုယ့်ကိုသေမင်းဆီပို့မယ့်ကားကို မျက်နှာချင်းဆိုင်ပြီးတော့ ဝင်ပြီးမတိုးကြပါဘူး"

"ဘာလဲ...မောင်က ကေရီတမင်လုပ်တယ်လို့ဆိုလိုတာလား"

"မောင် ဆက်ပြီးမပြောချင်တော့ဘူး ကေရီ့ရဲ့ စေ့စေ့မပြောတဲ့ စကားပေါ်မှာ ကေရီ နားလည်မယ်လို့ပဲယုံကြည်တယ်"

"တကယ်လို့ ကေရီက နားလည်မှုမပေးဘူးဆိုရင် မောင် ကရော ဘယ်လိုဆုံးဖြတ်မလဲ"

"မောင့်ဘဝမှာဓိစင်ကို ဆန့်ကျင်ပြီး ဘာတစ်ခုမှ မလုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးကေရီ"

"ဘာ..."

"မောင့်မေမေက နလုံးရောဂါသည် တစ်ဦးလေ၊ မောင်

ကြောင့်မေမေ တစ်ခုခုဖြစ်သွားမှာကိုမလိုလားဘူး။ မောင်မေမေ့စကား

ကိုဘယ်လောက်ထိ နားထောင်တတ်သလဲဆိုတာကေရီသိမှာပါ"

"မောင်..."

ကေရီထံမှ စကားလေးတွေ ဆက်ပြီးထွက်မလာတော့ပေ

ဒေါ်မြတ်မာလာကြောင့် စေ့စပ်သည်အထိ ဖြစ်ခဲ့ရသည့် အတိတ်

ကလေး ရှိခဲ့တာကိုမဟာနွယ်ကေရီသိနေခြင်းကြောင့်ပင်။

"မောင့်ကို ကေရီတစ်ခုမေးချင်တယ်"

"မေးပါ ကေရီ"

"မောင်...ကေရီကိုချစ်သူတစ်ယောက်လိုရော သဘောထား

မိရဲ့လား"

"ကေရီ.. ချစ်သူတစ်ယောက်ပေါ်မှာ ချစ်တယ်ဆိုတဲ့ စကား

လုံးထက်အရေးကြီးတာက ကိုယ်ကျင့်တရားအပြည့်နဲ့ စောင့်ခြင်း

ခုကိုယ့်ဘေးမှာ ကေရီကလွဲပြီး တခြားဘယ်မိန်းကလေးတစ်ဦးတစ်



www.burmeseclassic.com

www.burmeseclassic.com



သာတော်နဲ့မှမတွေ့ခဲ့ဘူး"

မဟာနွယ်စေတရီကြားရှင်သောစကားလုံးက ထိုသို့မဟုတ်၊ ကျိုင်မြင့်မြတ် နှုတ်ဖျားမှ ချစ်တယ်ဆိုသော စကားလုံးပင်ဖြစ်၏၊

မကျိုင်မြင့်မြတ်နှင့် မဟာနွယ်စေတရီ ချစ်သူလို့ သတ်မှတ်ခဲ့ပြီးမယ့် မကျိုင်မြင့်မြတ်နှုတ်ဖျားမှ ချစ်တယ်လို့ တစ်ကြိမ်တစ်ခါမှ ပြောခဲ့ခြင်းမရှိပေ၊

"ဟော့...နွယ်"

"ဟင်...ကိုကိုလာတ်"

ကော်ဇီဆိုင်ထဲသို့ တီရှပ်လက်ပြတ်အနက်နှင့်ဝင်လာသော ယောကျ်ားတစ်ယောက်က လှမ်းပြီးနှုတ်ဆက်ပြီး မကျိုင်မြင့်မြတ်တို့ ခုံဝိုင်းတွင် ဝင်ပြီးထိုင်လေသည်၊

"နွယ်...သူက မင်းပြောတဲ့မကျိုင်မြင့်မြတ်ဆိုတာလား"

"ဟုတ်တယ်ကိုကိုလာတ်"

"လူကလူချောပဲဟော့၊ ဒြော်...နွယ်ဝါပြောထားတဲ့ကိစ္စဘယ်လိုလဲ အခုဖြေပေးဦးလေ"

"နေပါဦး...နွယ် မာမီနဲ့မပြောရသေးဘူး"

www.burmeseclassic.com



"ဒါဆိုတော့ နင်ညာပြန်ပြီ"

"ဘာလို့"

"နင့်မှာမီးနဲ့ငါမနေ့ကတောင်တွေ့ခဲ့လို့မေးတော့ နင့်သ

တဲ့၊ ဘာလဲ နင်က စွင့်ပြုချက်မရလို့လား"

မဏ္ဍိုင်မြင့်မြတ်...ကောရီနှင့်ကိုကိုလတ်ဆိုသူ စကားဆိုင်

စိတ်မဝင်စားသလိုသာ နေလိုက်သည်။

မဏ္ဍိုင်မြင့်မြတ်လည်း ခေတ်နောက်ကျသူမဟုတ်ပေ

ကိုကိုလတ်ဆိုသူ၏ပြောဆိုမှုဝတ်စားဆင်ယင်မှုတွေက မျက်စိနေ

ရောပေ။

နားရွက်၊ လက်တွေ၊ လည်ပင်းတွေမှာ ဆွဲထားသည့်

တွေက ဘာတွေမှန်းပင် မသိပေ။

"နင့်လူက ဘော့(စ်)ပဲဟာ၊ နင်ဖြစ်ချင်တာကို ငွေ

တစ်ရာလောက်မကုန်ပါဘူး၊ အမြင့်ဆုံးကိုရောက်သွားမယ်"

ကိုကိုလတ်...မဏ္ဍိုင်မြင့်မြတ် ဘက်ကိုကြည့်ပြီးပြော

ပေမယ့် မဏ္ဍိုင်မြင့်မြတ် မသိဟန်ဆောင်ကာပဲနေလေသည်၊

ဘာတွေကိုလုပ်ဖို့ပြောထားသလဲဆိုတာမသိ၊



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကိုမိတ်ဆက်ပေးဦးမယ်၊ သူက ဒါရိုက်တာ နေဘင်ဦး ဆိုတာလေ၊ သူရိုက်တဲ့ကားတွေက အရမ်းကိုပေါက်တာ"

"ဪ...ဟုတ်လား၊ ကျွန်တော်က ရုပ်ရှင်ဗီဒီယို သိပ်ပြီး ကြည့်တော့ မသိဘူးဗျာ"

မဏ္ဍိုင်မြင့်မြတ် အမှန်တိုင်းပင်ပြောလိုက်သောစကားဖြစ် သည်။

မဏ္ဍိုင်မြင့်မြတ် အနုပညာခံစားမှုနဲ့တော့ ကင်းကွာသူ မဟုတ်ပေ၊ ရုပ်ရှင်၊ဗီဒီယိုထက် သီချင်းဘက်ကို ပိုပြီးနစ်သက်သည်။ အိမ်မှာ စန္ဒရားကိုတီးနေသူဖြစ်သည်။

"နွယ်...ပါသွားဦးမယ်၊ ရှိန်းထားတာလေးရှိလို့၊ မနက်ဖြန် ရှုတင်တစ်ခုရှိတယ် လာခဲ့ပါလား"

"အင်း...အချိန်ရရင် လာခဲ့ပါမယ်"

ကိုကိုလတ်က မဏ္ဍိုင်ကိုနှုတ်မဆက်သလို မဏ္ဍိုင်ကလည်း ကိုကိုလတ်ကို နှုတ်မဆက်ပေ။

"မောင်"

"ဘာလဲ ကေရီ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဆေးဆက်ဆံရေးကာ ညှံ့နေသလိုပဲ"

"မင်းမြင့်သည့်ရဲ့ဆက်ဆံရေးကပိုပြီးညှံ့တယ်ကေရီ။ မော

က ကမ္ဘာပတ်ပြီး လူမျိုးပေါင်းစုံနဲ့ဆက်ဆံခဲ့ဘူးသူပါ။ ခုလို ယဉ်ကျေ

ဂါရဝတရားမဲ့တဲ့ ဆက်ဆံရေးကို သွားမြင်ပြီး မဆက်ဆံနိုင်ဘူး။ သူ

ကိုယ်က တစ်ခါမှ သိကျွမ်းဘူးတာမဟုတ်ဘဲ၊ သူပြောဆိုမှုတွေ

စည်းကမ်းမဲ့တယ်လေ"

"ဒါကတော့ကေရီပေါ်မှာ ရင်းနှီးတဲ့အတိုင်းအတာနဲ့ဆက်

တာပဲဟာ"

"ကေရီနဲ့ ရင်းနှီးတာ မောင်နဲ့ရင်းနှီးတာမဟုတ်ဘူး"

"မောင်…"

ကေရီမျက်နှာပေါ်တွင်မကျေနပ်မှုတွေ ထွက်ပေါ်လာပေ

ရုက်ရှင်းရုပ်သိမ်းပြီးနေလိုက်သည်။ ဒါကလည်းကေရီ့ မကျိုင်မြင်

ကိုအလျှော့ပေးပြီး သူလုပ်ကိုင်ရှင်သော ဗီဒီယိုသရုပ်ဆောင်မင်း

အတွက်ပင်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြတ်မာလာ၏အသက် (၆၀) ပြည့်မွေးနေ့ကို ကျွေးမွေးဧည့်ခံမှုကြီးမလုပ်ဘဲ ဘုန်းကြီးကျောင်းတွင် သံဃာတော်များကို ဆွမ်းကပ်၊ ရွှေတိဂုံဘုရားတွင် ကုသိုလ်ဒါနပြုမှုတစ်ခုကိုပဲ ပြုလုပ်မည်ဖြစ်သည်။

"သမီးရေ… ဆွမ်းကော်စွတွေပြီးပြီလား"

"ပြီးပါပြီ မေမေကြီး"

ဘုန်းကြီးကျောင်းတွင် သံဃာတော်များကို ဆွမ်းသွားကပ်ရန်အတွက် ဘဝင်ကိုယ်တိုင် ချက်ပြုတ်ပြင်ဆင်နေခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းသို့ ဒေါ်မြတ်မာလာ၊ မဏ္ဍိုင်မြင့်မြတ်၊ ဘဝင်နှင့်အိမ်တွင် လုပ်ကိုင်နေသော ဒေါ်ရှိတို့သာ သွားကြမည်ဖြစ်သည်။

ဒေါ်ရှိနှင့်ဘဝင်တို့ ရှိုင့်တွေကိုဆွဲပြီးအပြင်သို့ထွက်လာခဲ့ကြသည်။

"မေမေတို့ရှယ်၊ အပင်ပန်းခံလို့၊ အပြင်ကနေမှာယူပြီးဝယ်ကပ်လိုက်လည်းရတာပဲဟာ"

BURMESE CLASSIC

"ဟဲ့သား... ကပ်တာချင်းတူပေမယ့် မတူတာရှိသေးတယ်၊ ကိုယ်တိုယ်တိုင်ချက်ပြုတ်ကပ်လှူတော့ စိတ်တိုင်းကျတဲ့ စားဖွယ်သောက်ဖွယ်ကိုလှူရတယ်၊ အပြင်ကဘယ်လောက်ပဲကောင်းကောင်း ကိုယ်တိုင်ချက်တဲ့ဟင်းထမင်းလောက် စေတနာမပါနိုင်ဘူးသား"

ဒေါ်မြတ်မာလာ စကားကြောင့် မဏ္ဍိုင်မြင့်မြင့် စကားမဆက်နိုင်တော့ဘဲ ကားကိုသာ အာရုံစိုက်ပြီးမောင်းနေလေသည်။

"ပြော်.. သားမနေ့က မန္တလေးကဖုန်းဆက်တယ်"

"ရက်ကန်းရုံကလား"

"မဟုတ်ဘူးသား.... သားတောဝန်ထမ်း... [illegible]



www.burmeseclassic.com

www.burmeseclassic.com



သတာအဆောက်အဦက ပြီးသွားပြီတဲ့၊ ဖွင့်ပွဲလုပ်ဖို့ရက်ကို သား
တ်ကပေးဖို့ လှမ်းပြီးပြောတာ"

"သားက မေမေ့မွေးနေ့မှာ အပြီးသတ်ရင် ဖွင့်ပွဲတစ်ခုကိုလုပ်
ချိုပါ၊ မပီတော့ဘူး"

"သားရယ်..မေမေထက် ဒီလောကကြီးမှာ မရှိတော့တဲ့ မင်း
မေအတွက် အဓိကထားပါ၊ မေမေက မသေခင်သားရှေ့ လှုရှင်
တွေ၊ စိတ်ကြိုက်ကုသိုလ်ပြုနိုင်ပါတယ်ကွယ်"

"ဒါဆို မေမေ့ နှစ်ပတ်လည်နေ့ကိုပဲ သတ်မှတ်လိုက်မယ်"

"ကောင်းတာပေါ့ သားရယ်"

"မေမေပါ လိုက်နိုင်ပါ့မလား"

"လိုက်ရမှာပေါ့၊ ဒီက သမီးဘဝင်ပါ ခေါ်သွားရမယ်"

မေမေက ဘဝင်ကိုခေါ်သွားရမယ်ဆိုခြင်းကြောင့် ကေရီကို
ချိုင်သဝတ်ရပေမယ့် ခေါ်သွား၍မဖြစ်ပေ။

ကေရီနှင့်မေမေ၊ ဘဝင်တို့ကြားမှာ သူ စိတ်ညစ်မခံနိုင်ပေ။

ကေရီနှင့်ပတ်သက်ပြီး ခုတလော ကြားနေရသောသတင်းတွေ
ကြောင့် စိတ်ထဲမှာ ခံပြင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီကို ပုံမှန်လာရောက်ခြင်းမရှိဘဲ ဓာရီမောင်ဝင်း
တော်စပ်သည့်ကျော်သက်ကိုမဂ္ဂိုင်ကိုဘာမှအသိမပေးဘဲမန်နေ
ခန့်ထားပြီး သူက ကိုကိုလတ်ရိုက်ကူးသော ရှုတင်တွေဆီကိုသာ
နေသည်။

တစ်လတစ်ကြိမ် ကုမ္ပဏီငွေကြေးရှင်းတမ်းကိုလည်း စုချ
လုပ်သည်မှာ (၃)လကျော်နေလေပြီဖြစ်သည်။

BURMESE CLASSIC

ကုမ္ပဏီမှမဂ္ဂိုင်ဖြန့်ဖြတ်စိတ်ရုရုံးလူဆီက ကြားရသည်
နောက်ဆုံးသတင်းအရကုမ္ပဏီအမြတ်ငွေတွေရှိနေပေမယ့် ဘဏ်
သို့ အကုန်မရောက်သောကိစ္စပင်။

မဂ္ဂိုင် ငွေကြေးကိစ္စနှင့်ပတ်သက်ပြီး ဓာရီကို မပြောချင်
ပေ၊ ဒါပေမယ့် အဓိပ္ပာယ်မဲ့လုပ်ရပ်ပေါ်မှာတော့ သည်းခံ၍မဖြစ်ပေ။

ဓာရီတို့ စုလို လူကုံထံကြားတွင် ဟန်မပျက်ရပ်တည်နိုင်
အောင် မဂ္ဂိုင်များစွာရ ထောက်ပံ့ကူညီပေးထားသူဖြစ်လျက်နှင့် ဓာရီ
ဘက်မှ စုလိုစည်းကမ်းမဲ့လာသည်ကိုတော့ မဂ္ဂိုင်လက်ပိုက်ပြီးကြည့်
နေ၍မရတော့ပေ။

မေမေ ဒေါ်မြတ်မာလာသာ သိခဲ့လျှင် အံ့ဩအခံနေက ဖိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပါသွားနိုင်သည်။

မေမေကကောရီကိုကုမ္ပဏီတွင်မန်နေဂျာအဖြစ်ထားသည်

သိပ်ပြီးသဘောတွေ့ခဲ့သည်မဟုတ်။ ထို့ကြောင့်မဂျိုင်သည်ကောရီ

အပ်မှကာကွယ်ပေးပြီးထားခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတွင် ဖေဖေ့လက်ထက်ကတည်းက လုပ်ကိုင်ခဲ့ကြ

သာသူများရှိသလို မေမေနှင့်ရင်းနှီးကျွမ်းဝင်သူများလည်းရှိ၏။

ကုမ္ပဏီ၏သတင်းကိုမေမေ့နားထဲ အချိန်အခါမရွေးရောက်

နိုင်သည်။

မဂျိုင်က မြန်မာနိုင်ငံတွင် အချိန်ပြည့်နေရသူမဟုတ်ပေ။

နိုင်ငံခြားမှာ လုပ်ကိုင်နေရသော ကုမ္ပဏီကိစ္စတွေနှင့်သွားလာနေရ

သောကြောင့်မြန်မာနိုင်ငံကုမ္ပဏီတာဝန်တွေကို ဇိဇိစိစိမလုပ်နိုင်ပေ

သို့ဖစ်တော့မထားပေ။

မဂျိုင်မြင့်မြတ်ကုမ္ပဏီကို ရောက်ရင်ကောရီပြောသမျှတွေ

နှင့်သာပြန်ခဲ့ရပြီး အလုပ်သမားများ၏အခြေအနေတွေကို အနီးကပ်

သိခွင့်မရခဲ့ပေ။

မဂျိုင်မြင့်မြတ်တို့ လာသော ဘုန်းကြီးကျောင်းလေးမှာ

www.burmeseclassic.com



ငွေကြေးချမ်းသာသူတွေ ကိုးကွယ်သော ဘုန်းကြီးကျောင်းလေးတစ်ခု မဟုတ်ဘဲ လွှန်စွာဝေးသော လှည်းကူးဘက်မှ ဘုန်းကြီး ကျောင်း လေးတစ်ခုပင်ဖြစ်၏။

လှည်းကူးမြို့ကလေးသည် မေမေ ဒေါ်မြတ်မာလာ၏ ဇာတိ ရပ်မြေဖြစ်သော ရွာလေးပင်ဖြစ်သည်။

ဖေဖေနှင့်အိမ်ထောင်ကျပြီးမှ မန္တလေးသို့ရောက်ခဲ့ခြင်းပင်။

ဘုန်းကြီးကျောင်းဝန်းလေးထဲသို့ ကားလေးမောင်းဝင်လာ သည်နှင့် နှစ်ထပ်ကျောင်းဆောင်ကြီးဆောက်လုပ်နေဆဲကိုတွေ့နေ ရလေသည်။

"သမီး"

"ရှင်…မေမေကြီး"

"ဟိုကျောင်းဆောင်ကြီးက မင်္ဂလာနိုင့်ဖေဖေအတွက် ရည်စူးပြီး ဆောက်လုပ်နေတာလေ၊ ပြီးခါနီးပါပြီ"

ကားပေါ်မှအောက်သို့ဆင်းသည်နှင့် ကျောင်းထဲရှိ ကျောင်း သားလေးတွေနှင့် ကပ္ပိယကြီးက ဆွမ်းချိုင့်တွေကို ပိုင်းပြီးယူကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်က ဒေါ်မြတ်မာလာကိုတွဲပြီးကျောင်းထဲသို့လျှောက်
သွားခဲ့ကြ၏။

"အရင်ကဒီကျောင်းလေးက အရမ်းကိုဆင်းရဲတယ်ကွယ်"

"ခြော်...ဟုတ်ကဲ့"

"မမကြီးဘဝလေး ပြောင်းလဲခဲ့မှ ကျောင်းကြီးကို ခုလို
ခြေအနေမျိုးထိရောက်အောင် ဆောက်ခဲ့ရတာ၊ ဒီကျောင်းထိုင်
ဆရာတော်ကြီးဟာ မမကြီးတို့ ကျေးဇူးရှင်ပါကွယ်"

ဘဝင်ကို ဒေါ်မြတ်မာလာ ရှင်းပြရင်း မျက်နှာပေါ်တွင် ဝမ်း
နည်းမှုရွေးမှုလေးတစ်ခုကို ဘဝင်တွေ့လိုက်ရသည်။

"သမီးလေးနဲ့ ဒီနေရာကိုအတူလာရတာ မမကြီးစိတ်ထဲ
က အရမ်းကိုကြည်နူးစရာလေးဖြစ်ခဲ့ရပါတယ်ကွယ်၊ မမကြီးဘဝ
မှာ ဘယ်တော့အခါမှ ပြန်ပြီးမတွေ့ရတော့တဲ့ လူတစ်ယောက်နဲ့အတူ
လာနေရသလိုပါပဲ"

"ဟင်..."

မမကြီးဒေါ်မြတ်မာလာစကားထဲတွင် အဓိပ္ပာယ်တစ်ခု
ရှိနေသလို ကျောင်းကြီးအပေါ်ထပ်သို့တက်လာပြီး ဆရာတော်ကို



www.burmeseclassic.com

ဝင်ပြီး မှုးရှိန့်တွင်

"မာလာ..သူ...သူ...သီတာ"

ဘဝင်ကိုကြည့်ပြီး ဆရာတော်မှာ အံ့အားသင့်နေလေသည်

"ဆရာတော်ဘုရား...ဒီသမီးလေးဟာ သီတာနဲ့ခွဲမရအောင်

တူနေတာကို အံ့ဩနေတာလား"

"ဟုတ်တယ်ကွယ်၊ သီတာတစ်ယောက် လူ့လောကကြီးထဲ

မှာ ပြန်ပြီးရောက်နေသလိုပဲ၊ အင်း...အင်း... မင်းတို့နှစ်ယော

အကြောင်းကို ဘုန်းဘုန်းတွေးမိရင် စိတ်ထဲမကောင်းဘူးကွယ်၊ တဲ

လေ၊ ပြီးခဲ့တဲ့အတိတ်ကို သောကရောက်နေလို့ဘာမှ မဖြစ်တော့ဘူ

က်ကြမ္မာရေးဖြတ်ပေးတဲ့အတိုင်း ပုထုဇဉ်အားလုံး ရင်ဆိုင်ကြ ရတွေ

မှာပဲ"

ဘဝင် ဘေးမှာထိုင်ပြီး ပြောနေသောစကားတွေကို ဘာမှနာ

မလည်နိုင်ပေ။

"မာလာ..ရောက်လာပြီလားဟေ့"

"တင်ပါ့ ဦးပဉ္စင်းစံ"

ဒေါ်မြတ်မာလာထက် အသက် (၁၀)နှစ်ခန့်ကြီးသော

www.burmeseclassic.com



ဦးပခွင်းကြီးတစ်ပါးကျောင်းပေါ်သို့တက်လာရင်းရေရှုတွင် ဝင်ပြီးထိုင်လိုက်သည်။

"ဦးပခွင်းစံ"

"ဘုရား..."

"ဒီအကာဲမလေးကိုကြည့်စမ်း"

"ဟာ..."

ဦးပခွင်းစံ တပ်ထားသောပါဝါမျက်မှန်ကြီးကိုချွတ်ပြီး ဘဝင်တိုသေချာစွာကြည့်လေတော့သည်။

"သီတာ ငယ်ငယ်ကရုပ်နဲ့ တစ်ထပ်တည်းပါလားကွယ်၊ အင်း...တကယ်အံ့ဩစရာပါလားကွယ်"

မဂ္ဂိုင်မြင့်မြတ်ကတော့ မေမေ ဒေါ်မြတ်မာလာ အကြောင်းကိုသိထားသူဖြစ်သောကြောင့် သိပ်ပြီးအံ့အားမသင့်တော့ပေ၊ ဘဝင်နှင့်မေမေ့သူငယ်ချင်းခွဲမရအောင်တူသည်ကိုကား စမှပင်သိရသည်။

ဒါကြောင့်လဲ မေမေ ဘဝင်ပေါ်မှာ အရမ်းကို သံယောဇဉ်ရှိခဲ့ခြင်းပင်။

"ဧွမ်းကပ်ဖို့ ပြင်ခိုင်းထား ဦးပခွင်းစံ"



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့"

ဦးပဥ္စင်းစံ... ဆရာတော်အမိန့်ရှိတဲ့အတိုင်း ခေါင်းထဲ

ပြန်ဆင်းသွားပြီး ဆွမ်းကပ်ရန် ပြင်ဆင်လေတော့သည်။

"သမီး ဘဝင်"

"ရှင်...မေမေကြီး"

"မေမေကြီးနဲ့အတူ သံဃာတော်တွေကို ဆွမ်းကပ်ရအော

နော်"

"ဟုတ်...ဟုတ်ကဲ့"

ကျောင်းအောက်ရှိ ဆွမ်းစားဆောင်သို့ ဆင်းလာကြ

အသင့်ပြင်ထားသော ဆွမ်းဝိုင်းများကို ရောက်ရာ ဒေါ်မြတ်မာလ

မဏ္ဍိုင်မြင့်မြတ်၊ ဘဝင်တို့က စားပွဲဝိုင်းကို မ,ပြီး သံဃာတော်တွေ

ဆွမ်းကပ်သည်။

"သီတာရေ...မင်းနဲ့အတူငါ ဆရာတော်ကိုဆွမ်းကပ်နေပြီ

လို့ငါ့ရင်ထဲမှာ ခံစားနေရပါတယ် သူငယ်ချင်းရာ..."

ဒေါ်မြတ်မာလာ မျက်ဝန်းအိမ်တွင် မျက်ရည်ဥလေးများ စီ

ခိုနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သံယာတော်များကိုဆွမ်းကပ်ရေစက်ချတရားနာပြီးနောက် ကျွှိုင်မြင့်မြတ်ကတော့ ဆောက်လုပ်ဆဲ ကျောင်းဆောင်ဘက်ကို လိုအပ်ရာဘာတွေကြည့်ရန် ထွက်သွားပြီး ဒေါ်မြတ်မာလာနှင့်ဘဝင်က ကျောင်းကြီး၏အနောက်ဘက် သုသာန်လေးဘက်သို့ ဦးပဥ္စင်းစံနှင့် ရောက်လာခဲ့သည်။

"ဦးပဥ္စင်းစံ"

"ဘာများလဲ ဒကာမကြီး"

"သီတာ အုတ်ဂူလေးကို ပြုပြင်ကြရဲ့လား"

"ပြုပြင်ပါတယ်၊ ဆရာတော်လည်း ကပ္ပိယတွေကိုအမြဲ သတိပေးပါတယ်၊ မင်းသူဝယ်ရှင်းအတွက် ဘာမှမပူနဲ့"

"သီတာက အလှအပသိပ်ကြိုက်တာ ဦးပဥ္စင်းရဲ့ သူပြော ပြောနေတဲ့ စကားလေးကိုတောင် နားထဲကြားမိတယ်၊ ဝါသောရင် ငါ့ကို အုတ်ဂူလှလှလေးနဲ့ မြှုပ်ပေးပါတဲ့"

"ဪ..."

သီတာဆုံးပါးတုန်းကတော့ ဒေါ်မြတ်မာလာ မရှိပါ။ ခင်ပွန်း ဖြစ်သူနှင့် မန္တလေးသို့ရောက်နေပြီး ဆုံးပြီး၍တစ်လကျော်ကြာတော့မှ



www.burmeseclassic.com

www.burmeseclassic.com



သတိရပြီးလာခဲ့စဉ်က သီတာကို မြေပုံကလေးနှင့်သာ မြှုပ်နှံခဲ့ေသ
ကြောင့် အရိုးကောက်ပြီး အုတ်ဂူလေးဖြင့်ပြန်ပြီးမြှုပ်နှံခဲ့ခြင်းဖြ
သည်။

သီတာ့အုတ်ဂူလှလှလေးကို တံတိုင်းလေးခုတွနှင့် မြစည်
ရိုးလုပ်ပြီး ကြောပင်လေးကို စိုက်ထားသည်။

"သီတာဆိုတဲ့ကောင်မက ငယ်ငယ်လေးကတည်းက အ
အသက်ဘာမှမရှိတဲ့ ကြောပန်းလေးကို သိပ်ပြီးမြတ်နိုးတာလေ၊ ကြ
တဲ့အထိ ဘယ်သူ့ဘာပြောပြော ပန်တာပဲ၊ သီတာရေ... မင်းသိပ်မြတ်
နိုးတဲ့ ကြောပန်းတွေ ပွင့်နေတယ်ကွာ"

ဒေါ်မြတ်မာလာ အုတ်ဂူလေးပေါ် တင်နေသော သစ်ရွက်
ခြောက်တွေ၊ အမှိုက်တွေကို ရှင်းလင်းပြီး ဘဝင်လက်ထဲမှ ပန်းစည်း
လေးနှင့် ပန်းအသစ်များကို လဲပြီးထားလိုက်လေသည်။

သူငယ်ချင်းဖြစ်သူပေါ်မှာ ဒေါ်မြတ်မာလာ ဘယ်လော
သံယောဇဉ်ရှိတယ်ဆိုသည်ကို ဘဝင်တွေ့မြင်နေရလေသည်။

"အကာမကြီးမာလာ ရွာလေးထဲသွားဦးမလား"

"မသွားတော့ပါဘူးဘုရား။ နောက်တော့ သမီးလေး ဘဝင



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး လာခဲ့တော့မယ်၊ သိတာ... ပါပြန်မယ်ဟာ၊ နင့်
ပိုပါသတိရနေသလို ငါ့ကို နင်သတိရနေပါစေ..."

သူသာနှုတ်ကြီးကို ကျောခိုင်းပြီး ဘဝင်တို့ပြန်ခဲ့ကြတော့သည်။

"သမီးဘဝင်...ဟိုမှာမြင်နေရတဲ့ ရွာလေးကိုတွေ့လား"

"ဟုတ်ကဲ့"

"ဒီရွာလေးဟာ မေမေကြီးရဲ့မွေးရပ်ရွာကလေးလေ"

"ဪ..."

"သိပ်ပြီးကြေကွဲဖို့ကောင်းတဲ့ဘဝလေးနှစ်ဘဝ ရှိခဲ့ဖူးတဲ့
ရွာလေးပေါ့သမီးရယ်"

"မေမေကြီး"

"ဘာလဲသမီး"

"သမီးကို ဒီအကြောင်းလေးတွေ ပြောပြပါလားဟင်"

"မေမေကြီး တစ်နေ့တော့ ပြောပြပါမယ်"

ဒေါ်မြတ်မာလာ ရင်ထဲမှာ ဝမ်းနည်းမှုလေးတွေ မဖြစ်ပေါ်စေ
ချင်သဖြင့် ဘဝင် ဆက်ပြီး မမေးဘဲ တွဲပြီးလာခဲ့သည်။

ကျောင်းရောက်တော့ ဆရာတော်ကိုကန်တော့ပြီး ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ပြန်ဆင်းချိန်တွင်

"အကာမလေး မာလာ"

"တန့်ပါ ဦးပဥ္စင်း ဘာပြောချင်လို့လဲ"

"ဦးပဥ္စင်းစံ.. အကာမလေးကို နှစ်ပေါင်းများစွာ သိမ်းထေ

ရတဲ့ စကားလေးတစ်ခွန်းပြောလိုက်ပါ့မယ်"

"ဟင်...ဘာစကားလဲ ဘုရား"

"သီတာမှာ ဘုရင်နဲ့လွယ်ပြီး မွေးခဲ့တဲ့ သမီးလေးတစ် ယော

ရှိခဲ့တယ်ကွယ်"

"ရှင်.. သီတာမှာ ရင်ခေသွေးလေးရှိခဲ့ဘူးတယ်.."

"ဟုတ်တယ် အကာမလေး..."

ဒေါ်မြတ်မာလာ မျက်လုံးစုံသည် ဘဝင်ဆီသို့ ရောက်ရှိ

ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင်...မောင်လေး ကျော်သက်ကို ကုမ္ပဏီက ထုတ်လိုက်တယ်ဆို"

"ဟုတ်တယ်"

"ဒါ..မောင်..မောင်..ကေရှီမျက်နှာကို ဖျက်တဲ့သဘောပေါ့၊ မောင်လေးက ဘာအပြစ်တွေ လုပ်လို့လဲ"

"ကေရှီမောင်လေး သိပ်ပြီးလိမ္မာလို့ ကုမ္ပဏီပေါ်မှာ အရှုံးကို ပြီးစားလို့ ထုတ်ပစ်လိုက်တယ်လို့ ထင်နေလား၊ ကေရှီ..ကေရှီမောင် ကျော်သက် ဘာတွေလုပ်နေလဲဆိုတာ မင်းတကယ်မသိဘူးလား"

ကေရီထိုစကားကိုပြောဆိုရန် အလွန်ပင်ခက်ခဲနေလေပြီ၊

ကေရီကိုယ်တိုင်က ကုမ္ပဏီကိစ္စတွေကို လျစ်လျူရှုထားသည်မှာ ကြာပြီဖြစ်နေ၍ပင်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလတ်နှင့်သရုပ်ဆောင်အလုပ်တွင် လူရောငွေကြေ
အကုန်စံပြီး လုပ်ကိုင်နေချိန်တွင် ကုမ္ပဏီတွင် ဘာတွေဖြစ်ခဲ့သလဲ
သည်ကို မလေ့လာအားပေ။

ကျော်သက်နှင့် နေ့စဉ်တွေ့ပေမယ့်လည်း မမေးမြန်းဖြ
ပေ။ သူမ၏ကိစ္စတွေနှင့်အလုပ်များနေသည်။

"ပြောလေ...ကေရီ"

"မောင်လေး ဘာလုပ်ခဲ့လဲ"

"မင့်မောင် ဘာလုပ်ခဲ့လဲဆိုတာကို မင်းဘာမှ မသိဘူး
တာဝါကယ်ကို အံ့ဩဖို့ကောင်းတယ် ကေရီ"

မဂ္ဂိုဝ်ဖြင့်မြတ် ဘဝတွင်အရာရာကို စိတ်ရှုပ်ကြည့်ရှ
အပ်နှံဖို့မှာ မတွေးဝံ့စရာပင်ဖြစ်နေလေပြီ။

"ကေရီဖြစ်တာကတော့ မောင်လေးဟာ ကုမ္ပဏီငေ
အများဘာမှ မလှုပ်ခဲ့ဘူးလို့ပဲမြင်တယ်၊ ဘယ်သူတွေက ရောက်
သလဲမှ မသိတာ"

"ကေရီ.. မင်းတခြားသူတွေကို အပြစ်ရှာဖို့စကားမ
မပြောနဲ့၊ မင်းမောင် ဘာတွေလုပ်ခဲ့သလဲဆိုတာ ဘယ်သူမှ ပြော



www.burmeseclassic.com

www.burmeseclassic.com



ရတ်ဘူး။ မောင်ကိုယ်တိုင် သိခဲ့ရတာ၊ ကုမ္ပဏီကနေ ဆောက်လုပ်ရေးလုပ်ငန်းအတွက် တင်သွင်းလာတဲ့ ပစ္စည်းတွေကို သူ့ကိုယ်ပိုင်ပစ္စည်းလို့မှတ်ပြီး တခြားမှာ အောက်ဈေးနဲ့ပြန်ပြီးရောင်းစားခဲ့တာပဲ၊ ပံဆိုးရှယ်တော့ ဝယ်တဲ့သူက မောင့်မိတ်ဆွေဖြစ်နေတယ်လေ"

"ဟင်…"

တကယ်တော့ ထိုကိစ္စကို ကေရီ မသိတာမဟုတ် သိနေသူပင်။

ကေရီဗီဒီယိုကားရိုက်ကူးရေးအတွက် ငွေလိုအပ်နေသဖြင့် တရှိန်ထိုးအစီအမံဖြင့် လုပ်ခဲ့သောကိစ္စ။

"ဒါ့ကြောင့်က အမှုမလုပ်ချင်လို့ သက်သက်ညှာညှာနဲ့ အလုပ်ထုတ်ပစ်လိုက်တာပဲရှိတယ် ကေရီ"

"မောင်…ကေရီတောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး"

ကေရီ အသံကိုလျှော့ပြီး မဏ္ဍိုင် လက်မောင်းလေးကို ဆုပ်ကိုင်ကာ ထားလိုက်လေတော့သည်။

မဏ္ဍိုင်မြင့်မြတ် ရင်ထဲမှာတော့ ကေရီ၏ကြင်နာမှုတွေသည်



www.burmeseclassic.com

www.burmeseclassic.com



သာယာနိုင်ခြင်းမရှိတော့ပေ။

"မောင်…စကာရီကို စိတ်ဆိုးသွားလားဟင်"

"စိတ်ဆိုးတဲ့အလုပ်မျိုးကို မောင်မလုပ်တတ်ဘူး။ ဒါပေမယ့် စိတ်ထဲမှာတော့ မကောင်းဘူး"

"နောင်.. ဒါမျိုးမဖြစ်စေရပါဘူး"

"ဖြစ်စေရလည်း မလိုအပ်တော့ပါဘူး"

"ဟင်…ဘာလို့လဲမောင်"

"စကာရီလည်း ကိုယ့်အပြင်အလုပ်ကို အာရုံစိုက်ပြီးလုပ်နိုင်အောင် ကမ္ဘာ့ကိစ္စတာဝန်ကို မောင်ပဲယူတော့မယ်"

"ရှင်…"

မဂ္ဂိုင် မသိဘူးဟုထင်နေသော စကာရီ၏ အပြင်ဗီဒီယိုမင်းသမီးကိစ္စကို ထည့်ပြီးပြောလိုက်သဖြင့် စကာရီမျက်နှာပေါ်မှ အမှားတွေ ထပ်ဆင့်သွားသော ပုံရိပ်လေးက ထင်ဟပ်နေလေတော့သည်။

ထိုအလုပ်နှင့်ပတ်သက်ပြီး စကာရီနှင့်မဂ္ဂိုင်တို့ ချစ်သူဘ ပြီးဖြစ်စဉ်က စကားစဘူးပေမယ့် မဂ္ဂိုင်က လုံးလုံး စွင့်မပြောပေ။

သို့သော် မဂ္ဂိုင် အနုပညာပေါ်မှာ စိတ်ပူမှုမဲ့ညှိ မ…



www.burmeseclassic.com

www.burmeseclassic.com



ဘဝလေးတစ်ခုကို ချမ်းမြေ့စွာ နေထိုင်ချင်သောဆန္ဒကြောင့်
မလျှိုလှိုင်ဘဝတွင်ငွေကြေးညစ္စာ၊နေဂုဏ်ပိုင်းမှာဒီဘဝတင်မက
နိုင်သူမဟုတ်လား။

ကေခိုင်ကိုလည်းအေးချမ်းသောဘဝမျိုးပဲပိုင်ဆိုင်စေချင်သူ
သည်။

“မောင်ရယ်..ကေခိုလေ_ကိုယ်ဝါသနာပါတဲ့အနုပညာပေါ်
ရမ်းကို လျှောက်လှမ်းချင်လို့ပါ”

“မောင့်ဘက်က တားမြစ်နေတာတစ်ခုမှမရှိပါဘူး။ ကေခို
နာပါတဲ့လမ်းပေါ်မှာ စိတ်တိုင်းကျရွေးချယ်ခွင့်ပေးပါတယ်”

“မောင် သဘောတူတယ်ပေါ့”

“သဘောတူတာမဟုတ်ဘူး၊ လူတစ်ယောက်ရဲ့ဆန္ဒနဲ့
တ်ညီတဲ့ပေါ်မှာ အတင်းအဓမ္မညီအောင်မလုပ်ချင်တော့လို့ပါ”

“မောင်...”

“ကေခိုဒီကိစ္စနဲ့ပတ်သက်ပြီး မောင်တို့နှစ်ယောက်ကြားမှာ
လုံးတွေနဲ့ အငြင်းအခုန်မပြုချင်တော့ဘူး။ ပြန်ကြရအောင်
အတွက် ဈေးဝယ်ပြီးဝယ်ရဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"မောင်...ကောနီခေါ်မှာ အရေးကိုပြောင်းလဲနေတယ်နော်"

"ကောနီ စိတ်ထင်လို့ဖြစ်မှာပါ။ မောင်ကတော့ ပုံမှန်စီးဆင်း

နေတဲ့မြစ်ငယ်လေးတစ်ခုပါပဲကွာ"

ကန်တော်ကြီးဝန်းထဲမှ ကားလေးကိုမောင်းပြီးပြန်ထွက်လာ

သည်အထိ နှစ်ယောက်သား စကားမဆိုဖြစ်ခဲ့ကြပေ။

မဂ္ဂိုင်နှလုံးသားထဲတွင် ကောနီနှင့်ဝေးကွာခြင်းတစ်ဖက်

သို့ ဝင်ပြီးလျှောက်နေရပြီလို့ ထင်မှတ်နေမိတော့သည်။

"ဟော့...နွယ်..."

"ဟာ...ကိုကိုလတ်"

မီးပွိုင့်တွင် ကားတစ်စီးဘေးချင်းယှဉ်ရပ်ပြီး ခေါ်လိုက်သူ

ကိုကိုလတ်ဖြစ်နေသဖြင့် မဂ္ဂိုင် လှမ်းပြင် မကြည့်တော့ပေ။

"ဒီနေ့ ကိုယ့်ပါတီပွဲလေ...မလာဘူးလား"

"လာရမှာပေါ့"

"ဒါဆို တစ်ခါတည်း လိုက်ခဲ့ပါလား"

"ဟို...ဟို..."

ကောနီ... မဂ္ဂိုင်ဘက်သို့ လှည့်ပြီးကြည့်ပေမယ့် မဂ္ဂိုင်



www.burmeseclassic.com

www.burmeseclassic.com



မသိရှင်ပေယာင်ဆောင်ကာ မီးစိမ်းသွားပြီဖြစ်သောကြောင့် ကားကို မောင်းထွက်လာပြီးပလက်ဖောင်းဘေးတွင်ကားထိုးရပ်လိုက်သည်။

"မောင်...ကားဘာဖြစ်လို့လဲ"

"ကားက ဘာမှမဖြစ်ပါဘူး။ ကောရီ လိုက်သွားလို့ရအောင် ကားရပ်ပေးတာပါ"

"ကျေးဇူးပဲမောင်"

ကောရီကားပေါ်မှဆင်းပြီးကိုကိုလတ်ကားပေါ်သို့တက်သွားတော့သည်။

မကျိုင်ဒီပေါ်မှာတော့ စိတ်ခံစားမှုဘာမှမရှိတော့ပေ။ ချစ်သူလို့သတ်မှတ်ထားသည့်သူက သူစိမ်းယောက်ျားလေးနောက်ကိုမျက်နှင်စွာလိုက်ပါသွားခြင်းကိုဝမ်းနည်းထိခိုက်စေမည့်ဝေဒနာမျိုးမကျိုင်ရင်မှာမရှိခဲ့တော့ပေ။

ထို့အတွက်အဖြေကိုမကျိုင်ရှာ၍တော့မတွေ့နိုင်တော့ပေ။ ကိုကိုလတ်မောင်းနေသောကားပေါ်မှာတော့

"နွယ်...နင့်ဒါလင်ကြီးက ဘယ်လိုလဲဟာ"

"ကိုကိုလတ် ဘာကိုပြောတာလဲ"

www.burmeseclassic.com



"ဘုန်းနိုင်းက ဝါ့ကိုသိပ်ပြီး အစာမကြေတဲ့ပုံပဲ"

"ဒါလား...ခေါင်းထဲထည့်မထားနဲ့၊ ဒီလူက ကောရိုးရိုးအရှုပ်တစ် ရှုပ်ပါ"

"သေချာရဲ့လား"

"သိပ်သေချာတာပေါ့"

"ဒါဆို လိုအပ်နေတဲ့ငွေကို ညှစ်ပြီးထုတ်လေ"

"ဆန္ဒမစောစမ်းပါနဲ့ ကိုကိုလတ်ရယ်၊ မကြာခင်ရောက်လာ စေရမယ်..."

"နွယ်..."

"ဘာလဲ"

"ဝါငွေလိုနေတယ်ဟာ"

"ဘာလုပ်ဖို့လဲ"

"ဝါကိုယ်တိုင် ဗီဒီယိုတစ်ကားကို ရိုက်ချင်လို့ သေချာပေါက် ငွေရမှာဟ"

"ဟိုတစ်ခါက ယူထားတဲ့ငွေတွေကရော ကိုကိုလတ်"

"အယ်...ရှိပါတယ်၊ ဒီငွေနဲ့မလုံလောက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်လိုလို့လဲ"

"ငါးသောင်းဝန်းကျင်လောက်"

"ခက်တာက မောင်လေးလုပ်တဲ့ကိစ္စကို ဟိုလူကြီးတွေ သိသွားပြီး ခုကုမ္ပဏီမှာ စကားရိုပါ မကိုင်ရတော့ဘူးဆိုတော့ ငွေကိုလှည့်ပြီးသုံးလို့ ခက်နေတယ်"

"တစ်ရက် ကြံပါဦး"

"ကြံစရာဆိုလို့ သူဝယ်ပေးထားတဲ့ကားကို ခဏလှည့်ပြီး ပေါင်ရင်တော့ ရမယ်"

"ဒါဆို မနက်ဖြန် ကားလာပြီးယူတော့"

"အိုကေ"

"တစ်ရက်တော့ ပြောထားမယ်နော်၊ ကေသီအတွက် အကောင်းဆုံး အတ်ကားတစ်ကားတော့ ရိုက်ပေးဖို့ပြင်ထား"

"စိတ်ချစမ်းပါ နှယ်ရယ်.."

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

"ကောရီ..နင်ဘာတွေရှောက်ပြီးလုပ်နေတာလဲ"

"သမီးဘာလုပ်လို့လဲ မာမီ.."

ဖေါ်ဖီဖီသူ မျက်နှာတွင် ဒေါသအရိပ်အယောင်တွေ ပေါ်လွ

နေလေသည်။

"ရုံကွမ်ကိုမှာ မဟုတ်တော့ဘူးဆို"

"ဟုတ်တယ်လေ၊ မောင်က သမီး ပီဒီယိုသရုပ်ဆောင်ကို

လွတ်လွတ်လပ်လပ်လုပ်နိုင်အောင်လို့ ကုမ္ပဏီကနေ ရှင်ပေးလိုက်

တာ"



www.burmeseclassic.com

www.burmeseclassic.com



"မိုက်လှချည်လားသမီး၊ နင့်ကိုကျွန်မှာနေရာယူမိတာ အကြောင်းမဲ့မဟုတ်ဘူး၊ မဂ္ဂိုင်ရဲ့လုပ်ငန်းစီးပွားရေးတွေကို ကိုယ်က ဆက်ခံ၍ကြီးအုပ်နိုင်အောင်လို့၊ ခုတော့ လက်လွှတ်ရမလိုဖြစ်နေပြီ"

"မာမီရယ်... ကိုယ့်ဗိုက်ကွန်ထဲရောက်လာပြီဆိုရင် ကိုယ့် သဘောပေါ့၊ ခုလို ဒင်းဆီက ဒီအခွင့်အရေးရတာဟာ ကံကောင်းတာ ပေ"

"တော်ရီ...နင်ဟာလေ ဘာမှ အသိဉာဏ်မရှိတဲ့လူ၊ နင့်ခေါင်း ထဲမှာ ဘာမှ သုံးစားလို့မရတဲ့ ဟာတွေပဲရှိတယ်"

"မာမီရဲ့စိမ်ကိန်းကြီးက သိပ်ပြီး ဝေးပါတယ်၊ သမီး ကိုင်တွယ် မှုကို စောင့်ပြီးသာကြည့်"

"အေး...နင်ကိုင်တွယ်ပုံကို စောင့်ပြီးသာကြည့်ရင် ငါတို့ အားလုံးရွက်ဆွဲပြီး လမ်းဘေးမှာထွက်ပြီးတောင်းရမယ်၊ ခု ငါတို့ပေးရ သည့် အကြွေးတွေက ပေးနို့နီးကပ်လာပြီ ဘာနဲ့ပေးမလဲ"

"ဒါများ ဘာခက်လို့၊ ခုရှိနေတဲ့အိမ်ကြီးကို ပေါင်ပြီးပေး လိုက်"

"နင့်ပါးစပ် ပိတ်စမ်း။ နင်သိတာ ဘာရှိလဲ၊ ဒီအိမ်ကြီးကို ပေါင် လိုက်ရင် ငွေရတာပဲမြင်တယ်၊ မဂ္ဂိုင်ဆိုတဲ့ကောင်ရဲ့ယုံကြည်မှု ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာနဲ့ ဘာမှ ဆက်ပြီး လုပ်စားလို့မရတော့ဘူးဆိုတာရော သိ
လားတောရီ၊ နှင်းဒီလိုသာ ထပ်တိုင်းဆက်ပြီးလုပ်နေရင်တော့ ငါ့သည်
မခံတော့ဘူး"

"မာမို့အတွက် သမီးဒီလောက်ရင်းပေးထားတာပဲဟာ၊ သမီး
အတွက် ကိုယ်ပိုင်လုပ်ပိုင်ခွင့်လေးတစ်ခုတော့ပေးပါဦး"

"သမီးလေးရယ်.. မာမီတို့အခြေအနေတွေ သမီးလေးအ
ဆုံးပါကွယ်"

ဒေါ်မိမိသူ...တောရီလက်ကလေးကိုဆုပ်ကိုင်ပြီး မျက်နှာညို
စွာပြောလိုက်သဖြင့် တောရီ စိတ်တွေပျော့ခွေသွားသည်။

"သမီး ဘာဆက်ပြီးလုပ်ပေးရမလဲ"

"မာမီ စီစဉ်တာတွေကို သမီးလေး လိုက်နာပေးပါကွယ်"

"သမီးဘက်က ငြင်းဆန်ခဲ့တာမျိုးရှိခဲ့ဘူးလို့လား မာမီ"

"ဟုတ်ပါတယ်ကွယ်၊ မာမို့သမီးလေးက မာမို့စကားကို နား
ထောင်မယ်ဆိုတာကို ယုံပြီးသားပါ၊ မာမီ လုပ်ဆောင်နေတာတွေ
သမီးဘဝ တစ်သက်လုံးအတွက်၊ သမီးလေး ဘာတွေလုပ်ရမယ်ဆို
တာကို မာမီပြောပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိသူ.. မဂ္ဂိုင်နှင့် ပတ်သက်သော မာယာပရိယာယ် တွေကိုသင်ကြားပေးနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီးဘာဝင်ရေဒီကိုလာဦး"

စာကြည့်ခန်းထဲတွင် ထိုင်နေသော ဒေါ်မြတ်မာလာ

လိုက်သောကြောင့် ဘဝင် စည့်ခန်းတွင် သန့်ရှင်းရေးလုပ်နေသည်

ရပ်ပြီး ဝင်လာခဲ့သည်။

စာကြည့်စားပွဲပေါ်တွင် ဟောင်းနွမ်းနေသော ဓာတ်

အယ်(လ်)ဘန်လေးတစ်ခုကိုရှာထားသည်ကိုတော့တွေ့လိုက်ရသ

"သမီးကို နိုင်းစရာရှိလို့လား မေမေကြီး"

"မရှိပါဘူးကွယ်၊ သမီးကိုပြစရာရှိလို့ ထိုင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဒေါ်မြတ်မာလာခေါ်ဘေးတွင် ဘဝင်ဝင်ပြီးထိုင်လိုက်သည်။ —

ဒေါ်မြတ်မာလာက အယ်လ်ဘန်လေးကိုဖွင့်ပြီး

"ဒီဓာတ်ပုံကို ကြည့်စမ်းသမီး"

"ဟင်..."

ဘဝင်ကို အံ့အားသင့်စေသော ဓာတ်ပုံလေးပင်။

အသက် (၁၆) နှစ်အရွယ် မိန်းကလေးနှစ်ဦး တစ်ယောက်

တ်ကိုတစ်ယောက်ယှပ်ကိုင်ပြီး ရိုက်ထားသောဓာတ်ပုံလေးပင်ဖြစ်

ည်။

ဘဝင်နဲ့ ခွဲမရအောင် တူနေသူ တစ်ဦးနှင့် ဒေါ်မြတ်မာလာ

ယ်ရွယ်စဉ်က ပုံလေးပင်ဖြစ်၏။

"သမီး...အံ့ဩနေလား"

"ဟုတ်ကဲ့...မယုံနိုင်စရာဘဲနော် မေမေကြီး"

"သမီးလေးကို မေမေကြီးခင်တွယ်ရတဲ့အကြောင်းရင်းကို

ိပြီလေး သိပြီပေါ့"

"ဟုတ်ကဲ့...သိပါပြီ မေမေကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမည်က မြတ်သီတာတဲ့၊ မေမေကြီး အရမ်းချစ်ရ
သူငယ်ချင်းတစ်ဦးပေါ့၊ငယ်ငယ်လေးကတည်းက မိဘမဲ့သူငယ်ချ
နှစ်ယောက်ဆိုရင် မမှားဘူးလေ၊ သမီးလေးကို မေမေကြီးပြော
ခေါ်လိုက်တာပဲ"

ဘဝင် အရမ်းကိုသိချင်နေသောအကြောင်းကလေး
သမြင့်စိတ်ဝင်စားစွာဖြင့် နားထောင်နေမိတော့သည်။

"မေမေကြီးအသက် (၉)နှစ်သမီးအရွယ်မှာ ဖေဖေနဲ့မေ
ဟာ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားခဲ့ကြပြီး အဒေါ်တစ်ဦးရဲ့အိမ်မှာ
ထိုင် ခဲ့ရတယ်၊ မေမေကြီးတို့ မိဘတွေက ရိုးရိုးလယ်သမားတွေ
တော့ မိဘဥစ္စာအမွေရယ်လို့ ဘာမှ မကျန်ခဲ့ဘူးပေါ့၊ အဒေါ်ဆိုတာ
လည်း မေမေ့ဘက်က တစ်ဝမ်းကွဲတော်စပ်တဲ့ အဒေါ်လေ၊ ဘယ်
လုပ်ပြီး မေမေကြီးပေါ်မှာ ကောင်းနိုင်မှာလဲတွယ်၊ ပြီးတော့ ဦးလေ
လုပ်တဲ့သူက ကစော်သမား၊ အရက်နဲ့ မိုးလင်းလိုက် မိုးချုပ်လိုက်
နေခဲ့ကြတာ၊ အဒေါ်အိမ်မှာ ရှိတဲ့ သားကလည်း ဆိုးပေတောလို့
မိသားစုကြားမှာ နေရတဲ့ မေမေကြီးဘဝဟာ သိပ်ကိုဒုက္ခရောက်
တယ် သမီးရယ်၊ မေမေကြီးနဲ့ မိဘမဲ့ချင်းတူတဲ့သူက မြတ်သီတာပေ



www.burmeseclassic.com

www.burmeseclassic.com



သူတာ မေမေကြီးလို ဆင်းရဲတဲ့သူမဟုတ်ဘူး။ မိဘနှစ်ပါးမရှိရှိန်မှာ ထည်တွေ၊ နွားတွေနဲ့ အတွင်းပစ္စည်းတွေတော်တော်များများကျန်ခဲ့ တယ်၊ သူ့ကို ထိန်းသိမ်းပေးတဲ့ ဦးလေးကလည်း သစ္စာရှိပြီး ရိုးဖြောင့် တော့ မြတ်သီတာ ဘဝလေးက မိဘမဲ့တာကလွဲပြီး အားလုံးပြည့်စုံခဲ့ တယ်၊ ငယ်ငယ်လေးကတည်းက ရှေးရေစက်ကြောင့်ပဲဆိုရမလား။ သီတာနဲ့မေမေကြီးဟာ သိပ်ကိုချစ်ခဲ့ကြတာ”

ဒေါ်မြတ်မာလာ စကားကိုရပ်နားပြီးအဝေးဆီက အတိတ် ပွင့်ပြင်ဆီသို့ရောက်ရှိသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကလောင်...ကလောင်...ကလောင်..."

ကျောင်းမုန့်စားဆင်းချိန် ခေါင်းလောင်းထိုးသော ကြေ

ကျောင်းသူ၊ ကျောင်းသားအားလုံး မုန့်စားတန်းဘက်သို့ပြေးထွ

သွားကြပေမယ့် မြတ်မာလာကတော့ အခန်းထဲတွင် ထိုင်လျ

မြတ်သီတာနှင့်ကျောင်းတူပေမယ့် တက်ရာ ညှိုအတန်

ကွဲသဖြင့် ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန် ပေါ်တက်သော အဖေ

www.burmeseclassic.com

www.burmeseclassic.com



ရုံဖြစ်ခဲ့ကြသည်။

"မာလာ"

"သီတာ..."

"နင် အပြင်မထွက်ဘူးလား။ ငါဖြင့် အတန်းထဲက စောင့်နေတာ။ မလာတာနဲ့လိုက်လာတာ။ နင့် မျက်နှာမကောင်းပါလား။ ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူးဟာယ်"

"မာလာ နင်ငါ့ကိုမညာနဲ့ နင်တစ်ခုခုဖြစ်နေတာ မဟုတ်လား"

ငယ်ပေါင်းသူငယ်ချင်းတွေဖြစ်သဖြင့် တစ်ယောက်ကိုတစ်ယောက် ညာ၍မရပေ။

"ငါမပြောချင်ဘူးဟာ"

"မာလာ...နင်ငါ့ကို မခင်ရင် မပြောနဲ့"

သီတာ မျက်နှာလေးညိုးသွားတော့လည်း မာလာ မနေသာတော့။

"ငါ့ကိုအရိုးလေးက ကျောင်းဆက်ပြီးမတက်ရတော့ဘူးတဲ့"

"ဘာ..."



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့အတူ ရေးစရာင်းရမယ်လို့ပြောတယ်"

သီတာကိုပြောပြရင်း မာလာမျက်ရည်တွေဝဲမိသည်။ မာလာ

ပညာတတ်ကြီးတစ်ဦး ဖြစ်ချင်သလို သူငယ်ချင်းသီတာနှင့်လည်းမခွဲ

လိုပေ။ ရေးစရာင်းရပြီဆိုလျှင် သူတို့နှစ်ယောက်ဆုံဖို့ကမလွယ်ပေ။

"နင့်အဖိုးလေးက သိပ်ပြီးမတရားဘူး။ သူ့သားကျတော့ ဘာ

မှမနိုင်းဘဲရွာထဲမှာ ထန်းရည်သောက်လိုက်၊ ကြက်တိုက်လိုက်နဲ့ အပေ

လုပ်တဲ့ သူတလည်း အရက်နဲ့အရှိန်တုန်ပြီးဘာမှမလုပ်ဘူး"

"ဘာတတ်နိုင်မှာလဲ သီတာရယ်၊ ငါ့သံဝေဒ်မှမကောင်းတာ"

"နင် ကျောင်းမထွက်ရဘူး"

"သီတာ.."

"နင်က ငါ့ထက်စာတော်တယ်၊ နင်ကျောင်းကိုဆက်ပြီးတက်

ရအောင် ငါ စီစဉ်မယ်"

"သီတာ...နင်ဘာလုပ်မှာလဲဟာ"

"နင် စောင့်ကြည့်နေ၊ ခု ဘာမှ ဒီအကြောင်းကို စိတ်ထဲ

မထားနဲ့၊ ငါနဲ့အပြင်သွားပြီး မုန့်သွားစားမယ်"

"ငါ မစားချင်ပါဘူးဟာ၊ နေ့တိုင်း နင်ပဲ ဝယ်ကျွေးနေတာ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ိုသိပါရက်တယ်"

"မာလာ...နောက်ဒီစကားမျိုးပြောရင်နင့်ကိုမခေါ်တော့ဘူး"

မာလာဘဝတွင် မိဘနှစ်ပါးမရှိတော့သည့်နောက်ပိုင်း

ဝတ်အစားကအစ သီတာ သူတစ်ထည်ဝယ်ရင် မာလာအတွက်

စ်ထည်ဝယ်ခဲ့သည်မှာ ရအလယ်တန်းကျောင်းသူဘဝရောက်

ည်အထိပင်၊ အဒေါ်ဖြစ်သူက ကျောင်းထားပေးရုံ ထမင်းကျွေးရုံက

ပြီး အဝတ်အစားတွေဘောင် ဦးလေးလုပ်သူက အရက်နဲ့လဲပြီး

ောက်သည်ကရှိသေးသည်။

ရလည်းမာလာ (၈)တန်းကျောင်းသူဘဝရောက်မှ ကျောင်း

တ်ပြီးမထားနိုင်ဘူးဆိုကာ ကျောင်းထုတ်မှုပြင်နေပြီဖြစ်သည်။

မာလာ အိမ်မှာထမင်းစားရုံသက်သက် နေထိုင်ခဲ့သူမဟုတ်

း ရွာထဲက အိမ်တွေမှာ အဝတ်လျှော်၊ ထင်းခွဲ၊ မြက်နုတ်၊ ပဲရွေး၊

ပါးရိတ် အလုပ်အားလုံးကို ဝင်ပြီးလုပ်ကိုင်ခဲ့သူဖြစ်သည်။

တစ်ခါတစ်ခါ သီတာက သူ့အိမ်မှာ အလုပ်ရှိတယ်ဆိုပြီးခေါ်

ာတစ်နေကုန် သူမနဲ့ စကားပြော၊ စာဖတ်ပြီး ညနေပြန်ရင်

ုပ်အားခကိုပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိတာ...မာလာပေါ်မှာရှိသော ကျေးဇူးတရားတို့သည်သင်
လိုမှပေးဆပ်၍မကျေနိုင်ဘူးဟုတောင် ထင်မိလေသည်။

www.burmeseclassic.com

မာလာ... ကျောင်းပိတ်ရက်ဖြစ်ပေမယ့် အပြင်တွင် နေစားနိုင်းမည့်သူ မရှိရင်တောင် အိမ်မှာရှိသည့်အလုပ်တွေကိုလက်မအားအောင် လုပ်တတ်ရသည်။

တစ်ပတ်လုံး ဝတ်ပြီးပုံထားသော အဝတ်တွေကိုလျှော်ဖွပ်နေရ၏။ မာလာ အဝတ်တွေလျှော်၍ ရေတစ်ပုံးဝင်ပြီး ခပ်ပေးမည့်သူ မရှိပေ။

"ဟဲ့...မိမာ"

"ရှင်...ကိုကိုကြီး"

အခေါ်ဖြစ်သူ၏အသံ ကျော်ဖွာ... သူမခေါ်အသံသို့ရောက်လာပြီ ထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



"နင့်မှာ ပိုက်ဆံရှိလား"

"ဘယ်ကလာ ရှိရမှာလဲ ကိုကိုကြီးရယ်၊ လှဲ့ဝ်အားခ ရရင် အမီးလေးကိုပဲ ပေးနေရတာပဲ"

"ဟို..သီတာပေးတဲ့ ပိုက်ဆံလေးဘာလေး မရှိဘူးလား"

"မရှိပါဘူး တကယ်ပါ"

မာလာ မုန့်တွေ ဘာတွေ ဝယ်စားရှင်သည့်အခါ စားနိုင်ရန် သီတာက သူ့လွယ်အိတ်ထဲသို့ ကျောင်းဆင်းရင် ထည့်ပေးထားသည့် ပိုက်ဆံလေးတွေရှိပေမယ့် မာလာ မသုံးရက်ခဲ့ပေ။

"နင် ဝိုက်ကို ညာတာလား"

"မညာပါဘူး။ ဟိုတခေါက က ရထားတဲ့ ပိုက်ဆံလေးတွေ တောင်ဦးလေးက အရက်ဖိုးလိုတယ်ဆိုပြီး ယူသွားပြီ"

"ဒါဆို နင့် နားကပ် ဖောချွတ်"

"ရှင်...ကိုကိုကြီးရယ်၊ ဒါလေးတော့ မလုပ်ပါနဲ့"

"နင် စကားသိပ်ရှည်တာပဲ၊ ပါးပဲ့ပြီး ချွတ်ရင်အသားနာမယ် နော်"

"မာလာ ရှိုက်ပြီးတောင်းပန်ပါတယ်၊ ဒီနားကပ်လေးကို မလုပ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုကိုကြီးရယ်၊ မေမေတို့ရဲ့အမှတ်တရ ပစ္စည်းလေးရှိပါပြီတော့ ကော စကော ဖြုတ်ပေးလိုက်၊ သီတာက ပြန်ပြီးရွှေပေးလိုက်နဲ့ မာလာ ရေခမ်းကို အားနာလှပါပြီ"

"မာလာ နင်တော့ ဖြုတ်ရိုဖြုတ်"

"ဟင့်အင်း...မာလာ...မဖြုတ်ပါရစေနဲ့"

"ဒီတောင်မရတော့လားကွာ၊ ဝါလုပ်လိုက်ရရင် ခေသ တော့မယ်"

ကျော်စွာ...မာလာ့နားကပ်ကို အတင်းဖြုတ်ဖို့လုပ်ချိန်တွင်

"ဟိုကောင် ကျော်စွာ ရပ်စမ်း"

"ဟာ...ဦးလေးဖေဆောင်"

"သီတာ"

သီတာနှင့်အတူ ဦးလေးဖေဆောင် အပါအဝင် ရပ်မိရပ်ဖတွေပါ လာသည်ကိုတွေ့ရသောကြောင့် မာလာ နားမလည်နိုင်အောင်ဖြစ် သွားသည်။

ဦးလေးဖေဆောင်ဆိုသူက ရွာလူကြီးလည်းဖြစ်၊ ဩဇာလည်း ညောင်းသူ၊ တစ်ရွာလုံးက ဦးဖေဆောင်ဆိုလျှင်ဖိန့်ဖိန့်တုန်အောင် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

သီတာ့ အမေ၏အစ်ကိုလည်းဖြစ်သည်။

"မာလာ...ငါ့ဆီလာ"

သီတာနားသို့ မာလာအပြေးကလေးကပ်သွားသည်။

"ကျော်စွာ မင်းကြွပ်ကြွပ် သတိထားနော်၊ ငါ့စိတ်ကို သီတာ

မဟုတ်လား။ ရလို့ အနိုင်ကျင့်တာကို နောက်တစ်ခါတွေ့ရင်ပဲ ဖြစ်ဖြစ်

ကြားရင်ပဲဖြစ်ဖြစ် မလွယ်ဘူး"

"ဟုတ်...ဟုတ်ကဲ့"

"မင်းအဖေ ဟိုငမူးဘောင်းစိန်ရော"

"အိမ်...ပေါ်မှာရှိပါတယ်"

"မူးနေလား"

"နည်းနည်းတော့ သောက်ထားတယ်"

"မင်းအမေရော"

"ဟို...ဟိုမှာလာနေပါပြီ"

အိမ်ဝန်းထဲသို့ ဝင်လာသော အရိုးတင်... ဦးဖောင်းကိုမြင်

သည်နှင့်ရိုးသားသောမျက်နှာလေးနှင့်ရယ်ပြကာ



www.burmeseclassic.com

www.burmeseclassic.com



"သူကြီးတို့ပါလား၊ ဘာကိစ္စများလဲမသိဘူး"

"ကိစ္စက အိမ်ပေါ်ရောက်မှပြောမယ်"

အိမ်ပေါ်သို့ အားလုံးတက်ရှိန်တွင် သီတာနှင့်မာလာပါအိမ်ပေါ်သို့ လိုက်ပြီးတက်ခဲ့ကြတော့၏။

အိမ်ပေါ်သို့ရောက်သည်နှင့်

"လာရင်းကိစ္စကတော့ ယောဒိသမီးလေး မြတ်မာလာကိစ္စပဲ"

"ရှင်...ဘာများလဲ"

"မတင်...ကျုပ်က စကားတွေအများကြီးမပြောချင်ဘူး၊ တိုတိုနဲ့လိုရင်းပဲပြောမယ်"

"ဟုတ်ကဲ့...ပြောပါ"

"မင်းတို့မြတ်မာလာကို ကျောင်းမထားနိုင်တော့ဘူးဆို"

"ဟုတ်ပါတယ်၊ အိမ်ရဲ့စီးပွားရေးက အရမ်းကိုကျပြီး ကျောင်းစရိတ်မတတ်နိုင်တော့လို့ပါသူကြီး"

"ဘယ်တတ်နိုင်မလဲကွာ၊ ယောက်ျားရင့်မာကြီးတွေလုပ်တဲ့ ကောင်တွေက ဘာအလုပ်မှမလုပ်ဘဲ သောက်လိုက်၊ စားလိုက်၊ စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ပျက်ရုံတင် မကဘူး။ ရွက်ဆွဲပြီးတောင်းရဦးမယ်"

ဦးစောင်စကားကို ဘယ်သူမှပြန်ပြီးမပြောခဲ့ကြပေ။

ဦးစောင်၏ငွေကြေးအောက်တွင်အရှိုးတင်လည်းမလွတ်မကောင်းပါသလို ဦးစောင်က ပြောစရာရှိလျှင် ဘယ်တော့မှ အားမနာတတ်သည့်သူ၊ အပြစ်ပေးလျှင်လည်း မညှာတာတတ်ကောင်းရင်ကောင်းသလိုဖေးမကူညီပြီးမကောင်းလျှင်မကောင်းသလိုအပြစ်ပေးတတ်သူဖြစ်၍အားလုံးက ကြောက်ရွံ့သူတစ်ဦးဖြစ်၏။

"မင်းတို့ လက်ထဲမှာ မြတ်မာလာလေးကိုထက်ပြီးထားရင်သူ့ဘဝဟာ သူများနိုင်းဇတ်စေဇတ်ဖြစ်တဲ့အပြင် ဒီသားအဖအနိုင်ကျင့်တာကို ခံနေရမှာပဲ၊ ဒီတော့ မြတ်မာလာကို ငါခေါ်သွားပြီး မွေးစားမယ်"

"ရှင်..."

"ဟင်..."

မြတ်မာလာ မယုံကြည်နိုင်သောစကားကိုကြားလိုက်ရခြင်းဖြစ်သည်။

သီတာက မာလာ့မျက်နှာလေးကိုကြည့်ပြီး ပြုံးနေ၏ ထို



www.burmeseclassic.com

www.burmeseclassic.com



အစီအမံသည် သီတာ စီမံသောကိစ္စပင်ဖြစ်မည်။

"ဘယ်လိုသဘောရလဲ ရှင်းရှင်းလင်းလင်းပြော"

"ဟို..ဟို..သမီးလေးက အစ်မရဲ့ရှင်ဖွဲ့ကျွေးလေးဆိုတော့ ကျွန်မ ထိုပဲ စောင့်ရှောက်ပါရစေရှင်"

"မတင်..နင်လျှကြွားကောင်းအောင်မပြောနဲ့၊ နင်လဲ ဘာထူး လဲ၊ ကလေးမလေးကို နိုင်းစားဖို့ပဲ သီတာ၊ နင့်အကြောင်းတွေကိုမသိ ဘူးမှတ်နေလား။ နင် ခွေးသားဆိုတဲ့စကားကို ငါ့ကိုလာပြီးမပြောနဲ့၊ နင့်မှာ အဓေါစိတ်အပြည့်အဝရှိရင် ကလေးမလေး ဘဝ ရလောက်ထိ နတ္တရောက်မှာမဟုတ်ဘူး။ နင် ကမပေးချင်ဘူးလားပြော.."

အရီးတင်...မာလာကို နိုင်းစပြီးစားဖို့ အကြံအစည် ပျက် သွားမည့်ကိစ္စဖြစ်သောကြောင့် မျက်နှာမကောင်းပေမယ့် ဦးစောင် တို့ထံနေ့ကျင်ရင် စံစားရမည့် အကျိုးရလာဒ်ကို သိထားသောကြောင့်

"အင်းလေ...သမီးလေး ကောင်းစားဖို့ ကျွန်မက စွန့်ပြုရမှာ ပေါ့"

"ဒါဖြင့် ပေဟာဒီက ရပ်မီ ရပ်ဖတွေရှေ့မှာ တစ်ခါတည်း လက် မှတ်ထိုးနော်၊ ဘယ်တော့မှ မြတ်မာလာနဲ့ပတ်သက်ပြီး ပက်သက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်နွယ်တာကို မလုပ်ရဘူး ကြားလား မတင်..."

"ဟုတ်... ဟုတ်ကဲ့ ကြားပါတယ်"

မြတ်မာလာ၏ ဒုက္ခအကျဉ်းထောင်ထဲမှ သီတာဆွဲထုတ်ရှို မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

မြစ်သီတာတစ်ယောက် မြစ်မာလာ မိမိအိမ်ပေါ်သို့ရောက် ခဲ့သည်ကို အရန်းကျေရှုန်နေခဲ့သူ၊ ထိုနေ့ ထိုရက်မှ စပြီး အသယ်သွား သွား၊ ဘာလုပ်လုပ်၊ ဘာစားစား မခွဲမခွာ ချစ်ခဲ့ကြသည့် သူငယ်ချင်း နှစ်ယောက်၏ ဘဝကံကြမ္မာ အပြောင်းအလဲလေးတစ်ခု ဝင်ရောက် လာခဲ့သည်။

ထိုကံကြမ္မာလေးကတော့ မြစ်မာလာတို့ နေထိုင်သော ရွာ လေး၏ ကံကြမ္မာဆိုးတစ်ခုဟု ဆိုလျှင် မမှားနိုင်ပေ။

လူတစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် ရွာလုံးကျွတ် နီး ပါး လောင်စံရပြီး ဆင်းရဲခြင်း၊ ချမ်းသာခြင်းတွေကို မီးလျှံကြီးကသိမ်းယူ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပြီဖြစ်၏။

မြတ်သီတာ၏ ဦးလေးဖေဘောင်လည်း မီးထဲပါသွားခဲ့သ

မြတ်မာလာ၏အဖေါ်နှင့်ဦးလေးဖြစ်သူလည်း မီးလောင်ကျွမ်းမှုကြေ

သေဆုံးခဲ့ရသည်။

ထိုနေ့ အဖြစ်အပျက်ကလေးတစ်ခုက မြတ်မာလာတို့အ

တွင် ဘယ်သောအခါမှမေ့၍ မရနိုင်သော အဖြစ်အပျက်လေးထ

ပင်ဖြစ်သည်။

"မီး...မီး...ကျို"

"ဟာင်..."

အိမ်ရာထဲတွင် မီးဆိုသောအသံကြောင့် အရင်ဆုံးနိုးထ

သူက မြတ်မာလာ... မြတ်သီတာတစ်ယောက်ကတော့ နှပ်ပြိုက်စွာ

ပျော်နေဆဲပေ။

မြတ်မာလာ အပြင်သို့ထွက်ပြီးကြည့်တော့

"ဘုရား...ဘုရား..."

မီးလျှံကြီးကမြတ်မာလာတို့နေထိုင်သော အိမ်နှင့်

သို့ရောက်ရှိနေလေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သီတာ...သီတာ...ထ...ထ...မြန်မြန်ထ"

"မာလာ...ဘာဖြစ်လို့လဲ"

"မီးတွေ လောင်နေပြီ"

"ဘာ..."

မြတ်မာလာတို့ ဘာပစ္စည်းမှ ယူချိန်ပင်မရလိုက်ချေ အိမ်ပေါ်စ်မှ အောက်သို့ဆင်းပြေးခဲ့ရသည်။

တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ပြီး အနီးဆုံးကို ရောက်လာသော မီးလျှံကြီးနှင့် လွတ်ရာကိုပြေးကြသည်။ ရွာထဲတွင် ကမ္ဘာကြီးပျက်နေသလားဟု ထင်မှတ်ရလေ၏။

သူငယ်ချင်းနှစ်ယောက် ပြေးလွှားရင်း ဘုန်းကြီးကျောင်းထဲ သို့ရောက်ခဲ့လေသည်။

ဘုန်းကြီးကျောင်းမှာ ရွာနှင့်အတော်ကလေး အလှမ်းဝေး သောကြောင့် မီးကျူးစက်မှုဘေးကတော့ လွတ်ကင်းသည်။

"သမီးလေးတို့ အပေါ်ကိုလာကြ"

ကပ္ပိယကြီးက ကျောင်းအပေါ်ထပ်သို့ခေါ်သဖြင့် တက်ခဲ့ကြ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းပေါ်တွင်ရွာမှလူတွေ တော်တော်များများ
ရောက်ရှိနေကြပြီး ဘယ်သူမှ အိမ်ကပစ္စည်းတွေကို သယ်ခွင့်
လောက်အောင် မီးနတ်ဆိုး၏ရက်စက်မှုကိုခံခဲ့ကြရပြီးမဟုတ်လာ



www.burmeseclassic.com

www.burmeseclassic.com

မြတ်မာလာတို့သူငယ်ချင်းနှစ်ယောက်၏ဘဝသစ်တစ်ခုကို ထင်ရန်အတွက် ခြေလှမ်းတွေကိုပြင်ဆင်ရတော့သည်။

ကံဆိုးသည့်ကြားမှ နှစ်ယောက်လုံး ကံကောင်းခဲ့တာက တော့ ဆယ်တန်းစာမေးပွဲကြီးကို အောင်မြင်ခဲ့ကြခြင်းပင်ဖြစ်၏။

ကျောင်းဆက်ပြီးတက်ရန် ဘယ်လိုမှ အခြေအနေမပေး တော့ခြင်းကြောင့် ရရာအလုပ်ကလေးတွေကိုလုပ်ပြီး မိမိတို့ဘဝ ကိုရပ်တည်ဖို့ ဆုံးဖြတ်ခဲ့ကြသည်။

ဒါပေမယ့် ရွာ၏ဆရာတော်ဘုရားကတော့ ပညာရေးသော



www.burmeseclassic.com

www.burmeseclassic.com



မြတ်မာလာနှင့်မြတ်သီတာတို့နှစ်ဦးကိုမွေးစားပြီး တက္ကသိုလ်ဆက်ပြီး တက်စေခဲ့သည်။

ကျောင်းဝန်းအပြင်ဘက်ရှိ မြေဘေးမြေတွင် အိမ်ကလေး တစ်လုံးဆောက်ပေးခဲ့ပြီး ကပ္ပိယဦးစံကိုဆရာတော်မှ တာဝန်ပေး လေသည်။

ဆရာတော်၏ကျေးဇူးကြောင့် တက္ကသိုလ်ဆက်ပြီးတက်ခဲ့ ရင်း မြတ်မာလာတစ်ယောက် မန္တလေးမှ ကိုတောင်းထက်ခေါ်နှင့် ချစ်သူဖြစ်ခဲ့သည်။

ကိုတောင်းထက်ခေါ်မှာ ဆရာတော်၏ အကာရင်း သားဆို ဆရာတော် သဓောတူခဲ့ပေမယ့် ကျောင်းပြီးမှ လက်ထပ်ပေးခဲ့လေ ၏။ မြတ်မာလာနှင့်မြတ်သီတ ၁ဘွဲ့ရပြီးချိန်တွင်သူငယ်ချင်းနှစ်ယောက် ခွဲခွာဖို့ကံကြမ္မာက ဖန်လာခဲ့ရတော့၏။

မြတ်သီတာတစ်ယောက် ရန်ကုန်မှသူဌေးသားဆိုသူနှင့် ချစ် သူဖြစ်ကာမြတ်မာလာတို့နောက်သို့မလိုက်နိုင်ခဲ့ပေ။

တစ်ယောက်နှင့်တစ်ယောက် စာအဆက်အသွယ်ဖြင့်ဆေ ထိုင်ခဲ့ပြီးနောက် မြတ်သီတာ ဆုံးပါးသွားသည်ကို နောက်ဆုံးသိမှ



www.burmeseclassic.com

www.burmeseclassic.com



ခြင်ဖြစ်၏။

"ဟို...အန်တီသီတာက ဘာရောဂါနဲ့ဆုံးပါးသွားတာလဲ

င်"

"အရင်ကပွဲယကြီး ဦးစံ၊ ခုတော့ ဦးပဉ္ဇင်းစံ ပြောခဲ့တဲ့စကား

ဆိုရင်တော့ သမီးရယ်၊ ရိုးရိုးနေထိုင်မကောင်းဖြစ်ရာက ဆုံးသွား

ယ်လို့ပဲ သိခဲ့ရတယ်"

"ဒါဆို အန်တီသီတာ အိမ်ထောင်မကျခဲ့ဘူးပေါ့"

"မေမေကြီး ခုထိ နားမလည်သေးတဲ့ကိစ္စတစ်ခုဟာ ဒါပဲ

း ဘဝင်...သီတာ့ဆီက မသေခင် စာတစ်စောင်ကိုဖတ်ရချိန်မှာ

တာဟာ သူ့ရှစ်သူ့ပေါ်မှာ လွှန်စွာခါးသီးတဲ့ခံစားမှုတွေကို ရေးထား

ယ်၊ ဘာကြောင့်လဲဆိုတာ မေမေကြီးခုထိ မသိရသေးပါဘူး၊

ဉ္ဇင်းစံ ပြောခဲ့တဲ့စကားကြောင့် မေမေကြီးအံ့ဩတဲ့ကိစ္စကတော့

တာမှာ ရင်သွေးလေးတစ်ဦးရှိခဲ့တယ်ဆိုတာပဲ"

"ဟင်...ဒါဆို အန်တီသီတာက အိမ်ထောင်ကျလို့ပေါ့နော်"

"ဟူး..."

ဒေါ်မြတ်မာလာ သက်ပြင်းရှည်တစ်ခုကိုချပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဦးပဥ္စင်းစံနဲ့ ဒီတစ်ခါတွေ့ရင်တော့ သီတာရဲ့နောက်ရေ

အခြေအနေကို သိရမှာပဲ သမီးဘဝင်ရေးအန်တိုစိတ်ထဲမှာ ထင်နေ

ကိစ္စလေးတစ်ခုကတော့ ရထပ်ပြီးဖြစ်ပေါ်နေတယ်"

"ဘာရှားလဲ မေမေကြီး"

"သမီးလေးဟာ သီတာရဲ့ ရင်သွေးလေးများဖြစ်နေမလာ

ကွယ်"

"ရှင်..."

ဒေါ်မြတ်မာလာ၏ စကားသည် သိပ်ပြီးတော့ မဖြစ်နိုင်

သင်မိဘနစ်ပါးကို ဘဝင်က သိနေသလို ဘဝင်ရှေ့တွင် တိမ်းပါး

ကြသူတွေဖြစ်သဖြင့် မြတ်သီတာနှင့်အရမ်းကို ဝေးကွာနေပါသည်။

ဘယ်လိုပင်ဖြစ်နေပါစေ၊ ဒေါ်မြတ်မာလာ ရင်ထဲမှာ ဘဝင်

သမီးလေးတစ်ယောက်လို ခင်တွယ်နေသည်ကို ကျေနပ်နေ

သည်။

"တီ...တီ...တီ..."

အိမ်ရှေ့မှ ဟွန်းလာနေသောကြောင့် ဘဝင်သွားပြီး ကိုင်လိုက်

သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို.."

"သမီး ဘဝင်လား"

"ဟုတ်ပါတယ်အန်တီသွယ်၊ ဘာများကိစ္စပေါ်လို့လဲ"

"သမီး...ဒေါ်မိမိသူနဲ့ မဟာနွယ်ကောရီတို့ မဂ္ဂျိုင်ကို အပိုင်သိမ်းယူနိုင်ဖို့ စီစဉ်နေပြီ"

"ဟင်.."

"မြို့အပြင်ဘက်ကအိမ်ကို မဟာနွယ်က မဂ္ဂျိုင်ကိုခေါ်သွားပြီးတော့ သူ့ကိုလက်ထပ်နိုင်အောင် ကြံစည်လိမ့်မယ်"

"ဘယ်တော့လဲအန်တီသွယ်"

"ဒီညနေ"

"သမီးဘာလုပ်ရမှာလဲ"

"သမီး..မဂ္ဂျိုင့်နောက်ကိုလိုက်သွားပြီးတားနိုင်အောင်ကြိုးစားပါ.."

"ဟုတ်..ဟုတ်ကဲ့"

ဘဝင် ဖုန်းကိုပြန်ပြီးချကာ ဘာလုပ်ရမလဲဆိုသည်ကို စဉ်းစားနေလေတော့သည်။

www.burmeseclassic.com



"သမီး...ဘာဖြစ်လို့လဲ"

"ဟို...သမီးဆရာမက ဆေးစမ်းကို ဇော်လာဖို့ခေါ်လို့ပါ"

"ဪ...ဒါဆို သွားလေကွယ်"

"မေမေကြီး...သမီး ကားယူသွားမယ်နော်"

"ယူသွား သမီး"

ဘဝင် အဝတ်အစားပင်မလဲတော့ဘဲ မဏ္ဍိုင်မြင့်မြတ်ရှိ သည့်ကုမ္ပဏီဆီသို့ လာခဲ့လေသည်။

ဘဝင်ကားကိုသာ မောင်းလာခဲ့ပေမယ့် ဘယ်လိုတားမြစ် ရမယ် ဆိုသည်ကို စဉ်းစား၍ပင် မရသေးချေ။

ကုမ္ပဏီထဲသို့ ကားလေးမောင်းဝင်လာကာ... ကားအောက် သို့ဆင်းသည်နှင့်

"ဟင်...ဘဝင်"

"အစ်ကို..."

"ဘာကိစ္စရှိလို့လဲ"

"မရှိပါဘူး အပြင်သွားရင်းနဲ့ ဝင်လာခဲ့တာပါ"

"ဒါဆိုရင် အတော်ပဲ ဘဝင့်ရဲ့ ကား ဘီးပေါက်နေလို့



www.burmeseclassic.com

www.burmeseclassic.com



အရှားကာမနဲ့ ပြန်မလို့ စဉ်းစားနေတာ၊ ဘဝင်ရောက်လာတာ အဆင်
ပြေသွားတာဖေါ်ကွယ်၊ ပြန်မှာမဟုတ်လား"

"မှတ်ကဲ့..ဟူး.."

ဘဝင် သက်ပြင်းလေးကို ရှုမှုပင် ချနိုင်တော့သည်၊

ဘဝင်တို့ကားလေး ကုမ္ပဏီထဲမှအထွက် မဟာနွယ် ကား
လေးကာမောင်းဝင်လာပြီး မျက်နှာချင်းဆိုင်ဆုံလေသည်၊

"မောင်"

"ဘာလဲ ကေရီ"

မဟာနွယ်ကားပေါ်မှဆင်းပြီး မဂ္ဂိုင်ဘေးတွင်ရပ်ကာ

"မောင့်ကို ကေရီပြောထားတာမေ့သွားပြီလား"

"ဘာများလဲ ကေရီ..ခြော်.."

မဂ္ဂိုင်မြင်မြတ်တကယ်ပင် သတိမရပေ၊ မဟာနွယ်..မဂ္ဂိုင်
ကို စုန်းခြင့်လုပ်ပြီး ပြောသောစကားကို ပြန်စဉ်းစားပြီးမှ မှတ်မိသွား
သည်၊

မဟာနွယ်၊ မဂ္ဂိုင်နှင့် ဘုဝယ်ရှင်းတစ်ယောက်ကိုတွေ့ပေး
မှ်ရှိညနေအတူတူသွားဖို့ပြောထားခဲ့သော စကားပင်၊



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးကွာ၊ မောင် အလုပ်ကိစ္စတွေ စိတ်ထဲမှာများနေလို့ သတိလက်လွတ်ဖြစ်သွားတယ်"

"ရ..လိုက်ခဲ့မှာလား"

"ကောရီ..မောင်.. မေမေနဲ့ပြောစရာကိစ္စလေးရှိလို့ မလိုက်တော့ဘူးကွာ၊ နောက်မှပဲ တွေ့ကြတာပေါ့"

"မောင်...ဒါ...ဒါ.."

မဂ္ဂိုင်မြင့်မြတ်... ကောရီနှင့်အတူ သွားရမည့်ခရီးကို စိတ်ထဲမှာ မသက်သာသောကြောင့် ငြင်းပယ်လိုက်ခြင်းဖြစ်၏။

"ကောရီက သေသေချာချာ ချိန်းထားပြီးမှ မောင်ရယ်၊ အချိန်ကို အားနာဖို့ကောင်းတယ်"

"တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်တာပဲ၊ သိပ်ပြီး အရေးကြီးတဲ့ ကိစ္စမှမဟုတ်တာပဲကွာ၊ ခုမတွေ့ရလည်း နောက်တော့ တွေ့ရမှာပေါ့"

"မောင်..ကောရီပေါ်မှာ စလို အလေးမထားတာကို အခဲမကျေ နည်းတယ်"

"မောင် စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ မောင်ရဲ့ပြောင်းလဲမှုတွေကို ကေရီကျေနပ်စွာနဲ့ နေပေးရမှာပေါ့"

ကေရီမျက်နှာပေါ်တွင် ဟန်လုပ်အပြုံးကလေးပြုံးခဲ့ပေမယ့် ကေရီ မျက်လုံးထဲတွင် ဘဝင်ကို နှုန်းတိုးနေသော အကြည့်တွေက ထင်ဟပ်နေလေသည်။

ကေရီ ဘယ်လိုပင် ဖြစ်ဖြစ်...ဘဝင်ကတော့ ကျေနပ်စွာပင် သူမတို့၏အကြိုအစည်ကို တားမြစ်နိုင်ခဲ့ပြီမဟုတ်လား။

မ်ဂ္ဂျိုင်အတွက် ဘဝင် တစ်ခုခုကို လုပ်ဆောင်ဖို့တော့ အရေးကြီးနေလေပြီ။ ဒေါ်ဖီဖီသူနှင့်မဟာနွယ်ကေရီက ရုတ်ကြိမ်လွှတ်သွားရုံနှင့် မဂ္ဂျိုင်ကို အလွှတ်ပေးမှာမဟုတ်ပေ။

"ဘဝင်...ဘာတွေ ခေါင်းညိတ်နေတာလဲ"

"ဪ...ဟို..ဟို..ဘာမှမဟုတ်ပါဘူးအစ်ကိုရယ်၊ ကိုယ့်ချစ်သူခေါ်တဲ့ကိစ္စကို ဘာလို့ပြင်းရတာလဲ"

"ဘဝင်ရေ..ချစ်သူဆိုတဲ့စကားလုံးကို မသုံးပါနဲ့လားကွာ"

"ဟင်...ဘာဖြစ်လို့လဲအစ်ကို"

"ချစ်သူဘဝရဲ့ ခံစားမှု အနှစ်သာရတွေ အစ်ကို့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအဓိပ္ပာယ်ရိုတာကိုတကယ်မသိခဲ့ပါဘူးကွာ"

"ရှင်..."

ဘခင်..မဂ္ဂိုင် နှလုံးသားကို ဘယ်လို နားလည်ရမယ်

သည်ကိုမသိတော့ပေ...။



www.burmeseclassic.com

www.burmeseclassic.com

"သမီးဘဝင်ကိုကြည့်ရတာ စိတ်တွေ အရမ်းကိုလှုပ်ရှားနေသလိုပဲ"

အန်တီသွယ်..ဘဝင်ကို ခပ်တွေတွေလေးကြည့်ပြီး ပြောလိုက်သည့်စကားနောက်ကွယ်တွင် အဓိပ္ပာယ်များစွာကိုတွေ့နေရလေ၏။

မဂ္ဂိုင်အန္တရာယ်ကိစ္စနှင့်ပတ်သက်ပြီး ဘဝင်..အန်တီသွယ့်ဆီကို ရောက်ခဲ့ခြင်းဖြစ်၏။ ဘဝင်က မဂ္ဂိုင်ထံသို့ရောက်ခဲ့ခြင်းက ငွေကြေးတစ်ခုတည်းကြောင့် ဖြစ်ခဲ့ပေမယ့် ခု ဘဝင် ရင်ထဲတွင် မဂ္ဂိုင်မြင့်မြတ်ဆီက ရရှိမည့်ငွေကြေးနှင့်ပတ်သက်၍ မက်မော[illegible]တ်ခြင်း မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်စိတ်အစဥ်သည် မဂ္ဂိုင်မြင့်မြတ် တစ်ယောက်

မဟာနွယ်၏မာယာတောင်ရောက်ထဲသို့မရောက်ရှိစေဖို့ပင်ဖြစ်၏။

ထိုအန္တရာယ်ကို ကြိုတင်ပြီး ကာကွယ်နိုင်ဖို့အတွက်တော့

အန်တီသွယ်၏ကူညီမှုကများစွာ လိုအပ်နေပြီမဟုတ်လား။

"အန်တီသွယ်"

"သမီးဘဝင် ဘာ ပြောချင်လဲပြောလေ၊ အန်တီသွယ် နား

ထောင်ပေးမှာပေါ့"

"သမီး...အန်တီသွယ်နိုင်းစေတဲ့ကိစ္စပေါ်မှာ တာဝန်ကျေ

ရပါမယ်၊ ဒါပေမယ့်..."

ဘဝင်နှုတ်မှ စကားသံလေးတွေ ဆက်ပြီး ထွက်

ပေါ်လာခြင်းမရှိတော့ဘဲ ရပ်တန့်နေသဖြင့်

"ဆက်ပြောလေ ဘဝင်"

"သမီးအန်တီသွယ်ကို မညာဝံ့ပါဘူး။ ဘဝင့်ရင်ထဲက ဖြစ်

နေတဲ့အတိုင်း ပြောပါ့မယ်"

"အန်တီသွယ် ခွင့်ပြုထားပါတယ်"

"ဘဝင် မေမေကြီးနဲ့ မဂ္ဂိုင်မြင့်မြတ်ပေါ် သံယောဇဥ်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ပါတယ်၊ ဘုတ်နဲ့ပတ်သက်ပြီးတစ်စုံတစ်ခုဖြစ်မှာကို မလိုဘူး"

"ဟား..ဟား..ဟား.."

အန်တီသွယ်.....ဘဝင့်စကားကို အားပါးတရ ရယ်မောကာ နေလေ၏။ အန်တီသွယ် ရယ်မောသံလေးသည် လှောင်ပြောင်ခြင်းမျိုး မဟုတ်ဘဲ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ရယ်မောခြင်းသာဖြစ်သည်။

"သမီးလေး... ဘဝင်..အင်း..ခုမှ တကယ့်ကို ဇာတ်လမ်း ကောင်းလေးတစ်ခုကို ကနေရပါလားကွယ်၊ ဖြစ်သင့်ပါတယ်၊ လူသား တစ်ဦးရယ်လို့ဖြစ်လာပြီဆိုရင် သမုဒယနှယ်တဲ့ ခံစားချက်ကတော့ ပေါက်ဖွားရမှာပဲ၊ သမီးဘဝင်ဆိုတဲ့သူက စက်ရုပ်လူသားမှ မဟုတ်တာ ပဲ၊ ချစ်ခြင်းတရားနဲ့ပတ်သက်ပြီး ရှိလာခဲ့တာ ဘာဆန်းလို့လဲကွယ်"

အန်တီသွယ်စကားကို ကောမျှရပ်ပြီး ဘဝင်မျက်နှာလေးကို ရိုစဝစွာကြည့်ပြီး

"သမီး..ဘဝင်.. သိထားရမယ့်စကားတော့ အန်တီသွယ် ပြောမယ်"

"ဟုတ်ကဲ့"

"မဂ္ဂိုင်မြင့်မြတ် ဘဝနဲ့ သမီးဘဝဟာ အရမ်းကိုဝေးကွာ



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်"

"ဟုတ်ပါတယ် အန်တီသွယ်"

"ဝေးကွာတယ်ဆိုတဲ့စကားဟာ ဆင်းရဲခြင်း၊ ချမ်းသာခြင်း

မဆိုင်ဘူး ဘဝင်၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်းတွေဟာ သံယောဇဉ်အ

နဲ့တွန်းရင် ပြိုလဲတတ်တယ်၊ ပြိုမလဲနိုင်တာက သမီး ဘဝင်ရဲ့မာ

ရာဇဝင်ကို မလှုပ်နိုင်တစ်ယောက်သာ သိခဲ့ရင် နားလည်ပေးနိုင် မယ်

ထင်လား၊ သမီးဘဝင်.. ဒီကွာခြားမှုဟာ သမီးဘဝင် နှလုံးသာ

ထိခိုက်နိုင်ဆုံးစကားတစ်ခွန်းပါပဲ.."

အန်တီသွယ် ပြောပြခဲ့သောအကြောင်းတရားလေးသ

လုံးဝ မလွဲချော်နိုင်သော အကြောင်းတရားလေးပင်ဖြစ်သဖြင့် ဘဝ

ခေါင်းလေးကို ငုံ့ပစ်လိုက်သည်။

"သမီးဘဝင်ရင်ထဲမှာ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်

ချပြီးပြီဆိုရင်တော့ သံယောဇဉ်နယ်နိမိတ်ထဲကို ဝင်နိုင်တယ်"

"ဘဝင် ဘာကိုဆုံးဖြတ်ချက် ချရမှာလဲဟင်"

"မလှုပ်နိုင်မြင့်မြတ်ကို ချစ်ရုံသက်သက်နဲ့ဘဝတစ်ခုကိုတ

ဆောက်နိုင်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဒီဆုံးဖြတ်ချက်ကို ချထားပြီးပါပြီ"

"ဒါဆို ဆက်ပြီးသာ လုပ်စေတော့ သမီးရေ.. မဏ္ဍိုင်ကိုအန္တရာယ် ဖြစ်စေမယ့် ဒေါ်မိမိသူတို့ သားအမိရဲ့ ကြံလုပ်မှုတွေကို အန်တီသွယ် ရှက်ခြည်မပြတ်စေရပါဘူး"

"အန်တီသွယ်"

"ဘာလဲ ပြော"

"အရမ်း အရမ်းကို ကျေးဇူးတင်ပါတယ်"

"သမီးလေးရယ်.. အန်တီသွယ်ဘဝထဲမှာ သမီးလေးဟာ သွေးသားမတော်စပ်ခဲ့ပေမယ့် သမီးရင်းလေးတစ်ယောက်လို ချစ်ခဲ့ရသူပါ"

အန်တီသွယ်၏ ထိုစကားလေးသည် နားကြားကောင်းအောင် ပြောနေသော စကားလေးမဟုတ်ဘူးဆိုတာကို ဘဝင် ယုံကြည်သည်။

ဘဝင်ပေါ်မှာ ယယ်စဉ်ကတည်းက သမီးလေးတစ်ယောက်လို စောင့်ရှောက်ခဲ့သော မွေးစားမိခင်တစ်ဦးမဟုတ်လား။

"တဲ...မြန်တော့၊ မိုးချုပ်မယ်၊ အန်တီသွယ် အလုပ်တာလေး



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးလုပ်ရဦးမယ်ကွဲ့"

"အန်တီသွယ်..ဟို..ဟို..အန်တီသွယ်ကိုဝိတ်ပင်တာမဟုတ်

ဘူးနော်၊ ဖဲမရိုက်ပါနဲ့တော့လား ဟင်"

"သမီးဘဝင်ရေ..မင်းအန်တီသွယ် လောင်းကစားလော

ကိုရှောင်နေတာ ကြာပြီကွဲ့"

"ဟင်.."

"ဘာလဲ သမီးဘဝင် ကအံ့ဩနေလို့လား"

"ဟုတ်တယ်"

"အန်တီသွယ်ရဲ့ဘဝ တစ်ကွေ့ကိုကောင်းသော အကျ

ပြောင်းလဲဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ စုသမီးလေးဒီကိစ္စလည်းနောက်

ပွဲလေးပါပဲ၊ ဒီပွဲလေး အဆုံးသတ်သွားပြီဆိုရင် တို့သားအမိနှစ်ယော

ဘဝလှလှလေးကိုတည်ဆောက်တော့မယ် ကလေးရေ"

အန်တီသွယ် အိမ်ရှေ့သိ လိုက်ပို့ပေးပြီး အိမ်ကြီးထဲသို့ ပြ

ဝင်သွားတော့သည်။

ဘဝင်ကတော့ အငှားကားလေးငှားပြီး ပြန်ဖို့ထွက် ထ

လမ်းမကြီးဘက်သို့ထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝင်တို့နေထိုင်သောနေရာလေးသည် ပိုက်ဆံရှိသူ သူတန်းစားတွေ နေထိုင်လို့ တိတ်ဆိတ်ပြီး အေးချမ်းနေသည်တော့ ဟုတ်၏။

လမ်းတစ်ခုလုံးတွင် အိမ်ခြေ(၅)အိမ်တောင်မရှိပေ။ ခြံဝန်း ကျယ်ကျယ်ကြီးတွေနှင့်နေကြပြီး လေဝ်၊ မုန်ညင်း၊ မုန်လာဥ၊ ဂေါ်ဖီ၊ ဟင်းခင်းတွေကို စိုက်ပျိုးပြီး အေးအေးချမ်းချမ်းနေကြသော နေရာလေးပင်ဖြစ်သည်။

ဘဝင်တို့နေထိုင်သော အိမ်နှင့်ကားလမ်းထက်ဆီကို ကိုယ်ပိုင်ကားနှင့်မသွားဘဲ လမ်းလျှောက်လျှင် အတော်လေးကြာအောင် လျှောက်ရသည်။

ဘဝင်ကိုယ့်အတွေးနှင့်ကိုယ် စဉ်းစားရင်းလျှောက်လာရိုန် တွင်

"ဂွီ..."

"ဟင်.."

ချစ်ကားတစ်စီး ဘဝင်ဘေးတွင် ထိုးရပ်ပြီး ကားပေါ်မှ လူ တစ်ယောက်ဆင်းလာသည်ကို မြင်ကတည်းက ကောင်းဒေသကိုစွ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဆိုသည်ကို သဘောပေါက်လိုက်လေသည်။

"ဘဝင်နဲ့သာဆိုတာ မင်းမဟုတ်လား"

"ဟုတ်တယ် ဘာကိစ္စလဲ"

"ဘာကိစ္စလဲဆိုတာ ငါတို့တော့ မပြောတတ်ဘူး။ မင်း အေးအေးဆေးဆေး လိုက်ခဲ့ရင် လှပကျော့ရှင်းတဲ့မင်းအလှလေးကို မထိခိုက်နိုင်ဘူးဆိုတာလောက်ပဲပြောနိုင်တယ်၊ ကျန်တာ ငါတို့ မသိဘူး"

"ရှင်တို့က ဖမ်းတဲ့သဘောပေါ့"

"ဖိတ်ခေါ်နေတာပါ"

ဘဝင် ထွက်ပေါက်ကို ရှာဖွေမည့် မြေမလွှတ်နိုင်သည်ကို သဘောပေါက်သဖြင့်

"ကောင်းပြီ၊ လိုက်ခဲ့မယ်"

"မင်းလိမ္မာရေးခြားရှိတော့ အားလုံးအဆင်ပြေတာပေါ့ ဟိုတောင်ပဲလှော်နဲ့ပေါက်စီ၊ သူ့ကိုခေါ်ပြီး ကားပေါ်တက်လိုက်"

ဘဝင် ဂျစ်ကားပေါ်သို့ ခပ်အေးအေးပဲ တက်လိုက်သည်။

"ရှင်တို့ကို ဒေါ်ခိမိသူ ခိုင်းတာလား"

"မင်း… ဒီလောက်သိနေရင် မဆိုးပါဘူး၊ ဟုတ်တယ်၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ာဝန်ကာ မင်းကို ယဉ်ယဉ်ကျေးကျေး ခေါ်လို့မရရင် ဖက်ကြမ်းကား
ာ်ပြီးခေါ်ရမှာပါ"

"ရှင်တို့ ကျွန်မဒီကိုရောက်နေတယ်ဆိုတာကို ဘယ်လိုလုပ်
ာ်သိနေတာလဲ"

"မင်း ရောက်နေတဲ့ မကျိုင်မြန့်မြတ် အိမ်ရှေ့ကို မိုးလင်းတာ
ရောက်နေခဲ့တာလေ"

"အစောကြီးကတည်းက သိထားတယ်ပေါ့"

"မသိပါဘူး ခေတ်ပုံကိုတော့ တွေ့ထားပြီးသားပါ။ မင်းသိချင်
ာ ဒါအတွက်ပဲလား။ ဘာတွေဆက်ပြီး မေးချင်သေးလဲ"

"ပေါက်စီ…ကားကိုထိန်းမောင်းကွာ၊ ဒီလမ်းတွေက အရှိန် နဲ့
ာ်ားလို့မရဘူး။ ချိုင့်တွေပေါ်တယ်"

ကုန်းမြင့်လမ်းတွေဖြစ်သည့်အပြင် လမ်းတွေက မြေချိုင့်
ာ်းတွေပါရှိသဖြင့် ကားကို ထိန်းထိန်းသိမ်းသိမ်းမောင်းမှသာရနိုင်
ာည်။

"ခုန်း…"

"အီး…"



www.burmeseclassic.com

www.burmeseclassic.com



လမ်းကို မကျွမ်းကျင်ဘဲ မောင်းရသောကြောင့် ကားမှာ ဇရ တွေကြားတွင် ဖြိမ်ဖြိမ်သက်သက်မောင်း၍မရနိုင်၊ ဒါဟာ ဘဝင် အတွက် အခွင့်အရေးတစ်ခုကိုပေးနေခြင်းသာဖြစ်သည်။

ဂျစ်ကားရှေ့ခန်းတွင် ဘဝင်ကိုခေါင်းဆောင်လုပ်သူက ညွှ ဦးလိုက်ပါလာသည်။ ဘဝင်ရှေ့ကွတွင် လှံပ်ရှားမှုဝိုးစား၍ ဖြင်ဆင် ထားသည်။

"ဂျိ..."

"တာ..ပေါက်စီ"

ကားမှာ လမ်းကွေ့သို့ကွေ့လိုက်သည်နှင့် သဲနွန်းသဖွယ်ဖြ သော ရိုင်ကြီးက ကားဘီးတွေကို ဆွဲထားလိုက်သည်။

"ကဲ..."

"ဟာ.."

"ဘုတ်.."

ဘဝင်...ခေါးမှ လူကိုကိုယ်နှင့်ဆောင့်တွန်းပြီး ဘဝင်ကိုယ် တိုင် မြေပြင်ပေါ်သို့ အိပ်ချလိုက်သည်။

"ဝူး...ကျွဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်တွေ မလွတ်စေနဲ့ လိုက်ကြ"

ဘဝင်ခြေဦးတည့်ရာကို ဖွတ်ပြေးလေတော့သည်။

ဘဝင် ပြေးသောနေရာမှာ ကားလမ်းမကြီးဆီသို့မဟုတ်၊ မြောက်ဘက်ကုန်းမြင့်ဆီသို့ဖြစ်သည်။

"ကောင်မ...ဒီရင့် မလွယ်ဘူးမှတ်၊ မြန်မြန်လိုက်ကြဟေ့"

ဘဝင်နှင့်နောက်မှလိုက်လာသော အုပ်စုနှင့် သိပ်ပြီးမကွာလှပေ။

"ဟော...ဟောဟဲ"

ဘဝင်အားစိုက်ပြီး ပြေးလာရသောကြောင့် ပါးစပ်တွေလည်း ခြောက်ကပ်ပြီး မျက်လုံးတွေတောင် ပြာဝေရင်သလိုဖြစ်နေသည်။

ယောက်ျားတစ်ယောက်၏ခြေအားနှင့် မိန်းမတစ်ယောက်၏ခြေအားမှာ ကွာခြားသောကြောင့် နီးသထက်နီးလာလေပြီ။

"အမေ့..."

ကုန်းမြင့်လေးပေါ်မှ အနိမ့်ပိုင်းသို့ပြေး၍အဆင်းတွင် ခြေထောက်ခေါက်ပြီးပစ်လဲကျကာ လိမ့်ဆင်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား..."

ဘဝင်မြူးကြီးထဲမေမြူမေမယ့်ခြေလှမ်းတွေကမညီတော့ ရှေ့မရတော့ပေ။

"ကောင်မ..ပြေးစမ်းလွှတ်အောင်"

ဘဝင်နားဆီသို့ရောက်ရှိခဲ့ပြီး ဆွဲမ.ရန် ပြင်ချိန်တွင်

"ဟော့ကောင်တွေ"

"ဟင်...အစ်ကိုမင်္ဂလာ.."

"မင်း..ဘာကောင်လဲ"

"ဒါက ဘာကောင်လဲဆိုတာ မင်းတို့ကိုပြောစရာမလိုဘူး။ မင်းတို့ရဲ့ဘာရားမဲ့လုပ်နေတာကိုတော့ မသိကျိုးကျွန်မပြုနိုင်ဘူး"

"ဒါဆိုလဲ မင်းပါ ရှင်းရတာပေါ့။ ဟိုကောင် (၂)ကောင်"

ခေါင်းဆောင်လုပ်သူက အသံပြုလိုက်သည်နှင့်မင်္ဂလာမြင့်မြတ်ထံသို့ နှစ်ယောက်ပြေးဝင်ပြီး တိုက်ခိုက်တော့သည်။

"အစ်ကို သတိထားပါ"

ဘဝင် လှမ်းပြီး အော်ပြောရုံမှလွဲ၍ ဝင်ပြီးမကူနိုင်ပေ။

"ကျား...ခြောင်း...ခွပ်...အင့်"



www.burmeseclassic.com

www.burmeseclassic.com



"အိုး…အား…"

မဂ္ဂိုဝ်မြင့်မြတ်ဆိုသည့်သူသည် စဝ်မျောမျောယောက်ျား ဟုတ်သူဆိုသည်ကို သဝင်လက်တွေ့သိလိုက်ရသည်။

ပြေးဝင်သွားသော နှစ်ကောင်စတ္တနိုင်းလောက်နှင့် မြွေ တွင် မောက်နေလေပြီ။

"ရှောက်…"

"ဟယ်…"

တစ်ယောက်တည်း ကျန်ခဲ့သော ခေါင်းဆောင်လုပ်သူက လှတ်ဓားတစ်ချောင်းထုတ်ယူပြီး မဂ္ဂိုဝ်မြင့်မြတ်ကို ပြေးပြီးဝင်ထိုး လေသည်။

"ဒို…ခွပ်…"

"အိုး…"

ဓားသမား မျက်နှာပေါ်တွင် မဂ္ဂိုဝ်မြင့်မြတ်၏ခြေထောက် တဝန်းဝန်းမတ်မတ်ရောက်ရှိသွားပြီး တောင်းဆေးခေတင်မရတော့ပေ။

"အစ်ကို…"

"သဝင်…ထလို့ရလား"



www.burmeseclassic.com

www.burmeseclassic.com



"အား...မရဘူး အစ်ကို"

"ဘယ်လိုမှ...မင်းစိတ်ထဲမှာမဖြစ်နဲ့။ ငါခေါ့ပြီး တင်ပေးမယ်"

"နေ...နေပါစေအစ်ကိုရယ်...ဘဝင်...အားစိုက်ပြီးလျှောက်ခဲ့မယ်"

ဘဝင်ပြာခဲ့မယ်မရ...မကျိုးမြင့်မြတ်က ဘဝင်ကို ပွေ့ပြီး ကားပေါ်သို့တင်လေသည်။

ကားလေးမောင်းထွက်သွားချိန်တွင်

"အစ်ကို...ဘယ်လိုလုပ်ပြီး ဘဝင်ဆီကိုရောက်လာတာလဲဟင်"

"တိုက်ဆိုင်သွားတာပါ၊ ကိုယ့်ရဲ့မိဘမဲ့ကျောင်းလေးက ဟိုနားမှာလေ"

"ဪ..."

ထိုကျောင်းကို ဘဝင် ရင်းနှီးနေသည်မှာ နှစ်ပေါင်းမနည်းတော့ပေ။ မိဘမဲ့ကလေးတွေကို အရမ်းချစ်သောသည့် သူဌေးတစ်ဦးက ထောက်ပံ့လှူဒါန်းပြီးဖွင့်ထားသော မိဘမဲ့ကျောင်းလေးပင်ဖြစ်သည်။ ခုတော့ ထိုသူဌေးဘယ်သူဘယ်ဝါဆိုသည်ကို ဘဝင်သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်ဖြစ်သည်။

"ဘဝင်ကရော..."

"ဘဝင်က...ဘဝင့်အမေ့ခေါ်တစ်ယောက်ဆီကို အလည်လာတာပါ။ အပြန်မှာ ရုလိုအဖြစ်နဲ့ကြုံရတာပါ။ အစ်ကို သူတို့တစ်တွေ ဘာကြောင့် ရန်ရှာသလဲဆိုတာတော့ မပြောတတ်ပါဘူး"

"အကြောင်းတစ်ခုခုတော့ရှိနေတာ သေချာတယ်၊ နောက်ဆို ခုလိုမျိုး တစ်ယောက်တည်း မင်းမသွားပါနဲ့ ဘဝင်"

"ဟုတ်ကဲ့"

ဘဝင် မြတ်နိုးရသည့်သူ့ထံမှ စိုးရိမ်မှုစကားလေးကြောင့် ရင်ထဲတွင် ပီတိလေးတွေဖြစ်ခဲ့သည်မှာအမှန်ပင်။

ပိုင်ဆိုင်ခြင်းမရှိနိုင်သော ချစ်ခြင်းတရားကြောင့် စိတ်ထဲမှာ ဝမ်းနည်းမှုလေးတစ်ခု အပြေးကလေး ရောက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းလုပ်ပုံတွေ မဟုတ်တော့ဘူး တောရီ"

"မောင့်စကားက ဘာကို ရည်ညွှန်းတာလဲ၊ ပြောပါဦး။ တော်

က ဘာတွေကိုလုပ်နေလို့လဲ"

"မင်း ဘာလုပ်တယ်ဆိုတာကို တကယ်မသိဘူးပေါ့"

"ဘာမှမလုပ်ခဲ့လို့ ဘာမှမသိဘူး"

"မင်းကားကိုပေါင်လိုက်တာက ဘာသဘောလဲ"

"ဟင်..."

တောရီ..., ကိုကိုလတ်အတွက် အရေးပေါ်ငွေ သိန်း(၅၀)



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကားကိုပေါင်းနှံပြီး ပေးလိုက်သည်ကို မဂ္ဂိုဝ်မြင့်မြတ် သိသွားပြီ။

"မောင်...ဒါက..မာမီအတွက် သေရေးရှင်ရေး ဖြစ်ပေါ်လာလို့"

မဟာနွယ်စောရီ...မဂ္ဂိုဝ်ကို လိမ်ညာရမည့်လုပ်ဇာတ်တစ်ခုကို ခင်းရတော့မည်ဖြစ်သည်။

"မာမီ..ရတနာ အရောင်းအဝယ်တစ်ခုမှာ လူလိမ်ခံရပြီး အဖမ်းခံရမယ့် အခြေအနေကိုရောက်လာလို့ စောရီ လုပ်ပေးလိုက်တာပါ၊ မောင့်ဆီက အကူအညီ တောင်းရမှာ မာမီရော၊ စောရီပါ တောင်းဝံ့တာမှ မဟုတ်လို့ လုပ်ရတာပါမောင်ရယ်"

စောရီ မျက်ရည်စလေးနှင့် သရုပ်ဆောင်ပြလိုက်သည်ကို မဂ္ဂိုဝ်လုံးဝ မသနားနိုင်သလို စောရီပြောနေသောစကားတွေက လိမ်ညာနေတယ်ဆိုသည်ကိုတော့ သိနေပြီးသားဖြစ်သည်။

ကိုကိုလတ်ဆိုသည့်လူအတွက် စောရီ ကားကိုပေါင်နှံပေးလိုက်သည့်သတင်းကို နိုင်နိုင်လုံလုံ မဂ္ဂိုဝ်မြင့်မြတ် သိထားပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေနီ့..ငါဟာ ချစ်သူရကံမကောင်းခဲ့ဘူး"

"မောင်...ဒီစကားတော့ မပြောပါနဲ့"

"ပြောရမယ် ကေရီ၊ ချစ်သူတို့ရဲ့ဘဝမှာ အရေးကြီး

အရက်က ဘာလဲသိလား၊ တစ်ယောက်ပေါ်တစ်ယောက် ပွင့်လ

ရိုးသားစွာ ဆက်ဆံရေးပဲ ကေရီ"

"မောင်..ကေရီကို ကြိုက်သလိုပြောပါ၊ မကျေနပ်ရင်ရိုက်

ကေရီကျေကျေနပ်နပ်ကြီး ခေါင်းငုံ့ခံပါ့မယ်"

ကေရီတစ်ယောက် အမျှော့ခွဲမာယာတွေကို အစွမ်း

သုံးနေလေပြီ။

"ထားလိုက်ပါတော့လေ၊ ဒီကားကို ဝယ်ပေးကတည်း

မင်းအတွက် အပြီးဝယ်ပေးထားတာပဲ၊ မင်းကြိုက်သလိုလုပ်နိုင်

ငါ့အတွက်တော့ တန်ဖိုးမထားတတ်တဲ့သူကို အမှတ်တရပေးပါ

လို့ပဲ သဘောထားပါတယ်"

"မောင်...နေပါဦး"

မလှိုင်မြင့်မြတ် လှည့်ပြီးထွက်သွားမည်အပြု ကေရီ

မောင်းလေးဆွဲထားကာ ညှိုးငယ်ဆုံးအကြည့်ဖြင့် ကြည့်နေမိသည်



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုပြန်ခွင့်ပြုပါဦး၊ မင်းအပေါ်မှာ ငါ့ရဲ့ဝမ်းနည်းမှုလေးတွေကို ဖြေသိမ့်နိုင်အောင် ကြိုးစားပေးပါ့မယ် ကောရီ"

"မောင်...ကောရီကို နောက်ငါး အနေနဲ့ ခွင့်လွှတ်ပေးပါ"

"ငါ ခွင့်လွှတ်ပါတယ်"

"တကယ်လားမောင်"

"အပြစ်တစ်ခုလို့ သဘောထားရင် ငါ့အတွက် ဘာမှ အကျိုးမရှိဘူး၊ တစ်ခုတော့ ငါပြောလိုက်မယ် ကောရီ၊ ငါတို့နှစ်ယောက်အတွက်ဝေးတွာဖို့ မီးစတွေက စတင်ပြီးလောင်ကျွမ်းနေပြီ၊ မင်းဘက်က ငြိမ်းသတ်နိုင်အောင် ကြိုးစားပါလို့ပဲ ပြောပါရစေ"

အင်းယားကန်ဘောင်ပေါ်မှ နှစ်ယောက်သား ပြန်ဆင်းချိန်တွင် ကောရီတစ်ယောက် မဂ္ဂိုင်မြင့်မြတ် လက်မောင်းလေးကို ဆုပ်ကိုင်ရင်းလိုက်ခဲ့သည့် စံစားချက်ပေါ်မှာတော့ မဂ္ဂိုင်မြင့်မြတ်၏ ရင်ခုန်သံတွေက တိတ်ဆိတ်စွာရှိနေလေတော့သည်။

"ငါ အိမ်ကိုပြန်ပြီး ပို့ပေးရမလား"

"မပို့နဲ့တော့မောင်၊ ကောရီ သူငယ်ချင်းတစ်ယောက်ဆီကို ကောဝင်ဦးမယ်၊ သံလွင်လမ်းဝရောက်ရင် ရပ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

ကောရီ ပို့မိုင်းသည်နေရာကိုလိုက်ပို့ပေးပြီး မဟူဂိုင်မြင့်မြတ် ပြန်ပြီးထွက်လာချိန်တွင်

"ဟော့..မြင့်မြတ်"

"ဟာ...ဒေအာင်ကျော်"

ဘေးကားပေါ်မှ လှမ်းပြီးခေါ်လိုက်ပြီး ဆိုင်လေးတစ်ဆိုင်ရှေ့ တွင်ကားနှစ်စီးပြိုင်တူရပ်ကာ ဆိုင်ထဲသို့ဝင်လာခဲ့သည်။

"မင်းနဲ့မတွေ့တာ ကြာပြီပဲ ဒေအာင်ကျော်"

"ဟုတ်တယ်ကွာ၊ အလုပ်တွေများနေတာနဲ့ မဆုံဖြစ်ဘူး မင်း ဒေအာင်ထွန်းပေါ်နဲ့ ဟိုတလောက ဆုံခဲ့တယ်ဆို"

"ဟုတ်တယ်...မင်း ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးက ဘယ်လို လဲ၊ အခြေအနေတွေကောင်းရဲ့လား"

"မကောင်းဘူးဟော့၊ ဈေးကွက်တွေ ပျက်နေတယ်၊ မိုက်ရူးရှေ့ တွေရှိနေသရွေ့တော့ အခြေအနေမကောင်းဘူးကွာ၊ ဒါနဲ့ မင်း တော တစ်ယောက် သံရုပ်ဆောင်လောကထဲကို ဝင်နေတယ်ဆို"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လည်းလုပ်ဦး မြင့်မြတ်ရေ.. တော်ကြာ လူညီးကျိုးထမ်းနေရဦးမယ်၊ မင်းကို အောင်ထွန်းပေါ် မပြောပြဘူးလား"

"ပြောပါတယ်၊ စောရီ.. ကိုကိုလတ်ဆိုတဲ့ကောင်နဲ့တွဲပြီး သရုပ်ဆောင်လုပ်နေတာတွေတော့ သိတယ်"

"ဒီကိုကိုလတ်ဆိုတဲ့ကောင်က ဒီရိုက်တာလောကမှာ ဘာမှ သုံးစားလို့မရတော့ဘူး၊ ကိုယ်ကျင့်တရားက ကောင်းတဲ့ကောင်မှ မဟုတ်တာ၊ သူ့ကြောင့် မိန်းကလေးတော်တော်များများ မျက်ရည်စတွေနဲ့လေ၊ ဒီထဲမှာ စောရီတောင် ပါနေတော့မယ်၊ မြင့်မြတ်... မင်းကို ပြောရတာ အားတော့နာတယ်၊ ဒါပေမယ့် ငါ့သူငယ်ချင်းကို ရွာမြစ်မှာ တိုတော့ လက်မခံနိုင်ဘူးကွာ"

"အောင်ကျော်..မင်းငါ့ကို ဘာမှ အားနာစရာမလိုဘူး၊ မင်း သိတာကိုပွင့်ပွင့်လင်းလင်းသာပြော၊ ငါစောရီနဲ့ပတ်သက်ပြီး စိတ်ကုန်နေပြီကွာ"

"စိတ်ကုန်လိုက်တာ မင်းအတွက်မမှားဘူးမြင့်မြတ်၊ ရှိုင်းရှိုင်း ပြောရရင် စောရီနဲ့ကိုကိုလတ်အခြေအနေက ဆိုးဆိုးဝါးဝါးမှာရှိတယ်၊ ဒီစကားဟာ ပုဂ္ဂိုလ်ရေးမုန်းတီးလို့ ငါပြောတာမဟုတ်ဘူး ခိုင်လုံတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီလားလို့ပါ၊ဟားဟားဟား…"

မဏ္ဍိုင်ပါရောပြီး ရယ်လိုက်ရင်းရင်ထဲသို့ ဘဝင်နှံ့သာ ပုံရိပ်တစေလားရောက်ရှိလာလေသည်မှာ အမှန်ပင်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီလားလို့ပါ ဟားဟားဟား…”

မလျှိုနိုင်ပါရောပြီး ရယ်လိုက်ရင်းရင်ထဲသို့ ဘဝင်နှံ့သာ ပုံရိပ်တလေးရောက်ရှိလာလေသည်မှာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး စားလေ"

ဒေါက်တာ မအောင်နွယ်က လက်ဖက်ပန်းကန်လေးကို အဝင် ရှေ့သို့ရှေ့ပေးလိုက်သည်။

"ညီမလေး သတင်းကောင်းတွေကို ကြားရပါတယ်ကွယ်၊ နာတာရှည် နလုံးရောဂါသည်ကြီး ခုလို လူကောင်းသဖွယ်ဖြစ်လာခဲ့ ရတာ ညီမလေးကြောင့်ပါ"

"ဒီလိုလည်းမဟုတ်ပါဘူး မမရာ၊ မမတို့ကုသမှုတွေကြောင့် သက်သာခဲ့တာ"

"ဆေးကုတာက ဆေးကုတာပဲလေ၊ အဓိက အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ာက စိတ်ခာတ်ပိုင်းပဲ၊ ဒီစိတ်ခာတ်ပိုင်းအားကောင်းမှ ဆေးဝါးဘက်

ာနိုင်က ပိုပြီးထိရောက်တာ"

"နှစ်ဖက်လုံးကြောင့်လို့ပဲ ပြောလိုက်ပါတော့ မမရယ်"

"ဘဝင်ကိုခဲ့ရဦးမယ်"

"ဘာများလဲ မမ"

"မဂ္ဂိုင်နဲ့ကောရီ ဆက်ဆံရေး မကောင်းဘူးဆို"

"ဟုတ်တယ်မမ၊ ဘာကြောင့်ဆိုတာတော့ ဘဝင် မသိဘူး။

ချင်လို့ ကောရီအဝင်အထွက် သိပ်ပြီးမလုပ်တော့ဘူး"

"မဂ္ဂိုင်အတွက် ကံကောင်းတယ်လို့ လူတွေက ထင်ကြား

မယ့် တကယ်တော့ မဂ္ဂိုင်ဟာ ကံဆိုးတဲ့လူတစ်ယောက်ဖြစ်နေခဲ့

ပြီ"

"မမ..."

"ဘာလဲ ဘဝင်"

"ကိုမဂ္ဂိုင်နဲ့ကောရီဟာ ချစ်သူတွေ မဟုတ်ဘူးလား"

"အများအမြင်မှာတော့ ချစ်သူတွေ ထင်ရပေမယ့် တကယ်

တော့မဟုတ်ဘူး။ ကောရီဟာ မဂ္ဂိုင် ချမ်းသာကြွယ်ဝမှုပေါ်မှာ စုံမက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဘဝကိုရောက်အောင်ကြိုးစားခဲ့သလို၊စေ့စပ်နိုင်တဲ့အထိလုပ်
နိုင်ခဲ့တယ်"

"ဟင်...ဘယ်လိုတွေလဲမမ"

"ဘဝင်သိပ်ပြီးသိချင်ရင်တော့မမပြောပြမယ်၊မဏ္ဍိုင်တော့
ပြန်ပြီးမသိစေနဲ့ကွာ၊သူစိတ်မကောင်းဖြစ်နေမှာ"

"စိတ်ချပါ"

"ဒီလိုကွဲ၊ မမတို့ သူငယ်ချင်းအုပ်စုမှာ မမခင်ပွန်းရယ်
အောင်ကျော်၊အောင်ထွန်းဝေ၊မမနဲ့အတူ အိစင်သူရိုတဲ့သူငယ်ချင်း
(၆)ယောက်ရှိခဲ့ကြတယ်၊အထက်တန်းကျောင်းသားဘဝထဲကတွဲ
ကြပြီးတက္ကသိုလ်ရောက်တဲ့အထိအတွဲမပျက်ခဲ့ဘူး။တက္ကသိုလ်တတိ
လို့ဒုတိယနှစ်မှာအိစင်သူနဲ့မဏ္ဍိုင်ဟာ ချစ်သူဖြစ်သွားခဲ့ကြတယ်"

"ကြော်..."

"အိစင်သူလေးက မုဆိုးဖို ဖခင်ကြီးရယ်၊ မောင်လေး (
ယောက်နဲ့ ဆင်းရဲနွမ်းပါးကြတယ်၊ မမတို့ကတော့ အိစင်သူနဲ့မဏ္ဍိုင်
ချစ်သူတွေဖြစ်တာကို အရမ်းကျေနပ်ခဲ့ကြတယ်၊ ဘာကြောင့်လဲ
တော့အိစင်သူလေးဟာ မဏ္ဍိုင်နဲ့ဘဝတစ်ခုတည်ဆောက်နိုင်ရင်ဘူ

www.burmeseclassic.com

www.burmeseclassic.com



နှမ်းပါးတဲ့ဘဝလေးထဲက ရုန်းထွက်နိုင်မှာမဟုတ်လား၊ မဤှိုင်က လည်း အိစင်သူလေးပေါ်မှာ အစတော်လေးကို သံယောဇဉ်ရှိခဲ့တယ်လေ၊ ကျောင်းပြီးရင် လက်ထပ်ကြမယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမယ့် အိစင်သူနဲ့မဤှိုင်တို့ဘဝထဲကို ဂဲကြမ္မာဆိုး ဝင်လာသူကတော့ မဟာနွယ်ကေရီပဲ"

"မဟာနွယ်ကေရီအိမ်မှာ အိစင်သူဖခင်ကြီးက ကားမောင်းခဲ့တယ်၊ ကေရီနဲ့မဤှိုင်တို့ဆုံခဲ့ရတာ အိစင်သူ မိတ်ဆက်ပေးမှုကြောင့်ဆိုရမှာပေါ့၊ မဤှိုင်မှာ ချစ်သူ ငွတ်တုတ်ကြီးရှိရက်နဲ့ ကေရီဟာ မဤှိုင်အနားကိုရောက်အောင် သွားခဲ့တယ်"

"မမတို့လည်း ကေရီ ခြေလှမ်းကို မရိပ်မိဘူးလေ၊ မမတို့အားလုံး ကျောင်းနောက်ဆုံးနှစ်မှာ အိစင်သူတစ်ယောက် ကျောင်းလုံးဝမတက်ရတော့ဘဲ ပျောက်ကွယ်သွားတယ်"

"ဟင်..."

"မဤှိုင် စုံစမ်းပေမယ့် ဘာသတင်းမှမရခဲ့ဘူး။ ဘာကြောင့်ဆိုတာလဲ မသိရဘူးလေ"

"သူ့မိသားစုတွေရော"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်မှ မရှိကြတော့ဘူး။ မင်္ဂလာဂိုင်ဟာ ရှုံးမထဝင်ဘဲ လိုက်ရှာပါတယ်၊ နောက်ဆုံး ကောရီက သူ ကူညီပေးမယ်ဆိုပြီး ပဲခူးဘက်ကိုခေါ်သွားခဲ့တယ်၊ ပဲခူးမှာ အိစင်သူရှိတယ်ဆိုတဲ့သတင်းနဲ့ ဆိုတော့ မင်္ဂလာဂိုင်ဟာ ဘာမှမစဉ်းစားဘဲ လိုက်သွားတဲ့နေ့က အပြန်မှာ မိုးချုပ်ပြီး ပဲခူးမှာရှိတဲ့ ကောရီ သူငယ်ချင်းတစ်ယောက်အိမ်မှာ ညအိပ်ခဲ့ကြတယ်"

"ပဲခူးနဲ့ရန်ကုန်က ကားနဲ့သွားတာပဲ၊ ချက်ချင်းပြန်လာလို့ရသားနဲ့ဘာလို့ညအိပ်ရတာလဲမမ"

"ညအိပ်ရတာက အိစင်သူ သတင်းတစ်ခုကြောင့်ပေါ့။ အိစင်သူ အဖေနဲ့တွေ့ခဲ့ပြီး သမီးလေး ခရီးတစ်ခုသွားနေတယ် မနက်ဖြန်ဆို ပြန်ရောက်မယ်ဆိုတာနဲ့ မင်္ဂလာဂိုင်က ဆက်ပြီးစောင့်နေတာ၊ ဒီတော့ မင်္ဂလာဂိုင်၊ ကောရီကို အတော်လေး ကျေးဇူးတင်ခဲ့သလို ယုံယုံကြည်ကြည်ပဲ သူငယ်ချင်းအိမ်မှာ ညအိပ်ခဲ့တယ်"

"ည (၁၀း၀၀) နာရီလောက်ရောက်တော့ ကောရီမိဘတွေနဲ့ ရပ်ကွက်လူကြီးတွေရောက်လာပြီး ကောရီကို မင်္ဂလာဂိုင် မိုးခဲ့တယ်လို့ စွပ်စွဲခဲ့ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောရီက မငြင်းဘူးလား"

"သူလည်း ငြင်းတာပဲလေ၊ ဒါပေမယ့် ကောရီ အမေနဲ့အဖေ
က သူတို့ဂုဏ်သိက္ခာအတွက် မဂျိုင်ကို အကျပ်ကိုင်ခဲ့တယ်၊ ဒါပေ
ယ့်မဂျိုင်ဘက်က စပ်ပြတ်ပြတ်ပဲပြောပြီး အမှုဖွင့်မယ်ဆိုရင် ဖြေရှင်း
ယ် လို့ ပြောလိုက်ပြီး လူကြီးတွေ သက်သေနဲ့ မဂျိုင်မိခင်ကြီးကို
ဖြောင်းကြားဖို့လုပ်ခဲ့ကြတယ်"

"ဟို အိမ်ခင်သူနဲ့ ကိုမဂျိုင် မဆုံတော့ဘူးပေါ့"

"မဂျိုင်ပဲရှုးက အိမ်ခင်သူ ဖခင်ကြီးနဲ့တွေ့ခဲ့ပေမယ့် အိမ်ခင်သူ
က မဂျိုင်ဘဝကို အပြီးအပိုင် ဥပေက္ခာပြုသွားခဲ့ပြီ"

"ဟင်...ဘယ်ဖြစ်လို့လဲမမ"

"အိမ်ခင်သူတစ်ယောက် တခြားလူတစ်ယောက်နဲ့လက်ထပ်
သွားတဲ့အချိန်မှာ မဂျိုင် ဆုံတွေ့ခွင့်ရတာမို့ ဘာမှ မတတ်သာဘဲ
ကိစ်ကြောင်းပြန်ပြီးလှည့်ခဲ့ရတယ်"

"ပဲရှုးက အပြန် အိမ်ရောက်တော့ မိခင်ကြီးနဲ့အတူ ကောရီ
တို့တွေ ရောက်ရှိနေပြီ၊ မဂျိုင်နဲ့ ကောရီကို စေ့စပ်တဲ့အဆင့်ပြ
ဆောင်လုပ်ပေးခဲ့ကြတယ်၊ ဒါဟာ အလျော့ဆုံးလုပ်ရပ်ပဲလေ၊ ပထမ



www.burmeseclassic.com

www.burmeseclassic.com



ဆုံး၊ ချက်ချင်းလက်ထပ်ဖို့အထိ တောင်းဆိုခဲ့တာ၊ ဒါကို မဂျော်ဂျင် မိခင်ကြီးက ငြင်းဆိုလို့ စေ့စပ်ပွဲလေးလောက်နဲ့ပြီးဆုံးခဲ့ရတာလေ"

"မဂျော်ဂျင်လည်း ကေရီရဲ့ပေါ်မှာ သည်းခံပြီး အားလုံးသောတ်မှတ်သူလို ချစ်သူအဖြစ်နဲ့နေပေးခဲ့ပါတယ်"

"ဩော်..မမ..အီစင်သူက ဘာကြောင့် ကိုမဂျော်ဂျင်ကိုဥပေက္ခာပြုသွားရတာလဲဟင်"

"အီစင်သူ ဥပေက္ခာပြုရတဲ့အကြောင်းကို မမသိခဲ့ရတာတော့ မမပဲရုံးဆေးရုံမှာအလုပ်ဝင်ချိန်မှာ တစ်နေ့ အီစင်သူ နလုံးရောဂါဆေးရုံတက်ချိန်မှာ ဆုံခဲ့ကြတယ်၊ မမနဲ့ အီစင်သူတွေ့ချိန်ဟာ နောက်ဆုံးချိန်တစ်ခုရောက်နေခဲ့ပါပြီ"

"ဟင်.."

"အီစင်သူရဲ့ နလုံးရောဂါက အရမ်းကိုကျွမ်းနေပြီလေ အီစင်သူ မသေခင်အချိန်လေးမှာပဲ သူမဂျော်ဂျင်ပေါ်မှာ သစ္စာမဲ့ခဲ့တာ ဖွင့်ဟခဲ့သလို ကေရီရဲ့ နိုင်းစေမှုကိုခံခဲ့ရတဲ့အကြောင်းကို မမ သိရတယ်"

"ကေရီဟာ မဂျော်ဂျင်ပေါ်မှာစွဲလမ်းနှစ်သက်ပြီး မဂျော်ဂျင်အ

www.burmeseclassic.com



ရှိနေတဲ့အိစင်သူကိုရအောင်ဆွဲထုတ်ခဲ့တယ်"

"ဘယ်လိုဆွဲထုတ်ခဲ့တာလဲမမ"

"အိစင်သူ ဖခင်ဟာ ကားတိုက်မှုတစ်ခုဖြစ်ခဲ့တယ်လေ၊ ဒါကို အခွင့်ကောင်းယူပြီး ကေရီက အိစင်သူကိုအကျပ်ကိုင်ခဲ့တယ်၊ မဏ္ဍိုင်နဲ့လုံးဝ မပတ်သက်ဘူးဆိုရင် အမှုနဲ့ပတ်သက်ပြီး လွတ်အောင်လုပ်ပေးမယ်လို့ပြောခဲ့တာကြောင့် အိစင်သူဟာ ခေါင်းညိတ်ပြီး မဏ္ဍိုင်ဘေးကနေ ထွက်ပြေးခဲ့တယ်"

"မမရယ်.. အစ်ကိုမဏ္ဍိုင်ကို အိစင်သူဖခင်ကိစ္စ ပွင့်ပွင့်လင်းလင်းပြောခဲ့ရင်တောင် ရသားနဲ့ဟာ"

"အိစင်သူဟာ ချစ်သူပေါ်မှာ အကျိုးမျှော်တဲ့လုပ်ရပ်တွေကို လေ့ပ်ချင်တာကြောင့် ကေရီကြိုးဆွဲရာကိုစံခဲ့ရတယ်၊ ပဲခူးမှာ ရှိနေတာကို ကေရီက သူ့ကိုယ်သူ သူတော်ကောင်းကြီးလုပ်ပြီး အိစင်သူကို ထပ်ပြီး စည်းဝါးရိုက်ခဲ့တယ်၊ မဏ္ဍိုင်ရောက်လာတဲ့အခါ အိမ်ထောင်ရှိသူအဖြစ် ပြောပေးဖို့ပဲ"

"မပြောသလိုဆိုရင်တော့ ကေရီဟာ ကိုမဏ္ဍိုင်ကို သိမ်းပိုက်ဖို့အတွက် အကွက်ကျကျ စီစဉ်ထားခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လို့ပဲ ဆိုရမှာပေါ့ ဘဝင်ရယ်၊ မမလည်း အိမ်ေ
ဆုံးသွားပြီး မဏ္ဍိုင်ကို အကြောင်းကြားမှပြင်တော့ မဏ္ဍိုင်က နိုင်ငံခြ
ကိုရောက်နေပြီး အဆက်အသွယ်ပြတ်သွားရွဲကြတယ်၊ နောက်ပြန်ေ
တော့လည်း ဒီအကြောင်းတွေကို မပြောဖြစ်တော့ပါဘူး၊ တော်ရှ
မဏ္ဍိုင် သာယာနေပြီလို့ သဘောထားပြီး ဘာမှမပြောခဲ့တာပါကွယ်"

ဘဝင်... မာယာနွယ်ကော်ရိုဇ် ကြောက်စရာကောင်း အ
မြေလှမ်းတွေကိုတွေ့ပြီး စုဒုတိယအကြိမ်လှမ်းသော မြေလှမ်းတွေ
ထပ်ပြီး တွေ့နေရလေပြီ၊ ဒီတစ်ကြိမ်တော့ အိမ်ဘုလို ကြေကွဲစရ
အပြစ်မျိုးကို ဘဝင် အရောက်မခံနိုင်ပေ၊

မဏ္ဍိုင်မြင့်မြတ်ကို မပိုင်ဆိုင်ရရင်တောင် မာယာကတေ
ဖြစ်သော ကော်ရိုလက်ထဲသို့ အရောက်မခံနိုင်ပေ၊

"ဘဝင်..."

"ရှင်..."

"ဘာတွေ အတွေးလွန်နေတာလဲ"

"ဘာ...ဘာမှမဟုတ်ပါဘူးမမ၊ ဘဝင်ကို ပြန်စွင်ဦးနော်"

"အေးအေး...ညီမလေး၊ မနက်ဖြန်တော်မြ အန်တီ့ထံ



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ဆေးထိုးပေးရဦးမယ်"

"ဟုတ်ကဲ့"

"ဪ.. ညီမလေး ကေရိန်နဲ့ပတ်သက်ပြီး မက္ကိုင်ကို နောက်ဆုံး အဆုံးအဖြတ်တစ်ခုကို ရောဂါ့ရှိန်ကျမှ ထုတ်ပြောပါ"

ဒေါက်တာတင်နွယ်ပြောဆိုလိုက်သောစကားလုံးအဓိပ္ပာယ်တို့ ဗီဗင် ကောင်းကောင်းသဘောပေါက်စွာဖြင့် ခေါင်းညိတ်ပြီး ထွက်လာခဲ့တော့သည်။

"မဟာနွယ်ကေရိန်.. ဒီတစ်ခါရှင့်အလှည့်ပဲဆိုတာ သိထားပါ"



www.burmeseclassic.com

www.burmeseclassic.com

ဘဝင် အိမ်ထဲသို့လှမ်းအဝင်

"ဟင်..."

မေမေကြီး ခေါ်မြဲဝတ်မာလာနှင့်ဘဝင်တွေ့ခဲ့ဖူးသော ဦးပဉ္စင်း

ကိုတွေ့လိုက်ရသည်။

"သမီးလေး...လာကွယ်"

ဘဝင်...ဦးပဉ္စင်းစံကို ရှိခိုးဦးချပြီး မေမေကြီးဘေးတွင် ဝင်

ထိုင်လေသည်။

"သမီးလေး ဘဝင်..."

"ရှင်...မေမေကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးဟာ မေမေကြီးအတွက် သီတာ့ကိုယ်စား ရောက်လာတဲ့ကိုယ်ပွားလေးပါ"

ဒေါ်မြတ်မာလာ၏စကားဂ၏ ဘဝင် နားမရှင်းပေ။

"သမီးလေး နားမရှင်းဘူးနဲ့တူတယ်"

"ဟုတ်ပါတယ်မေမေကြီး"

"ဦးပဥ္စင်းစံထီက သိရတဲ့သီတာရဲ့ရှင်သွေးလေးဟာ ပေဟာဒီ သမီးလေးပဲ"

"ရှင်...မေမေကြီး"

"ဟုတ်တယ် အကာမလေး။ ဦးပဥ္စင်း ကပ္ပိယဘဝတုန်းက သမီးလေး ပထမမွေးစားဖေဖေနဲ့မေမေက ဘုန်းဘုန်းတို့ကျောင်းကို ရောက်လာပြီး သမီးလေးကို မြင်မြင်ချင်း သံယောဇဉ်ဖြစ်တာနဲ့ မွေးစားဖို့တောင်းခဲ့တယ်၊ ဆရာတော်ကြီးကလည်း သမီးလေးတို့ကောင်းမွန်စွာကျွေးမွေးစောင့်ရှောက်မယ့်သူလက်ထဲကိုရောက်ဟာပဲဆိုပြီး မွေးစားခွင့်ပြုလိုက်တယ်၊ ဒါပေမယ့် သမီးလေး ဖေဖေနဲ့ မေမေကို တော့ ဆရာတော်ဘုရားက အဆက်အသွယ်မပြတ်ခဲ့ပါဘူး။ အပြီ



www.burmeseclassic.com

www.burmeseclassic.com



တမ်း သတင်းစုံစမ်းနိုင်းခဲ့ပါတယ်"

"သမီးလေး ဇေဇေနဲ့ မေမေ ဆုံးပါးသွားပြီး နောက်တစ်

ယောက်လက်ထဲကို ရောက်သွားချိန်မှာ ဆရာတော်ဘုရား ကျွန်း

ရေးကြောင့် ဦးပဥ္စင်းလည်း အောက်ပိုင်း အကြောဲခသေရောဂါကြောင့်

အဆက်အသွယ်ပြတ်ခဲ့ရတယ်၊ ဒကာမကြီး မြတ်မာလာက သမီးလေး

နဲ့ပတ်သက်ပြီး စုံစမ်းပေးဖို့ အကူအညီတောင်းတာနဲ့ ဦးပဥ္စင်း စုံစမ်း

တော့ ဒေါ်သွယ်ဆိုတဲ့ အမျိုးသမီးတစ်ဦးက နောက်ဆုံးမွေးစားဖို့ ခေါ်

သွားတယ်ဆိုတာကို သိခဲ့ရတယ်"

"တိုက်တိုက်ဆိုင်ဆိုင် မေမေကြီးတို့ဘဝထဲကိုရောက်လာ

တာဟာ မေမေကြီးနဲ့ သီတာတို့ရဲ့ သစ္စာတရားကြောင့်ပဲ ဆိုရမှာပေါ့

ကွယ်၊ ဒီနေ့ ဒီရက်ကစပြီး သမီးလေးဟာ မေမေကြီးတို့ဘဝထဲက

ဘယ်မှ ထွက်ခွာမသွားရတော့ဘူး"

"ရှင်..."

"မေမေကြီး သမီးမွေးစားမိခင်နဲ့တွေ့ပြီးပါပြီ"

"ဟင်..."

"သူကလည်း သမီးလေးဘဝရှေ့ရေးအတွက် ခွင့်ပြုလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီကွယ်"

ဘဝင် ဘယ်လိုမှ မယုံနိုင်စရာဖြစ်ခဲ့ရတော့သည်၊

"သမီးလေးမေမေကြီးတို့နဲ့ နေမှာမဟုတ်လား"

"ဟုတ်...ဟုတ်တဲ့"

ဘဝင် ဒီအိမ်ကြီးကိုရောက်ခဲ့သော ရည်ရွယ်ချက်ကတစ်

မျိုးဖြစ်ပျက်နေမှုတွေက တစ်မျိုးဖြစ်နေလေပြီ၊

အိပ်မက်ဆန်စွာ ပြောင်းလဲသွားသော သူမဘဝကို အံ့ဩ

ခြင်းဖြင့် မျက်ရည်လေးတွေ ဝဲခဲ့ပြီး၊

"တီ...တီ...ကလင်..."

တယ်လီဖုန်းလာနေသဖြင့် ဘဝင်သွားပြီးကိုင်လိုက်တော့

"မဘဝင်နဲ့သာများလား"

"ဟုတ်ပါတယ်ရှင်၊ ဘယ်သူလဲ"

"ကျွန်မအသံကိုတောင် မမှတ်မိတော့ဘူးလား ဒေါ်ဘဝင်

ရယ်"

ဘဝင်နားထဲတွင် ထိုစကားပြောသံကို ရိုပ်မိလိုက်သည်၊

"မဟာနွယ်စောနီ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်တော်သွားပြီ"

"ဘာကိစ္စလဲ၊ အစ်ကိုမဏ္ဍိုင် ပြန်ပြီးမရောက်သေးဘူး"

"ခုငါစကားပြောချင်တာ မဏ္ဍိုင်နဲ့မဟုတ်ဘူးနင်နဲ့"

"နင်နဲ့ငါ့ကြားမှာ ဘာစကားမှ ပြောစရာမရှိဘူး တော်ရီ"

"နင်မရှိပေမယ့် ငါကတော့ရှိနေတယ် ဘဝင်နံ့သာ၊ နင်

မဏ္ဍိုင်အိမ်ကြီးကို ဘာရည်ရွယ်ချက်နဲ့ လာသလဲဆိုတာ နင့်ကိုယ်နှ

သိမှာပေါ့"

"ဟုတ်ပါတယ်၊ နင်သိနေတဲ့ရည်ရွယ်ချက်က မှန်တယ်၊ ဒါ

မယ့် ခုမဟုတ်တော့ဘူးဆိုတာတော့ နင်သိထားတော်ရီ"

"ဟားဟားဟား... ရယ်စရာစကားတွေ သိပ်ပြီးပြောတ

တာ ကိုး၊ ထားလိုက်ပါလေ၊ နင့်ကို နာမည်လေးတစ်ခုပဲ ပြောပြမ

နားထောင်ကြည့်၊ ဦးကောင်းလှဆိုတဲ့သူတော့ နင်သိနေမှာပေါ့"

"ဟင်..."

ဘဝင်၏မာယာထောင်ချောက်ဖြင့်လှည့်စားခဲ့သော

မှ ရုတ်တရက်နှုန်သည်

"ဒါလောက်ဆို နင်သဘောပေါက်လောက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာသဘောနဲ့ငြိမ်းချောက်နေတာလဲ"

"နင်နဲ့ ဒီကိစ္စကို စကားတွေ ပြောချင်တယ်၊ နင်လာခဲ့ရင် နှင်းအတွက် အကျိုးရှိစေရမယ်၊ မလာခဲ့ရင်တော့ ငါ့ဘက်က ဘာလုပ်မယ်ဆိုတာကိုပြောမပြတော့ဘူး ဒေါ်ဘဝင်"

"ကောင်းပြီ..ငါလာခဲ့မယ်"

"ဒါဆို (× × × × ×, × × × ×) ကို ညနေ (၃း၀၀)နာရီ အရောက်လာခဲ့ပါ"

တစ်ဖက်မှ ဖုန်းချသွားပြီး ဘဝင်နာရီကို ကြည့်လိုက်တော့ (၂း၀၀) နာရီထိုးနေပြီဖြစ်သောကြောင့် ကေရီနှင့်ဘဝင်တို့၏ ဖဝင်သိမ်းစနစ်ကို ကရစေတော့မည်ဖြစ်သည်။

"သမီး ဘယ်ကလဲကွယ်"

"ဆရာမ ဆီကပါ"

"ဪ..ဒေါက်တာဆီကလား"

"ဟုတ်ပါတယ် မေမေကြီး"

"ဘာကိစ္စများလဲကွယ်"

"အရေးပေါ်လူနာတစ်ဦးဆီကို သွားဖို့ခေါ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သွားလေကွယ်"

"ဟုတ်ကဲ့ မေမေကြီး"

ဘဝင် အခန်းထဲသို့ဝင်ကာ သူမ၏ အိတ်ဆောင်စားပြောင်ကို သေချာစွာ အိတ်ထဲသို့ထည့်ပြီး ဘဝင် စီးရန်ပေးထားသောကားနှင့် ကောရီ ရှိန်းဆိုထားသောနေရာဆီသို့ မောင်းလာခဲ့တော့သည်။

ရှစ်မိုင်ဘက်က မြို့ကြီးတစ်မြို့ကိုပင်ဖြစ်သည်။

ဘဝင်ချစ်သောသူအတွက် ယုတ်မာကောက်ကျစ်သော မဟာနယ်ကောရီလက်ထဲမှ အပြီးသတ် ခွဲထုတ်ရမည့်ပွဲပင်ဖြစ်သည်။

ရှိန်းဆိုထားသော မြို့ဝန်းကြီးထဲသို့ ကားလေးဝင်လာခဲ့စဉ် အိမ်ရှေ့တွင် ဘဝင်ကို ရပ်ပြီးစောင့်နေသူက ကောရီ။

"မင်း ကတိတည်ရဲ့ ဘဲ"

"မင်းစကားအပိုတွေ ပြောမနေနဲ့ ကောအင်ရှိနှင်းပဲပြော"

"ထနေတွေ မစောယ်နဲ့ ဘဝင်ရယ်၊ အိမ်ထဲဝင်ပါဦး"

ဘဝင် ပိုက်ဆံအိတ်ထဲမှာထည့်ထားသောဓားကို အသင့်ပုံမျိုးပြင်ထားပြီး ကောရီခေါ်ဆောင်သည့်နောက်ကို လိုက်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်.."

ဘဝင် မျက်လုံးကောကြည့်လိုက်တော့ အိမ်ထဲတွင် ကေရီ
စ်ယောက်တည်းမဟုတ် တခြားသူတွေပါ ရှိနေသူကို သတိပြုမိ
လိုက်သည်။

"မင်းနဲ့ငါ အပေးအယူ လုပ်ရအောင် ဘဝင်"

အပေးအယူဆိုသော စကားကိုကြားရင်းအိမ်ခင်သူကို ကေရီ
အပေးအယူဖြင့် ရက်စက်ခဲ့သည်ကို သတိရမိသည်။

"ဘာကိုငါက အပေးအယူလုပ်ရမှာလဲ"

"မင်း မက္ကိုင်ဘေးက ထွက်ခွာပေးရင် သိန်း (၁၀၀) ပေး
ယ်"

"သိန်းထောင်ပေါင်းများစွာ ပိုင်ဆိုင်ထားတဲ့ မီလျံနာ တစ်
ယောက်ဘေးက သိန်း(၁၀၀)လောက်ငွေလေးနဲ့ စွန့်ခွာရတာ မတန်
လိုက်ဘာ"

"မင်းက ဘယ်လောက်လိုချင်လဲ"

"ဖြစ်နိုင်ရင် အကုန်လုံးကို ယူချင်တယ်"

"ဘာ.."



www.burmeseclassic.com

www.burmeseclassic.com



"ကေရိုနှင့်လက်ထဲကိုအစ်ကိုမဂျိုင်ရောက်လိမ့်မယ်လို့နှင်း မျှော်လင့်နေလား။ မရတော့ဘူး"

"ဟုတ်တယ်စုဆိုရင်ငါ့ကိုမဂျိုင်ဆိုတဲ့ကောင်က လက်မခံ တော့ဘူး။ အဲဒါ နှင့်ကြောင့် ကေရိုဘဝမှာ လိုချင်တာကို မရ ရအောင် ယူတတ်တယ်ဆိုတာ နင်းသိထား"

"နှင့်ဘဝမှာ ဘာတွေပဲယူခဲ့ယူခဲ့ ကိုမဂျိုင်ကို မရစေရဘူး"

"ကိုကိုလတ်"

"နှယ်.."

"ဒီဟာမကိုဘာလုပ်မလဲ"

"ရှင်းပစ်လိုက်ရုံပဲ ရှိတော့တယ်၊ လောလောဆယ်တော့ ဗိုလ် အခန်းလေးထဲမှာ စောင့်တော့ သိမ်းထားရမှာပဲ"

"အလုပ်ရှုပ်ခံလို့ကိုကိုလတ်ရယ်၊ တစ်ခါတည်းရှင်းလိုက်ပေါ့"

"နှယ်..မင်းကော်တော်ကိုညှဲ့လွှန်းနေပြီ၊ ဒီကော်..မတို ဘာစာစလုပ်ပြီးဟိုကောင့်ဆီက ငွေညှစ်ရမယ်"

"ကိုကိုလတ်တို့က ဒါမှိုက်တာကြီးမီးပံ အကွက်ကျခဲ့တော့ နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ဆီက ငွေယူပြီးတာနဲ့ နယ်စပ်ကိုထွက်ဖို့ အားလုံး ပြင်ထားပြီးပြီနှယ်ရေ... ဟိုတစ်ဖက်ကိုရောက်မှ နှစ်ယောက်သားကို ကောင်းကောင်းကြီး ပျော်ပွဲနွှဲကြတာပေါ့ ဟားဟားဟား..."

"ကိုကိုလတ် သိပ်ပြီး ဘာဘာတွေမှမနေနဲ့ဦး။ ဟိုကောင့်ဆီကို ဖုန်းဆက်ပြီး လာရွေးခိုင်းတော့"

"အိုကေ..."

ကိုကိုလတ် ဖုန်းကိုကိုင်မည်အပြု...

"ဆက်မနေပါနဲ့ကွာ၊ ငါရောက်နေပါပြီ"

"ဟင်... အစ်ကို မဏ္ဍိုင်..."

"ဟာ..."

"မောင်..."

စောရီ အံ့အားသင့်စွာဖြင့် မဏ္ဍိုင်မြင့်မြတ်ကို ကြည့်နေလေသည်။

"မင်းပါးစပ်က မောင်လို့ခေါ်မနေနဲ့ မဟာနှယ်စောရီ၊ မင်း ရက်စက်ယုတ်မာခဲ့တာတွေ မင်းသိပြီးပါပြီ"

"မောင်ဘာတွေပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်စင်သူကိုပါနဲ့ကွဲခဲ့အောင် မင်း အကျွပ်ကိုင်လုပ်ခဲ့တာ တွေကိုပါ"

"ဟင်.."

"မင်းရဲ့ကိုကိုလသင်ဘာတွေဖြစ်ခဲ့သလဲဆိုတာ ဒီမှာတွေ့လား"

မဂ္ဂိုင်တစ်ပုံတွေကို ဖြန့်ဖြင့်ပေါ်သို့ပစ်ချပေးလိုက် သည်။ ကောရိနှင့်ကိုကိုလသင်တို့ရဲ့ ချစ်ရည်လူးနေသော ဓာတ်ပုံတွေ ပင်ဖြစ်၏။

"မင်း မဟုတ်ဘူးလို့ ငြင်းဦးမလား"

"ငြင်းစရာ မလိုတော့ပါဘူး ရှင်အကုန်လုံးသိပြီဆိုတော့ လည်း ကိုကိုလသင်ပွဲကို အပြီးသတ်လိုက်တော့"

"ဒီမှာတွေ့လား မဂ္ဂိုင်"

"ဟင်.."

"မင်း..မင်း.."

ဘဝင်၏လည်ပင်းကိုကိုကိုလသင် ၏အကြောင်းနှင့်တောက် တာ လက်ပြန်ရှုပ်ထားလိုက်ပြီးနောက်

"မင်း..သံဝေဿာခင့်ဘူးလေးအသက်ကို နခြေဖုံ ငွေသိန်း



www.burmeseclassic.com

www.burmeseclassic.com



ရာကာန်းလောက်ပဲ ရှန့်ကြဲပေးပါကွာ"

"တောက်...မင်းဘယ်လောက်လိုချင်လဲပြော"

"ဟဲဟဲ...သိပ်မများပါဘူး သိန်း(၃၀၀)လောက်ပါ"

"အစ်ကို...မပေးနဲ့...မပေးနဲ့"

"ကောင်းပြီ ရစေရမယ်၊ ကောလေးစောင့်"

မလှိုင်မြင့်မြတ် ဟန်းဖုန်းလေးဖွင့်ပြီး ဖုန်းဆက်ရန်ပြင်ချိန်တွင်

"တဲ..."

"အွတ်..."

"အစ်ကို..."

"ဘဝင်..."

ကိုကိုလတ်ကို ဘဝင် အမှတ်တမဲ့ ကိုယ်လေးမှန့်စေတော့ပြီ၊ ထွန်းကာ မလှိုင်စီသို့ ပြေးခဲ့လေသည်။

"ကောင်မ...သေပေတော့"

"နိုင်း..."

"အား..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

"တစ်ယောက်မှမလှုပ်နဲ့နော်"

သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ ရောက်ရှိလာပြီး ကိုကိုလတ်နှင့်ကောရီတို့ကိုလက်ထိပ်ခတ်လိုက်သည်။

"သူတို့က ငွေလိမ်လည်မှုနဲ့ ရှောင်ပုန်းနေကြတာ၊ ခုတော့ မပြေးနိုင်တော့ပါဘူး။ သူ့မိခင် ဖေါ်ဒီမိသူကိုလည်း ဖမ်းထားပြီးပါပြီ သွားကြမယ်ဟော့"

မဟာနွယ်ကောရီ သူ့မိုက်ပြစ်ကိုနောက်ဆုံးပေးဆပ်လိုက်ရခြင်း ဖြစ်သည်။ အိမ်ကြီးထဲမှာကျန်ရစ်ခဲ့ကြသော မဂ္ဂိုင်နှင့်ဘဝင်မှာ အိမ်ကြီးအပြင်သို့ထွက်လာရင်း

"အစ်ကို..."

"ဘဝင်ဘာပြောချင်လို့လဲ"

"အစ်ကို့ကို ဘဝင်တောင်းပန်စရာတွေရှိခဲ့သလို ဘဝင်ရဲ့ သမိုင်းကြောင်းမကောင်းခဲ့တာတွေကို ဝန်ခံချင်ပါတယ်"

"ဘာမှမပြောနဲ့တော့"

"ဟင်...ဘာဖြစ်လို့လဲအစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကို အန်တီသွယ်က အကြောင်းစုံပြောပြလိုက်ပြီလေ၊ အန်တီသွယ်ဆီကိုသွားတုန်းက ကိုယ်ပါသွားခဲ့တာ"

"ရှင်..."

"ဘဝင်ဘဝမှာ ပြေးလွှားခဲ့ရတဲ့မာယာလမ်းပေါ်ကနေ ရှုန်းထွက်ခဲ့ပြီးရင် ဘဝင်ဘဝဟာ ကောင်းသေသာနေ့ရက်တွေကို ရောက်ပြီလို့ သဘောထားတော့"

"ဘဝင်...အစ်ကိုနားမှာ ထာဝရနေခွင့်ရှိပြီပေါ့နော်"

"ထာဝရများစွာ နေခွင့်ပြုပါတယ် ဗျာ"

BURMESE CLASSIC

"ဘဝင်နောက်ကို ဘယ်လိုလှုပ်ပြီးလိုက်လာတာလဲ"

"အန်တီသွယ်ဆီက ဖုန်းလှမ်းဆက်ပြီး သတင်းပို့တာနဲ့ ကိုယ်လည်း သက်ဆိုင်ရာကိုအကြောင်းကြားပြီးလိုက်ခဲ့တာ၊ ပြော်... ဘဝင်ကိုပြောရဦးမယ်"

"ဘာများလဲ အစ်ကို"

"မေမေက ကိုယ့်ကိုပြောလိုက်တယ်၊ ဘဝင်နဲ့ကိုယ့်ကို လက်ထပ်ပေးပြီး သူငယ်ချင်းအတွက် ထာဝရကမ္ဘာလေး တည်ဆောက်ပေးချင်တယ်တဲ့"

www.burmeseclassic.com

"ရှင်.."

"ဘဝင်.."

"အစ်ကို.."

"ဘယ်လိုဆုံးဖြတ်မှာလဲ"

"ဘဝင်..တောရိုင်းလာတဲ့မရောက်အောင်ကြိုးစားတော"

"ကိုယ့်ကိုချစ်လို့ပေါ့"

"သွား..မပတ်ဘူး မုန်းလို့ မုန်းလို့"

မဂျိုင်မြိုင်မြတ် ရင်ခွင်လေးကိုဖြည်းညှင်းစွာတုပြီး ရင်ခွင်ထဲသို့တိုးဝင်လိုက်မိတော့သည်။

ပရိသတ်များကိုအစဉ်လေးစားလျက်

ရွှေသဝင်